www.burmeseclassic.com

တက္ကသိုလ်

# နှောပင့်ဝေဘောင်

## အရိုးဖြူဂိုဏ်း
## သွေးနီအရှိုင်း

စာစဉ် (၃)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
နေလင်းအောင်

# အရှုံးဖြူ့ဂိုလ်ဟ်းသွေးနီအရိုင်း

(စာစဉ်–၃)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူမှတ်ပုံတင်ပြုချက်အမှတ် ၅၀၀၈၇၈၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၀၁၀၁၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

## အခန်း(၃၀)

## အစပါင်းစင်မရှေသောအချစ်အမုန်း

ယန်စီကျူးမှာ နေ့လယ်တိုင်း ရောက်ရှိလာ၏။

အမြဲတစေ ညနေစောင်းမှသာ ပြန်သည်။

ရုံဖန်ရုံခါ ဟန်ချုံဖုနှင့် သိုင်းကွက်များ လေ့ကျင့်သည်။

သို့သော် ....

တစ်ရက်မျှ ဟန်စုချင်အား မတွေ့ရချေ။ ဟန်စုချင်သည် ယန်စီကျူးနှင့် မတွေ့အောင် လုံးဝရှောင်နေလေ၏။

ထို့ကြောင့် ....

ယန်စီကျူးမှာ ပို၍မချင့်မရဲ ဖြစ်လာလေတော့သည်။

ခက်ခဲလေလေ ရယူလိုစိတ်က များလေလေ ဖြစ်လာလေသည်။

ဤကား လူတို့၏ သဘာဝပေတည်း။ လူဟူသည်မှာ ခက်ခဲသည်ကိုမှ ပို၍လိုချင်ကြသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ယန်စီကျူး၏ အချစ်မီးသည် အသည်းနှလုံးကိုသာမက သူ့ဦးနှောက်ကိုပါ လောင်မြိုက်စ ပြုလာတော့သည်။

ယန်စီကျူးမှာ သူ၏အခြေအနေကို သူ အားမရပါ။ အခြေအနေသည် လုံးဝတိုးတက်မှု မရှိခဲ့ချေ။

ဤအတိုင်း သူ စောင့်လာခဲ့ရသည်မှာလည်း အချိန်မနည်းတော့ပေ။ တစ်နှစ်ခန့်ပင် ရှိသွားခဲ့လေပြီ။

ယန်စီကျူးတို့ထက် ပို၍မစောင့်နိုင်တော့ပေ။

တစ်နေ့တွင် ဖခင်ဖြစ်သူအား နားဖောက်ပေးရန် တောင်းပန်ရတော့သည်။

"ဖေဖေ သားအတွက် ကိစ္စကို ပြောပေးဖို့ သင့်ပြီထင်တယ်"

"ပြောပေးတာက မခက်ပါဘူး .... မင်းတို့ခြင်း အဆင်ပြေဖို့က ပိုလိုပါတယ် .... အဆင်ပြေအောင်ကော လုပ်ပြီးပြီလား"

"အဆင်ပြေဖို့နေနေသာသာ တစ်ခါမှတောင် လူချင်းမတွေ့ရပါဘူး၊ သူက သားကို ရှောင်နေတယ်၊ လုံးဝကို ရှောင်နေတာ"

ယန်ပုကျွမ်က ရယ်သည်။

"အဘိုးကြီး အခြေအနေကရော"

"အဘိုးကြီးကတော့ ကျွန်တော့်ကို တော်တော်သဘောကျပါတယ်၊ သူ့စိတ်တိုင်းကျ နေပြထားတာကိုး၊ သူက သားသိုင်းပညာ စိတ်ဝင်စားတာကိုလည်း သဘောကျတယ်"

ယန်ပုကျွမ်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ပြီးမှ ....

သူက သားဖြစ်သူအား ကတိပေးလိုက်လေသည်။



"ဒါဆိုရင် ဖေဖေ နောက်တစ်နေ့မှာပဲ သားတို့ကိစ္စကို ဖွင့်ပြောလိုက်ပါ့မယ်၊ သား ဘာမှ စိတ်ပူမနေနဲ့"

ယန်ပုကျွမ်က .... ဤသို့ ကတိပေးခြင်းမှာ သားဖြစ်သူ အနေအထိုင်မှန်ပြီး ဟောဒ့ရမ်းဆိုးသွမ်းခြင်းမရှိတော့သောကြောင့် ဖြစ်၏။

ဤမိန်းကလေးနှင့်ညားသွားလျှင် သူ့သား လုံးဝ လိမ္မာသွားလိမ့်မည်ဟု သူ ယုံကြည်ခဲ့ပေသည်။

ယန်ပုကျွမ်သည် ဟန်ဂို၏ဂေဟာသို့ သွား၏။

သူသည် ဟန်ဂို၏ စိတ်နေစိတ်ထားကို တစ်ထစ်ချ မခန့်မှန်းရဲသဖြင့် တရားဝင်စကား ပြောခြင်းထက် မေးမြန်း တီးခေါက်ခြင်းက ကောင်းသည်ဟု ယုံကြည်၏။

ထို့ကြောင့် သာမန်စကားဝိုင်းအနေဖြင့်သာ ပြောသည်။

"နောင်ကြီး .... နောင်ကြီးရဲ့သမီးကို ရည်ရွယ်ထားတဲ့လူများ ရှိနေပြီလား"

ဟန်ဂို ကြောင်သွား၏။

ယန်ပုကျွမ်သည် သားရေးသမီးရေး ကိစ္စကို တစ်ကြိမ်တစ်ခါမျှ မပြောဘူးသောကြောင့်ပေတည်း။

"မရှိပါဘူး၊ ဘာဖြစ်လို့"

ယန်ပုကျွမ်က ....

"နောင်ကြီးသမီးအတွက် ရည်ရွယ်ထားတဲ့သူ မရှိသေးဘူးဆိုရင် ကျွန်တော့်သားနဲ့ နေရာချပေးချင်ပါတယ် .... နောင်ကြီးရဲ့သဘောက ဘယ်လိုများရှိသလဲ မသိဘူး .... "

ဟန်ဂိုမှာ ငိုင်သွား၏။

www.burmeseclassic.com



ဤကိစ္စကို သူ တစ်ကြိမ်တစ်ခါမျှ မစဉ်းစားခဲ့ဘူးပါ။ ထို့ကြောင့် အရက်ခွက်ကိုကိုင်ကာ တွေဝေသွားသည်။

ယန်ပုကျွမ်မှာ ဟန်ဂို၏အမူအရာကိုကြည့်ပြီး စိတ်ဓာတ်ကျသွား၏။

သို့သော် ....

ကုန်သည်ဖြစ်စေ သူသည် သူ့စိတ်တွင်းမှအရာကို မျက်နှာ၌ မပေါ်စေခဲ့ပါ။

"နောင်ကြီး .... ကျွန်တော့်သားကို အစ်ကိုကြီးရဲ့သမီးနဲ့ မတန်ဘူးထင်လို့များလား ခင်ဗျာ၊ ကျွန်တော်တို့က ညီအစ်ကိုလိုခင်နေတဲ့ လူတွေပဲ၊ အားမနာပါနဲ့၊ ပြောသာပြောပါ"

ဟန်ဂိုက ခေါင်းခါယမ်းလိုက်ပြီး ....

"မဟုတ်ပါဘူး၊ တို့က မိတ်ဆွေတွေပဲ၊ ငါ သိသလောက်ကတော့ ငါ့ရဲ့သမီးဟာ မင်းရဲ့သားနဲ့ ခင်မင်ရင်းနှီးမှု မရှိဘူး။ ဒီတော့ သူ လက်ခံမှာ မဟုတ်ဘူးလို့ထင်လို့ပါ .... သူတို့ချင်းစကားပြောတာ ငါ တစ်ခါမှ မတွေ့ဖူးဘူး"

ယန်ပုကျွမ်က ရယ်လိုက်၏။

"နောင်ကြီးရဲ့စိတ်ထားက သိပ်ထူးဆန်းတာကိုး၊ သားသမီး အိမ်ထောင်ရေးဟာ မိဘတို့စီမံပိုင်ခွင့်ရှိတာပဲ မဟုတ်လား၊ နောင်ကြီး သဘောတူရင် ပြီးတာပဲဥစ္စာ၊ ဒီကိစ္စက ရှုပ်ထွေးနေရမယ့်ကိစ္စမဟုတ်ပါဘူး ...."

ဟန်ဂိုက သက်ပြင်းချလိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သမီးကို အတင်းအကျပ်



မိုင်းချင်လို့ သူ့ရဲ့သဘောထားကို မေးကြည့်ပါရစေဦး။ ငါက သမီး စိတ်ချမ်းသာတာကိုပဲ လိုချင်တယ်၊ သူ သဘောမကျတဲ့အလုပ်ဆိုရင် ဘာမှ မလုပ်စေချင်ဘူး"

ယန်ပုကျွမ် ဘာမျှ မပြောနိုင်တော့ပါ။

ဟန်ဂိုသည် သူ၏သမီး ဟန်စုချင်ကို အလွန်ချစ်မြတ်နိုး ကြောင်း သူ သိသည်။

ထို့ကြောင့် သူက အတင်းဆက်မပြောတော့ချေ။ ထို့နောက် ဟန်ဂိုကို ဂါရဝပြုပြီး ပြန်သွားခဲ့လေ၏။

ဟန်ဂိုသည် သမီးဖြစ်သူအားခေါ်၍ အကျိုးအကြောင်း ပြောပြ၏။

သူသည် သမီးဖြစ်သူအား ဆက်ဆံရာ၌ သားသမီးအနေအထားထက် သူငယ်ချင်းတစ်ယောက်ကို တိုင်ပင်သကဲ့သို့ အေးဆေးစွာပြောပြခြင်း ဖြစ်သည်။

ဟန်စုချင်သည် ထိုအခါကျမှ ယန်စီကျူးနှင့် သူမ မည်သို့ စတင်တွေ့ဆုံခဲ့ပုံကို ပြောပြ၏။

ထိုအချိန်က ဖခင်၏စကားကို နားမထောင်ဘဲ တောလိုက်ထွက်ခဲ့သည့်အဖြစ်ကိုလည်း ခွင့်လွှတ်ရန် တောင်းပန်လေ၏။

"ဒါက .... အဖြစ်ရယ်လို့ သတ်မှတ်နိုင်တာမှ မဟုတ်ဘဲ သမီးရယ် ...."

ဟန်ဂိုက ပြုံး၍ ပြောသည်။

ထိုအခါ ဟန်စုချင်က မရှိုးပြီး ပြုံးလေ၏။

"ဖေဖေ .... ဒီအခြေအနေကို တစ်နေ့ ဆိုက်လာလိမ့်မယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ သမီးက တွေးပြီးပါပြီ ... ဘာဖြစ်လို့လဲဆိုတော့ သူတို့က အကြံနဲ့ ဒီကိုလာကြတာ မဟုတ်လား ... ဖေဖေ သူတို့အကြောင်း ဘယ်လောက်သိလို့လဲ ....”

ဟန်ဂိုက ခေါင်းကို ခါယမ်းလိုက်၏။

“သမီးကရော ဘယ်လောက်များ သိလို့လဲ”

“ဒီလူဟာ သောက်စားမူးရူးနေတဲ့ လူဘော်ကျော့ပါ၊ တန်ဖိုးရှိတဲ့လူ မဟုတ်ပါဘူး”

“သမီး မှားနေပြီ၊ ဖေဖေ့ရှေ့မှာနေလာတာ တစ်နှစ်ကျော်ပြီ၊ သူ တစ်ခါမှ အမှားမလုပ်သေးဘူး၊ သမီးက သူ့အကြောင်းသိလို့လား၊ ဘယ်ကကြားတာလဲ၊ သူများစကားကို မယုံပါနဲ့”

ဟန်စုချင်သည် ယန်စီကျူက သူများ သားသမီးများကို စော်ကားပုံ၊ အပျော်မယား၊ ကြေးတန်းစားမယ်တို့နှင့်လည်း မလွတ်ကင်းပုံကို ကြားသိသမျှ အကုန်ပြောပြလိုက်၏။

ဟန်ဂိုက ရယ်မောကာ ....

“သမီးကိုယ်တိုင် တစ်ခုမှ မသိပါဘူး၊ သူ့ကိုမွှေတယ်၊ ရှုပ်တယ်လို့ စွပ်စွဲလို့ ဘယ်ရမလဲ၊ ဖေဖေကြည့်ရတာတော့ ဒီသူငယ်က မဆိုးပါဘူး၊ သမီးစဉ်းစားပါဦး”

ဟန်စုချင်က ပြတ်သားသော လေသံဖြင့်ပြော၏။

“သမီး စဉ်းကို မစဉ်းစားနိုင်ဘူး”

ဟန်ဂိုက မျက်နှာထားတင်းမာသွားပြီး ....

“သမီးက လူတစ်ဘက်သားကို အရမ်းမစွပ်စွဲပါနဲ့၊ ကိုယ့်စိတ်နဲ့ အခန့်မသင့်တာတစ်ခုတည်းနဲ့ အပြစ်ပြောတာတော့ ဖေဖေသဘော



မကျဘူး၊ စဉ်းစားဦး၊ အကျိုးအကြောင်းနဲ့ ငြင်းနိုင်ရင် ဖေဖေ ဘာမှ အတင်းအကျပ် မလုပ်ဘူး”

ဟန်စုချင်က မျက်မှောင်ကုတ်သွား၏။

သူ၏ဖခင်မှာ ယန်စီကျူအား သူနှင့်သဘောတူချင်နေမှန်း ရိပ်စားမိလိုက်သည်။

ယန်စီကျူသည် သူ့ဖခင်ရှေ့၌ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးဘဲ့သို့ နေနိုင်စွမ်းလည်း ရှိခဲ့သည်ကိုး။

သူမက အကြောက်အကန်ငြင်းဆန်လျှင် မည်သို့ဖြစ်လာမည်နည်း။

အတင်းအကျပ် စီမံလာလျှင် သူမ မည်သို့လုပ်ရပါမည်နည်း။

ဟန်စုချင်က အလျင်အမြန် စဉ်းစားလိုက်ပြီး ....

“ကောင်းပါပြီ ဖေဖေ၊ ယန်စီကျူကို ကျွန်မနဲ့သိုင်းပညာပြိုင်နိုင်းပါ ဖေဖေ၊ ကျွန်မကိုနိုင်ရင် ကျွန်မက လက်ခံမယ်လို့ပြောလိုက်ပါ”

ဟန်စုချင် ဒါပဲ ပြောသည်။

ဟန်ဂိုမှာ စိတ်ရှုပ်သွား၏။

ဤအခြေအနေမျိုးမှာ သဘာဝကျသော အခြေအနေမျိုး မဟုတ်ပါ။

သို့သော် ထိုအကြံအတိုင်း ယန်ပုကျွမ်ကို အကြောင်းပြန်သည်။

ယန်ပုကျွမ်တို့ လက်ခံလျှင် ဤအတိုင်းဖြစ်စေတော့။

လက်မခံလျှင်လည်း ပျက်စေတော့ဟု သူ နောက်ဆုံး ဆုံးဖြတ်လိုက်လေ၏။

ဟန်စုချင်သည် ထိုအကြောင်းများကို မောင်ဖြစ်သူ ဟန်ချူဖု

www.burmeseclassic.com



အား ပြန်လည်ပြောရာ ဟန်ချုံဖုသည် ဟန်စုချင်၏အကြံဉာဏ် များ ယွင်းကြောင်း ပြောလေတော့၏။

"မမ ဒီလို မပြောသင့်ဘူး"

"ဘာဖြစ်လို့လဲ၊ ငါ့အဖို့ ဒီနည်းပဲရှိတော့တယ်"

ဟန်ချုံဖုက ....

"မမက ယန်စီကျူကို သဘောမကျရင် သဘောမကျဘူးလို့ အပြတ် ငြင်းလိုက်ပေါ့။ ဘာလို့ သိုင်းပြိုင်ရမှာလဲ၊ ဘကြီးက မမကို အတင်းအဓမ္မပေးစားမှာ မဟုတ်ပါဘူး"

"မင်း မသိဘူး .... ဖေဖေက ဒီကောင်ကို သဘောကျနေတာ၊ ငါက နှုတ်ငြင်းရင် ဖေဖေက စိတ်ဆိုးပြီး အတင်းစီမံတော့ ဘယ်လိုလုပ်မလဲ .... ဒါကြောင့် ငါက သိုင်းပြိုင်မယ်လို့ပြောလိုက်ရတာ .... ဒီကောင်ကို ငါ ကောင်းကောင်းဆုံးမမယ်၊ သူတစ်ပါး သားသမီးကို စော်ကား ဖျက်ဆီးချင်တဲ့ကောင်ကို မှတ်လောက် သားလောက်အောင် ဆုံးမ လိုက်မယ် .... "

ဟန်ချုံဖုက သက်ပြင်းချရင်း ....

"မမ တွက်ကိန်းမှားနေပြီ"

"ဘာဖြစ်လို့လဲ .... "

"သူက ဘကြီးရဲ့သိုင်းပညာကို လေးလနီးပါးလောက် သင်ထား တာ၊ ဒီတော့ သိုင်းကွက်တွေ သိနေပြီ၊ မမက အဲဒီသိုင်းကွက်တွေနဲ့ပဲ သူ့ကိုတိုက်ရမှာ"

"သိုင်းကွက်သိတော့ကော ဘာဖြစ်သလဲ"

"ဒီကောင်ဟာ အကျင့်သာ မကောင်းပေမယ့် သိုင်းပညာကျ



တော့ မဆိုးဘူး .... ကျွန်တော်နဲ့ လေ့ကျင့်တုန်းက သူဟာ အတွင်း အား တော်တော်ကောင်းတာ သိခဲ့ရတယ် .... မမ သူ့ကိုနိုင်မှာ မဟုတ် ဘူး .... "

ဟန်စုချင်မှာ ထိုစကားကြောင့် ငိုင်သွားရသည်။

သူမက ယန်စီကျူမှာ သာမန်လောက်သာ သိုင်းပညာတတ် ကျွမ်းမည်ဟု ထင်မှတ်ခဲ့သည်။

ယခုမူ သူမအထင်အမှားကြီး မှားခဲ့လေပြီ။

ဟန်ချုံဖုသည် ချင့်ချိန် နိုင်းဆတတ်သူဖြစ်၍ ဟန်ချုံဖု၏ စကားမှာ မှန်နိုင်ပေသည်။

သူမသာ ရှုံးနိမ့်ခဲ့လျှင် ဟန်စုချင်မှာ ဆက်မတွေးရဲပါ။ သူမ သက်ပြင်းချလိုက်မိ၏။

"ငါ အစောကြီးကတည်းက ငြင်းလိုက်ရင် ကောင်းသား၊ အခု ဘယ်လိုလုပ်ရမလဲ၊ ငါ့ကို အကြံကလေး ဘာလေးပေးပါဦး"

ဟန်ချုံဖုက စဉ်းစားလိုက်ပြီး ....

"ကျွန်တော် အကြံရပြီ"

"ဘာလဲ .... လက်နက်ပုန်းသုံးဖို့လား"

ဟန်ချုံဖုက ....

"ဘကြီးဟာ လက်နက်ပုန်းသုံးတာကို မကြိုက်ဘူးမသုံးနဲ့"

"ဒါဆို ဘာလုပ်ရမှာလဲ"

"မမမှာ ဓားတိုးမပေါက်တဲ့ ရွှေမှင်အင်္ကျီရှိတယ် မဟုတ်လား"

"ရှိတယ်၊ အဲဒါ ဘာဖြစ်သလဲ"

"ယန်စီကျူဟာ အတွင်းအားကောင်းတယ် .... ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မမသာ ရွှေမှင်အင်္ကျီဝတ်ထားရင် ဘာမှထိနိုက်မှာ မဟုတ်ဘူး .... မမက သူ့တိုက်ကွက်ကို တစ်ကွက်မရှောင်ဘဲ အယိခံလိုက်ပါ .... ပြီးတော့ တစ်ဆက်တည်း သူ့ကိုအနိုင်တိုက်ပေါ့၊ ကိုယ်က အသေခံ ရင်ဖွင့်တိုက်ရင် သူ မခံနိုင်ပါဘူး .... နောက်ပြီး သူက မမကို ဒဏ်ရာရအောင် တိုက်ခိုက်မှာမဟုတ်တာ သေချာတယ် ....”

ဟန်စုချင်က ခေါင်းညိတ်လိုက်၏။

“မင်းအကြံကောင်းတယ် .... ငါ့မှာလည်း ဖိနပ်တစ်စုံ ရှိသေးတယ် ....”

“ဘာဖိနပ်လဲ”

“ဓားချွန်ဝှက်ထားတဲ့ ဖိနပ်”

ဟန်ချုံဖုက ရယ်မောကာ ....

“ဒါဆိုရင် မမနိုင်ဖို့သေချာပါပြီ၊ ဟား ဟား ဟား ဒါပေမယ့် ဘကြီးက သဘောကျမှ ကျပါ့မလား မသိဘူး”

နောက်သုံးရက်အကြာ ....

နံနက်ပိုင်းအချိန်၌ ယန်ပုကျွမ်တို့သားအဖမှာ ပြုံးရွှင်စွာဖြင့် ရောက်ရှိလာသည်။

ယန်ပုကျွမ်သည် ရယ်မောကာ ....

“နောင်ကြီးရဲ့သမီးက သိုင်းပညာယှဉ်ပြိုင်ပြီး ခင်ပွန်းရွေးမယ်ဆိုတာ တကယ်ပဲလား ....”

ဟန်ဂိုမှာ သမီးဖြစ်သူ၏လုပ်ရပ်အတွက် မျက်နှာမကောင်းလှပါ။

သူသည် မချိပြုံး ပြုံးပြကာ ခေါင်းညိတ်ပြလိုက်ရသည်။



ယခု ယန်ပုကျွမ်တို့သားအဖ ရောက်ရှိလာလေပြီ။

သိုင်းပညာ ယှဉ်ပြိုင်ကြတော့မည်။

မပြုလုပ်ဘူးသေးသော သတို့သားရွေးပွဲပင်။

ဟန်ဂိုက သူတို့သားအဖကို ဧည့်ခံရသည်။

ထို့နောက် သမီးဖြစ်သူအား ခေါ်လိုက်ရသည်။

မကြာမီပင် ....

ဟန်စုချင်နှင့် ဟန်ချုံဖုတို့ ရောက်ရှိလာ၏။

ယန်စီကျူမှာ ဟန်စုချင်အား တွေ့သောအခါ မျက်နှာတစ်ခုလုံး ပြုံးရွှင်သွား၏။

သည်တစ်ကြိမ်တွင်တော့ ဟန်စုချင်ကို သူ သေချာပေါက်ရပြီဟု တွက်လိုက်သည်။

ဟန်စုချင်သည် အစိမ်းရောင် သိုင်းဝတ်စုံကို ဝတ်ဆင်ထား၏။

ထိုဝတ်စုံသည် သူမ၏စိတ်ကြိုက်ဝတ်စုံပင်။

ခါးတွင် အနီရောင် ပဝါကိုချည်နှောင်ထားသဖြင့် သူမ၏ ဖြူသောအသားမှာ ပို၍လွင်လာ၏။

ထို့ပြင် ....

ခေါင်း၌လည်း အဝါရောင် ပဝါတစ်ထည်ကို စုစည်းကာ ချည်ထားသဖြင့် မြင်သူတကာ ငေးလောက်သည့်အလှကို အထူးဖော်ပြသကဲ့သို့ ရှိနေလေတော့၏။

သို့သော် ....

ဟန်စုချင်၏မျက်နှာကို ကြည့်မိသောအခါ ယန်စီကျူမှာ စိတ်ထဲ၌ မသက်မသာကြီး ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်စုချင်၏မျက်နှာမှာ အေးစက်တင်းမာနေသည် မဟုတ်ပါလား။

ဟန်ဂိုက ....

"ကဲ .... သိုင်းပြိုင်ပွဲကိုစကြတာပေါ့၊ ဒီပြိုင်ပွဲမှာ တစ်ယောက်နဲ့တစ်ယောက် ထိရုံဆို လုံလောက်ပါတယ်၊ ဒဏ်ရာ အနာတရဖြစ်အောင် မတိုက်ခိုက်ကြပါနဲ့၊ နှစ်ယောက်စလုံး ငါပြောတာကို သဘောပေါက်ကြ"

ဟန်စုချင်က ဘာမျှမပြောပါ။

ယန်စီကျူက သားအဖနှစ်ယောက်ကို ဦးညွှတ်ဂါရဝပြုလိုက်သည်။

ထို့နောက် ....

ကွက်လပ်ထဲသို့ ဝင်လိုက်သည်။

ဟန်စုချင်နှင့် ယန်စီကျူမှာ ကွက်လပ်အလယ်၌ မျက်နှာချင်းဆိုင် ရပ်မိကြလေ၏။

တိုက်ခိုက်ရန် အဆင်သင့်ဖြစ်နေလေပြီ။

ဟန်စုချင်က လက်ဝါးကို အသင့်ပြင်လိုက်သည်။

ထို့နောက် ....

အေးစက်သောလေသံဖြင့်ပြောကာ စတင်တိုက်ခိုက်တော့၏။

"စတိုက်ပြီ သတိထား"

ယန်စီကျူမှာ ဟန်စုချင်၏သိုင်းကွက်ကိုတွေ့သောအခါ ထိတ်လန့်သွား၏။ သူက တိုက်ပွဲစလျှင်စချင်း ဤသို့ တိုက်ခိုက်လာမည် မထင်ပါ။



ယခု ဟန်စုချင်က ဟန်ဂို၏အထက်မြတ်ဆုံး လက်ဝါးသိုင်းနှင့် စတင် တိုက်ခိုက်နေလေပြီ။

သူက ထိုသိုင်းကွက်ကို သင်ကြားထားဖူးသောကြောင့်သာ အချိန်မီ ရှောင်တိမ်းနိုင်ခြင်း ဖြစ်ပါသည်။

ဟန်စုချင်၏တိုက်ခိုက်မှုက ရပ်မသွားပါ။ ဆက်တိုက်မနားတမ်း ပင် တိုက်နေပါသည်။

တိုက်ကွက်အားလုံးကို အင်အားစိုက်ထုတ်၍ တိုက်ခိုက်နေကြောင်း အားလုံးပင် တွေ့မြင်နေကြသည်။

ယန်ပုကျွမ်မှာ ခေါင်းတခါခါ လည်တခါခါ ဖြစ်နေသည်။

ဤမိန်းကလေး၏တိုက်ကွက်များမှာ လွန်စွာပြင်းထန်လှသဖြင့် ဘကယ်ရန်သူတစ်ယောက်ကို တိုက်ခိုက်နေသလို ရှိသည်။

ထိုပုံစံကို ကြည့်ခြင်းအားဖြင့် ထိုမိန်းကလေးသည် မိမိ၏သားကို လုံးဝ မေတ္တာမရှိကြောင်း သိသာလှသဖြင့် ယန်ပုကျွမ်မှာ ဟင်းခနဲ သက်ပြင်းချမိတော့သည်။

"ငါ့သားနှယ်၊ ကိုယ့်ကိုမုန်းတဲ့ မိန်းကလေးကိုမှ ကြိုက်တတ်ပလေတယ်"

ထိုစဉ် ....

သူမ၏လက်ဝါးက ကုတ်ဆွဲသည့်သဏ္ဍာန်ဖြင့်သွားကာ ယန်စီကျူ၏သွေးကြောကို ဖမ်းကုတ်သည်။

ထိုသိုင်းကွက်မှာ သာမန် မဟုတ်ပါ။ လူတစ်ယောက်အား သေစေနိုင်သော တိုက်ခိုက်မှုပင် ဖြစ်သည်။

ယန်စီကျူက ရင်ထိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန်စုချင်က တကယ်တိုက်ခိုက်နေကြောင်း ရိပ်စားမိလာပြီဖြစ်၍ သူသည် ပေါ့ပေါ့ဆဆ မရှောင်ရဲတော့ပါ။ သတိစီရိယထားပြီး ရှောင်တိမ်းလာရတော့သည်။

သို့သော် ....

သူ၏ပခုံးကို တစ်ချက်ကုတ်ချမိသွား၏။

ယန်စီကျူ နာကျင်သွားရသည်။

ဟန်စုချင်က အေးစက်စွာ ရယ်မောလိုက်ပြီး ....

"ရှင်က အားနာမနေပါနဲ့။ စိတ်ချလက်ချ ယှဉ်ပြိုင်ပါ"

ယန်စီကျူ၏မျက်နှာမှာ နီရဲသွား၏။ ကောက်ကျစ်သော အပြုံးလည်း ပေါ်လာ၏။

သူ၏ အချစ်စိတ်သည် အမုန်းစိတ်ဖေတ်သို့ တစ်ခဏချင်း ပြောင်းသွားလေတော့၏။

ချက်ချင်းပင် သူက ဟန်ဂိုသင်ကြားပေးသော သိုင်းကွက်သုံးကွက်ကို ထုတ်ဖော်တိုက်ခိုက်လိုက်တော့သည်။

ဟန်စုချင်ကလည်း ရှောင်တိမ်းကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သိုင်းကွက် ဆယ်ကွက်မျှရောက်သောအခါ ယန်စီကျူသည် သူမည်သို့တိုက်ခိုက်ရမည်ကို နားလည်သဘောပေါက်သွား၏။

ဟန်စုချင်၏သိုင်းကွက်များမှာ လျင်မြန်မှုကို အဓိကထားသည်။

သူမနှင့်အပြိုင်လိုက်၍ လှုပ်ရှားတိုက်ခိုက်ပါက ဆုံးနိုင်တော့မည် မဟုတ်ပေ။



ထို့ကြောင့် ....

သူက ရွေ့လျားကာ တိုက်ခိုက်ခြင်းမပြုတော့ဘဲ မြဲမြံစွာရပ်ကာ ကိုယ်ကိုလှည့်၍ ခုခံလေတော့၏။

ဟန်ချုံမှုမှာ ဘေးမှကြည့်ရင်း သက်ပြင်းချမိသည်။

ယန်စီကျူ၏ပရိယာယ်ကို နားလည်လိုက်သောကြောင့် ဖြစ်သည်။

သူ၏အစ်မ ဟန်စုချင်သည် မည်သို့မျှ မနိုင်နိုင်ကြောင်း သူကောင်းစွာ သိနေလေပြီ။

ဟန်စုချင်မှာ ယန်စီကျူအား လှည့်ပတ်ကာ တိုက်ခိုက်နေ၏။ သူမ၏တိုက်ခိုက်မှုမှာ လျင်မြန်သွက်လက်လှပါသည်။

ယန်စီကျူက မားမားရပ်ကာ တစ်ကွက်ချင်းခုခံသည်။ ကိုယ်ကိုလှည့်၍ ခုခံသည်။ နေရာတော့ မရွေ့ပေ။

ဟန်စုချင်က ဒေါသနှင့်မေးလိုက်၏။

"ရှင် ကြောက်နေပြီလား၊ ဘာလို့ပြန်ပြီးမတိုက်ခိုက်တာလဲ"

သူမက ယန်စီကျူ ရွေ့လျားလာအောင် ဆွပေးခြင်းဖြစ်ပါသည်။

ယန်စီကျူသည် ဒေါသထွက်သွားသဖြင့် ရှေ့သို့တစ်ချက် တိုးလိုက်သည်။

ဟန်စုချင်၏လက်ဝါးတစ်ချက် အရိုက်ခံလိုက်ရသဖြင့် သူ၏သဓမ္မဟာအတိုင်း ခိုင်ခိုင်မြဲမြဲရပ်၍ ပြန်ခုခံရ၏။

ယန်စီကျူသည် .... စိတ်ပြောင်းသွားပြီး တိုက်စစ်ဆင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်စီကျူး၏တိုက်ခိုက်မှုမှာ ပြင်းထန်လှသဖြင့် ဟန်စုချင်မှာ စောစောကလို ပျံလွှားကလေးလို မတိုက်ခိုက်နိုင်တော့ပေ၊ ချွေးပင်ပြန်လာသည်။

သူမက ယန်စီကျူးအား ဒေါသထွက်အောင် စ,ပေးရင်း အမှားကိုရှာသည်။

သို့သော် ....

ယန်စီကျူးက သူမထက်ပို၍ ပါးနပ်ပေသည်။

"မင်း ငါ့ကို ကြိုက်သလိုပြောပါ၊ ဒါပေမယ့် ပြိုင်ပွဲပြီးတာနဲ့ မင်းဟာ ငါ့လက်ထဲ ရောက်လာမှာပဲ ...."

ထိုစကားသည် ယန်စီကျူး၏အမှားပင်။

ထိုစကားကြောင့် သူသည် ဟန်စုချင်ကို အသက်ရှင်လျက် မရနိုင်တော့ချေ။

သိုင်းကွက် ခြောက်ဆယ်ကျော်လာသောအခါ ဟန်စုချင်မှာ မောပမ်းလာသည်။

သို့သော် ခွမလျှော့ပါ။

လှည့်ပတ်ကာ တိုက်ခိုက်နေဆဲသာ ဖြစ်ပါသည်။

သို့သော် သူမ၏လျင်မြန်မှုမှာ ကျဆင်းလာပြီ ဖြစ်၏။

ဟန်ဂိုက ကြည့်ရင်း မျက်နှာပျက်လာသည်။

ဟန်စုချင် မကြာမီ ရှုံးနိမ့်တော့မည်ဖြစ်ကြောင်း ရိပ်စားမိသောကြောင့် ဖြစ်ပါ၏။

ထို့ကြောင့် အရှက်မကွဲမီ တိုက်ပွဲကို ရင်ဆိုင်ရန် ဟန်ပြင်လိုက်မိ၏။



ဟန်စုချင်က ယန်စီကျူး၏မျက်နှာဆီသို့ လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။

အားအလွန်ပါသော လက်သီး ဖြစ်သည်။

သူမ၏တိုက်ခိုက်မှုမှာ အကာအကွယ်မရပါ။ သူမ ခန္ဓာကိုယ်ကိုဖွင့်၍ တိုက်ခိုက်ခြင်း ဖြစ်ပါသည်။

ဟန်ဂိုမှာ မျက်နှာပျက်သွား၏။

သူသည် သမီးဖြစ်သူ၏စိတ်ဓာတ်ကို မသိပါ။ သမီးဖြစ်သူ၏ အသုံးမကျမှုကို စိတ်ထဲမှ ပြစ်တင်မိသည်။

ယန်စီကျူးသည် ထိုဟာကွက်ကို တွေ့မြင်ပါ၏။

ယန်စီကျူးသာမက မည်သည့်သိုင်းသမားမဆို တွေ့မြင်မှာ သေချာပါသည်။

သူသည် ကောက်ကျစ်စွာပြုံးလိုက်ပြီး ဟန်စုချင် ရင်ဝသို့ လက်ဖဝါးနှင့် ရိုက်ချလိုက်သည်။

သို့သော် ....

သူက ဟန်စုချင်ဒဏ်ရာရမည်စိုးသဖြင့် အားကို လျှော့ချပြီး ရိုက်ခြင်းဖြစ်သည်။ ဟန်စုချင်က မရှောင်ဘဲ ရဲရဲ့စွာ ဆက်တိုးလိုက်သည်။

တစ်ဆက်တည်း ယန်စီကျူး၏ဒူးကိုလည်း ခြေထောက်ဖြင့် ကန်ပစ်လိုက်လေ၏။

"ဝုန်း ...."

"ဝုန်း ...."

ဟန်စုချင်မှာ ယန်စီကျူး၏လက်ဝါးကြောင့် လဲကျသွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ယန်စီကျူမှာလည်း ဟန်စုချင်၏ကန်ချက်နှင့် လက်သီးချက်ကြောင့် လဲကျသွားသည်။

ဟန်စုချင်မှာ ရွှေမှုင်အကျီဝတ်ထားသောကြောင့် ဘာမှုမဖြစ်ပါ။ ချက်ချင်း ပြန်ထလာ၏။

ယန်စီကျူမှာ ပြန်မထနိုင်တော့ပါ။ ဟန်စုချင်၏လက်သီးချက်သည် သူ့ကို ထိထိမိမိ နာကျင်စေပါသည်။ ဒူးမှလည်း သွေးများ ဖြာနေပါသည်။

ယန်ပုကျွမ်မှာ ထိတ်လန့်ပြီး အော်လိုက်၏။

"ဟာ .... ဘာလို့ လက်နက်ပုန်းသုံးတာလဲ၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

ဟန်ဂိုကလည်း တွေ့မြင်လိုက်သည်။ သူ အကြီးအကျယ်စိတ်ဆိုးသွားသည်။

သူ သိုင်းလောကထဲ၌ ကျင်လည်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ သူသည် မည်သည့်အခါကမျှ ကောက်ကျစ်ယုတ်မာသောနည်းကို မသုံးခဲ့ပါ။

ယခု သူ အလွန်ချစ်သောသမီးက ကောက်ကျစ်ယုတ်မာသောနည်းကို သုံးခဲ့ချေပြီ။

ယန်စီကျူ၏မျက်နှာမှာ သွေးများရဲနေ၏။ သူ မထနိုင်တော့ပါ။

ယန်ပုကျွမ်မှာ သားဖြစ်သူ၏အဖြစ်အပျက်ကို တွေ့သောအခါ ထိတ်လန့်သွားသည်။

ဒေါသလည်း ခြောင်းခြောင်းထွက်သွားသည်။



သူက လွက်လပ်အတွင်း ခုန်ဝင်ကာ ဟန်စုချင်အား တိုက်ခိုက်တော့သည်။

သားဓားပေကိုး။

ဟန်စုချင်မှာ ထိတ်လန့်ကာ နောက်ဆုတ်ပေးရသည်။

ဟန်ချုံဖု မနေသာတော့ပါ။ သူပါ ဝင်၍ ခုခံရတော့၏။

"ဦးလေး ကလေးနဲ့လူကြီး ဘာလုပ်တာလဲ၊ ဒီလိုမတိုက်သင့်ဘူး"

"မင်းတို့ညစ်တာကရော ကောင်းသလား"

ယန်ပုကျွမ်က ပြန်အော်လေ၏။

ဟန်စုချင်သည် အခွင့်အရေးရသည်နှင့် ကွက်လပ်ထဲမှ ခုန်ထွက်ပြေးသွားလေ၏။

ဟန်ဂိုမှာ ငိုင်နေ၏။ သူ ဘာလုပ်ရမှန်းမသိတော့ချေ။ သူ့စိတ်များ ဝေနေသည်။

ယန်ပုကျွမ်သည် မလှုပ်မယှက်လဲနေသောသားကို သေပြီဟု ထင်ပြီး လွန်စွာ ဒေါသထွက်နေသည်။

"ကောင်မစုတ်လေး၊ ငါ့သားကို ဘာဖြစ်လို့ ရက်ရက်စက်စက် သတ်ရတာလဲ၊ လာခဲ့ .... ငါနဲ့ ယှဉ်မယ်"

ယန်ပုကျွမ်၏သိုင်းပညာအား ဟန်ချုံဖုက ယှဉ်ပြိုင်စွမ်းမရှိပါ။ သိုင်းကွက်သုံးကွက်မျှနှင့်ပင် ဟန်ချုံဖုအား ဖမ်းမိသွားလေသည်။

ဟန်ချုံဖုမှာ ထိတ်လန့်သွား၏။ အတင်း ပြန်ရုန်းထွက်သော်လည်း မရပါချေ။

ယန်ပုကျွမ်က ဒေါသထွက်နေသဖြင့် ဟန်ချုံဖုအား အသေ

www.burmeseclassic.com

www.burmeseclassic.com



သတ်ရန် လက်ဟန်ပြင်လိုက်၏။

ထိုစဉ် .... လူရိပ်တစ်ရိပ် ဝင်လာပြီး ဟန်ပုကျွမ်းကို တွန်းပစ်လိုက်သည်။

"ယန်ပုကျွမ် သူ့မှာ အပြစ်မရှိဘူး၊ သူ့ကို မင်း သတ်ဖို့မသင့်ဘူး"

ဟန်ဂိုက ယန်ပုကျွမ်၏သွေးကြောကိုပိတ်ကာ တွန်းပစ်လိုက်ခြင်းဖြစ်၍ ဟန်ချုံမှ အသက်ဘေးမှ လွတ်သွားခြင်း ဖြစ်တော့သည်။

ယန်ပုကျွမ်းမှာ လွန်စွာ ဒေါသထွက်သွား၏။ သူ လှုပ်ရှား၍လည်း မရတော့ချေ။

"ဟန်ဂို သမီးက လုပ်ကြံပြီးတော့ ခင်ဗျားကပါ ကျုပ်ကို လုပ်ကြံပြန်ပြီပေါ့ ဟုတ်လား၊ ဒါ လူကြီးလူကောင်း သိုင်းသမားတဲ့လား"

ဟန်ဂိုက တောင်းပန်လိုက်၏။

"စိတ်မဆိုးပါနဲ့ မင်းရဲ့သားက မသေသေးပါဘူး၊ ငါ ကုသပေးပါ့မယ်၊ ပြီးတော့ ငါ့သမီးကိုလည်း ငါ ဆုံးမပါ့မယ်"

ဟန်ဂိုသည် ယန်ပုကျွမ်ကို အကြောမဖွင့်ဘဲ ယန်စီကျူကိုသာ အလျင်ဦးစွာ ပြုစုသည်။ အကြောများကို ပုတ်ပေးခြင်း၊ ဒဏ်ရာများကို ဆေးထည့်ပေးခြင်းများ ပြုလုပ်၏။

ယန်စီကျူမှာ လွန်စွာ စိတ်ဆိုးလျက် ရှိသည်။

သို့သော် ....

ဟန်ဂိုက လူကြီးတန်မဲ့ လွန်စွာတောင်းပန်နေသဖြင့် .... သူသည်းခံနေသည်။ ဒေါသကြောင့် သူ့မျက်နှာမှာ လွန်စွာကြည့်ရဆိုးလျက် ရှိသည်။

ယန်စီကျူ အခြေအနေကောင်းသောအခါမှ ယန်ပုကျွမ်၏ပိတ်



နေသောအကြောကို ဖွင့်ပေးလိုက်သည်။ ယန်ပုကျွမ်သည် လွန်စွာ ဒေါသထွက်နေသည်မှန်သော်လည်း အဆင်ခြင်မဲ့လောက်အောင်တော့ မဖြစ်ပေ .... ။

ဟန်ဂို၏သိုင်းပညာကောင်းလှကြောင်း သိထားသဖြင့် အကြမ်းပတမ်း တိုက်ခိုက်ရန်မှု စိတ်မကူးချေ။ သားဖြစ်သူ အသက် မသေကြောင်း သိရသဖြင့်လည်း သူ့ဒေါသ တချို့တစ်ဝက် ပြေငြိမ်းသွားခဲ့ရသည်။

သို့သော် ဟန်ဂိုကိုတော့ ကြိမ်းမောင်း၏။

"ခင်ဗျားက သားသမီးကို မဆုံးမဘူး .... ကျုပ်သားကို လက်ခံနိုင်ရင်လည်း လက်မခံနိုင်ဘူး ပြောပါလား၊ အခုလိုလုပ်တာ ကောင်းသလား .... မိန်းကလေးဖြစ်ပြီးတော့ စိတ်ထားက ကောက်ကျစ်တာပဲ၊ ကျုပ်စည်းစိမ်ကုန်ရင် ကုန်သွားပါစေ၊ ခင်ဗျားတို့ ဒုက္ခရောက်အောင် ကျုပ် တတ်နိုင်သလောက် လုပ်မယ် .... "

ယန်ပုကျွမ်သည် သားကိုတွဲခေါ်ပြီး ထွက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၂)

## ရှာပုံတော်စာတ်သိမ်း

ဟန်ဂိုမှာ မျက်ရည်ဝဲနေ၏။

သူ လွန်စွာ စိတ်မကောင်းဖြစ်နေမိသည်။

သူ၏တစ်ကိုယ်လုံး၌ ရှိသမျှသော ခွန်အားများ ပျောက်ဆုံးသွားသကဲ့သို့ ခံစားရပြီး ကုလားထိုင်၌ ခြေကုန်လက်ပန်းကျစွာထိုင်လိုက်သည်။

ဟန်ချူဖုသည် မဝံ့မရဲ ရပ်နေ၏။

သူသည် သူ၏ဘကြီး ဤမျှ စိတ်ဓာတ်ကျသည်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးပါ။

ထို့ကြောင့် စကားတစ်ခွန်းမျှ မပြောရဲဘဲ ရပ်နေခြင်းဖြစ်ပါသည်။

ဟန်ဂိုသည် အတန်ကြာငိုင်နေပြီးမှ ....

"ဟန်ချူဖု .... မင်းအစ်မကို သွားခေါ်စမ်း"

ဟန်ချူဖုသည် သူ့အစ်မကို တစ်ခန်းဝင်တစ်ခန်းထွက် ရှာဖွေ



လေတော့၏။ သူသည် ဟန်စုချင်ကို အခန်းထဲ၌ ရှာမတွေ့ပါ၊ ပန်းခြံထဲ၌ တွေ့ပါသည်။

"မမ .... ဘကြီးခေါ်ခိုင်းလိုက်တယ်"

ဟန်စုချင်သည် အိပ်ရာမှ လန့်နိုးသကဲ့သို့ ဖြစ်သွား၏။

သူ သေသေချာချာစဉ်းစားမိသောအခါမှ သူမ၏ အပြုအမူသည် လွန်စွာ ရက်စက်ကောက်ကျစ်ကြောင်း သိရှိတော့သည်။

သူမ၏ ဖခင် လွန်စွာ စိတ်ဆိုးမည်ကိုလည်း တွေးမိ၏။

"လာ .... သွားမယ်"

ဟန်စုချင်က ဆတ်ခနဲ ထရပ်ပြီး ပြောလိုက်၏။

ဟန်ချူဖုက ....

"မမ သတိထားနော် .... ဘကြီး သိပ်စိတ်ထိခိုက်နေတယ်"

"အေးပါ .... ငါသိပါတယ်"

ဟန်စုချင်သည် အသက်မပါဘဲ လျှောက်သွားမိ၏။

ဟန်ဂို၏မျက်နှာမှာ တင်းမာခက်ထန်နေ၏။ ကုလားထိုင်ပေါ်၌ ထိုင်နေသည်။

ဟန်စုချင်သည် သူမ၏ဖခင်ရှေ့မှောက်၌ ဒူးထောက်နေ၏။ လှမ်းမကမ်းတွင် ဟန်ချူဖု ရပ်နေ၏။

ဟန်ဂိုက သမီးဖြစ်သူအား စိုက်ကြည့်ကာ တစ်လုံးချင်းပြောလိုက်၏။

သူ၏အသံမှာ အေးစက်နေသည်။

"ကောင်မလေး .... ခွေးမလေး၊ မင်းကြောင့် ငါနာမည်အပျက်ခံ ဆယ်မရတော့ဘူး .... မင်းက ယန်စီကျူကိုမကြိုက်ရင်လည်း ပွင့်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း ငြင်းဖါလား .... မင်းကို အတင်းအကျပ်မပေးစားပါဘူး မင်းက ဘာကြောင့် သူ့ကို ဒီလောက်ရက်ရက်စက်စက် လုပ်ရသလဲ မင်း ဒီပွဲမှာ ကောက်ကျစ်လို့နိုင်တာ .... ငါဟာ အလစ်လုပ်ကြတာ မျိုး အရွံဆုံးပဲ .... ငါတစ်သက်လုံး ဘယ်ရန်သူကိုမှ ဒီလို မလုပ်ကြံခဲ့ဖူး ဘူး .... ဒီအပြုအမူဟာ သိုင်းလောကထဲမှာ အောက်တန်းနောက်တန်း အကျဆုံး အပြုအမူပဲ ...."

ဟန်စုချင်က ဘာမျှမပြောပါ။ တိတ်ဆိတ်စွာပင် ဒူးထောက်မြဲ ထောက်နေသည်။

ဟန်ချုံဖုက ဝင်ပြောလိုက်၏။

"ဘကြီး .... ယန်ပုကျွမ်တို့သားအဖဟာ လူကောင်းမဟုတ်ပါ ဘူး၊ ဒါကြောင့် ...."

"တော်စမ်း .... ဘယ်သူက ပြောသလဲ၊ မင်းကို ဘယ်သူက လျှောက်လဲချက် ပေးခိုင်းသလဲ တိတ်စမ်း ...."

ဟန်ဂိုက ဒေါသနှင့်အော်လိုက်သဖြင့် ဟန်ချုံဖုငြိမ်သွားသည်။

ဟန်ဂိုက ဟန်စုချင်အား ပြန်ကြည့်လိုက်၏။

ပြီးမှ ပျော့ပျောင်းသောလေသံဖြင့် ....

"သမီး ငါ မင်းကို နှစ်နှစ်ဆယ်ကျော် ကျွေးမွေးခဲ့ပြီးပြီ၊ မင်း သူများဆီမှာ အကြွေးဘာများ ရှိသလဲ"

ဟန်စုချင်က ကြောင်သွားပြီး ....

"မရှိပါဘူး ...."

ဟန်ဂိုက ဆက်မေးလိုက်၏။

"ဒါဆိုရင် သူများတွေကို လုပ်ဆောင်ပေးရမယ့်ကိစ္စတွေကော



ဘာများ ရှိပါသေးသလဲ"

ဟန်စုချင်က ....

"ချုံဖုရဲ့ ဂွမ်းကပ်အကျီ ဖာပေးစရာပဲရှိပါတယ်၊ တခြား ဘာကိစ္စ မှ မရှိပါဘူး ...."

ဟန်ဂိုက ....

"ကောင်းပြီ၊ ဒါဆိုရင် ကွယ်လွန်သူ ဆွေမျိုးတွေကို ကန်တော့၊ ပြီးရင် ငါ့ကိုကန်တော့"

ဟန်ချုံဖုသည် ဘကြီးဖြစ်သူက သမီးဖြစ်သူကို အသေသတ် အပြစ်ပေးမည်ဖြစ်ကြောင်း သိလိုက်သဖြင့် ငိုကြီးချက်မဖြင့် တောင်းပန် လေတော့၏။

"ဘကြီး မမမှာ အပြစ်ရှိရင် ရှိပါမယ်၊ ဘကြီးထင်တာလောက် တော့ အပြစ်မကြီးပါဘူး၊ ဘကြီးရယ်၊ တစ်ကြိမ်တစ်ခါ မိုက်မှားမိတာ တော့ ခွင့်လွှတ်ပါ"

ဟန်ဂိုမှာမူ ဆုံးဖြတ်ထားသောလေသံဖြင့် ....

"မင်း ငါ့ကို မတားနဲ့တော့"

ဟု ပြောကာ လက်ဝါးကို အပေါ်သို့ မြှောက်လိုက်၏။

ထို့နောက် ....

ဟန်စုချင်၏ငယ်ထိပ်ကို ရိုက်ချလိုက်တော့သည်။

ဟန်ချုံဖုမှာ ထိတ်လန့်သွား၏။

ဟန်စုချင်မှာ လက်ဝါးထိသည်နှင့်သေဆုံးသွားမည်ဖြစ်ကြောင်း အားလည်လိုက်၏။

ထို့ကြောင့် ....

www.burmeseclassic.com

www.burmeseclassic.com



ပြေးလာပြီး ဟန်စုချင်၏အပေါ်မှ ဝင်ကာ ပေးလိုက်လေတော့သည်။

"မမ ပြေးတော့"

"ဝုန်း"

ဟန်ချုံဖုမှာ ဟန်ဂို၏လက်ဝါးထိမှန်ကာ လွင့်စဉ်သွား၏။

ဟန်စုချင်သည်လည်း လိမ့်ထွက်သွားသည်။ သူမ သိပ်ကြောက်လွန်းလှသဖြင့် အဆောင်ထဲမှ ထွက်ပြေးသွားလေတော့၏။

ဟန်ဂိုက လိုက်ဟန်ပြင်လိုက်၏။ သို့သော် သူသည် ဟန်ချုံဖုအား သတိရလိုက်သဖြင့် ဆက်မလိုက်တော့ပေ။ ဟန်ချုံဖုကို ပွေ့ရလိုက်သောအခါ ပျော့ပျော့ကလေးသာ ရှိတော့ကြောင်း တွေ့ရသည်။

သူသည် သမီးဖြစ်သူကို လွန်စွာ ဒေါသထွက်မိသော်လည်း ဟန်ချုံဖု သေလာမျောပါးဖြစ်နေသဖြင့် ချက်ချင်းလိုက်မရှာနိုင်ချေ။ ဟန်ချုံဖုကိုသာ ပြုစုကုသရတော့သည်။

ဟန်ချုံဖုအား သမားတော်များခေါ်ကာ ပြသကုသရသည်။ ဟန်စုချင်ကိုလည်း ရှာမတွေ့တော့ချေ …. ။ ထို့ကြောင့် ဟန်စုချင်၏သတင်းကိုလည်း နားစွင့်ကာ လိုက်လံရှာဖွေရသည်။

သို့သော် တစ်နေ့သာကုန်သွားသည်။ ဟန်စုချင်၏ သတင်းအနကား လုံးဝမရချေ။

ဟန်ချုံဖုမှာမူ ညနေစောင်းလောက်မှ ပြန်လည်သတိရလာ၏။

သို့သော် ကယောင်ကတမ်းနှင့် လျှောက်ပြော၍သာ နေသည်။ မူလနဂို အခြေအနေသို့ ပြန်မရောက်သေးပေ။

ဟန်ဂိုမှာ စိတ်ပြေသွားပြီ ဖြစ်၏။ သူ၏တူနှင့်သမီးအတွက်လည်း စိတ်မကောင်းဖြစ်သည်။ သူမှားသွားကြောင်း သိသော်လည်း နောက်ကျသွားခဲ့လေပြီ။



ယန်ပုကျွမ်က ခြိမ်းခြောက် ကြိမ်းမောင်းသွားသော်လည်း ညီသို့မှု လက်စားချေခြင်း မပြုပေ။

သူ၏သား ယန်စီကျူမှာ ဘာမှ မဖြစ်ခြင်းကြောင့်နှင့် ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရခြင်းကြောင့် ဤသို့ အေးအေးဆေးဆေးနေဟန်တူသည်ဟု ဟန်ဂိုက ထင်သော်လည်း ယန်ပုကျွမ်အနေဖြင့်မူ ဟန်ဂိုတို့သားစု၏ အဖြစ်အပျက်ကို ကြားသိရသောကြောင့် စိတ်ကျေနပ်သွားခြင်း ဖြစ်ပါသည်။

ဟန်ချုံဖုမှာ ဒဏ်ရာက သက်သာလာသော်လည်း စိတ်ကမူ မှန်တော့ပါ။ သွပ်ချောင်ချောင် ဖြစ်သွားသည်။ ငိုချင်ငို၊ ရယ်ချင်ရယ် စကားမပြောဘဲ နေချင်လည်း နေသည်။

ဟန်ဂိုမှာ တူဖြစ်သူကိုမြင်တိုင်း ရင်ဆို့ရှာသည်။ သူ့ကိုယ်သူလည်း အပြစ်တင်မိ၏။

နောက်ဆုံး ဟန်ချုံဖု၏ အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာသည်။

ကြမ်းကြမ်းရမ်းရမ်းပင် လုပ်လာသည့်အတွက် နောက်ဆုံး ချောင်ထားရသည့် အခြေအနေသို့ ရောက်ရှိသွားလေတော့သည်။

တစ်နေ့တွင် ဟန်ချုံဖုသည် ပိတ်လှောင်ထားသော အခန်းတံခါးကို ရိုက်ဖွင့်ကာ ထွက်ပြေးသွား၏။

ဟန်ဂိုမှာ သူ၏မွေးစားသားအား မြို့တွင်းအနှံ့ရှာဖွေ၏။ သို့သော် မတွေ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဂိုခမျာ မြွေပါလည်းဆုံး၊ သားလည်းဆုံးဆိုသကဲ့သို့ သမီး ရော မွေးစားသားပါ ဆုံးရှုံးရှာတော့သည်။

ဤဖြစ်ရပ်များကြောင့် စိတ်ဆင်းရဲမှု ပိုလာ၏။ ဆံပင်ပိုဖြူလာ၏။

လူမှာလည်း ပို၍ပိန်လာသည်။ ဤသတင်းများသည် သူ၏ သွေးသောက်ညီအစ်ကိုများဖြစ်သူ ကင်းစီးငွမ်နှင့် တာမိုတို့ထံ ရောက်ရှိ သွားသည်။

ခြေထောက် ဖွေပါကြသော ကင်းစီးငွမ်နှင့်တာမိုတို့သည် ဟန်ဂို ထံသို့ မကြာမီ ရောက်ရှိလာ၏။ ဆံဖြူ မုတ်ဆိတ်ဖြူဖြစ်သွားသော ဟန်ဂိုကိုကြည့်ကာ လွန်စွာ အံ့ဩသွားတော့သည်။

သူတို့က ပိုင်းမေးသဖြင့် ဟန်ဂိုက အကြောင်းစုံ ပြောပြလိုက်၏။

တာမိုက ....

"မင်းသမီးနဲ့ မွေးစားသားကို မတွေ့တွေ့အောင် ရှာရမယ်၊ အခု သတင်းတစ်ခုဖြစ်နေတယ်၊ ဟူရှန်ဖုံ မသေဘူး၊ သူ ပြန်ထလာ ပြီတဲ့၊ သူ့လက်ထဲသာ မင်းရဲ့သမီးနဲ့ မွေးစားသား ရောက်သွားရင် ဆုံးပြီမှတ် .... "

ဟန်ဂိုမှာ ထိုစကားကြောင့် ထိတ်လန့်သွားသည်။

"ဒီသတင်းက အမှန်ပဲလား၊ ဒါဖြင့် ကျုပ် ဘာလုပ်မလဲ"

တာမိုက ....

"လွန်ခဲ့တဲ့ခြောက်လက ရှောင်လင်ကျောင်းထိုင်ဆရာတော် ကျက်ကျန်းပြည်နယ်ကအပြန် ကျွန်းတစ်ကျွန်းပေါ်မှာ ခရုခွံတွေ တွေ့



တယ်၊ အဲဒီခရုခွံတွေဟာ ဟူရှန်ဖုံရဲ့ အမှတ်သားတွေပဲတဲ့၊ အဲဒီသတင်း ဟာ သိုင်းလောကမှာ ပျံ့နှံ့နေပြီ၊ ဟူရှန်ဖုံ မသေသေးဘူးဆိုတဲ့ သတင်း ဟာ သိုင်းလောကကြီးတစ်ခုလုံးကို ချောက်ချားစေတာ အမှန်ပဲ၊ ငါတို့ လှုပ်လှုပ်ရှားရှားဖြစ်နေတာကိုသာ ကြည့်ပါတော့ကွာ"

ဟန်ဂိုက ဆုံးဖြတ်ချက် ချလိုက်၏။

"ဒီလိုဆိုရင် ဟူရှန်ဖုံရဲ့သတင်းကို စုံစမ်းရင်း ကျုပ်ရဲ့သမီးနဲ့သား ကိုပါ ရှာဖွေကြတာပေါ့၊ ခင်ဗျားတို့ ကျုပ်ကိုကူညီဖို့ အချိန်ရရဲ့လား"

ကင်းစီးငွမ်က ရယ်၍ပြော၏။

"ငါတို့လည်း ဟူရှန်ဖုံသတင်းကို စုံစမ်းမလို့ ထွက်လာတာ အတော်ပါပဲ၊ တို့တတွေ မင်းသမီးကိုရှာရင်း ဒီကောင့်သတင်းလည်း စုံစမ်းကြတာပေါ့၊ ဒီကောင့်ကိစ္စဟာ သိုင်းလောကသားတိုင်းအတွက် တာဝန်ရှိနေတယ်"

ဟန်ဂိုသည် ချက်ချင်းပင် ခရီးထွက်ရန် ပြင်ဆင်ရတော့သည်။

ထို့နောက် အိမ်ကို တံခါးပိတ်ပြီး အိမ်နီးချင်းများထံ အပ်နှံ ခဲ့ကာ သုံးယောက်ပေါင်း ခရီးထွက်ကြလေ၏။

မိုင်ပေါင်းများစွာ ခရီးထွက်ခဲ့ကြသော်လည်း သူတို့သည် သမီး နှင့်သား၏သတင်းကို မရရှိကြပါ။

သို့သော် .... တစ်နေ့တွင် ဟန်ချုံမှနှင့်တူသော လူငယ်တစ် ယောက်အကြောင်းကို သဲလွန်စ ရခဲ့သည်။

ပေါကြောင်ကြောင် လူငယ်တစ်ယောက်ကို ဝတ်စုံနီနှင့်လူနှစ် ယောက် ခေါ်ဆောင်သွားသည်ဟူသောသတင်းသည် သူတို့ကို အား တက်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းအရ ဝတ်စုံနီများရှိနိုင်သည့်ဘက်သို့ ထွက်လာခဲ့ သည်။

နောက်ဆုံး သူတို့က ကျက်ကျန်းပြည်နယ်သို့ ရောက်ရှိလာ၏။

ကျက်ကျန်းပြည်နယ်သို့ ရောက်သောအခါ မိစ္ဆာကောင်များ၏ သတင်းကိုပါ တစ်ဆက်တည်း ကြားလိုက်ရ၏။ သူတို့က ထိုမိစ္ဆာ ကောင်များသည် ဟူရှန်ဖုံ၏အဆိပ်မိထားသော လူများဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။

ထို့ကြောင့် သူတို့က ကျက်ကျန်းပင်လယ်ပြင်တွင် စုံစမ်းရှာ ခဲ့ကြရာမှ ထူးဆန်းသော လှေမည်းတို့ နှစ်ကြိမ်တွေ့မြင်ခဲ့ရပြီး နောက် ဆုံး ယိဖျောင်းရှမ်းတို့နှင့် တွေ့ခဲ့ခြင်း ဖြစ်ပေတော့သည်။



အခန်း(၃၃)

## မိစ္ဆာကျွန်းသို့ တစ်ကြော့ပြန်

ဟန်ဂို၏အဖြစ်အပျက်များကို သိရှိပြီးသောအခါ ဟန်ဂိုသည် သူမကဲ့သို့ပင် လူပျောက်ဒုက္ခသည်ဖြစ်ကြောင်း သိရတော့သည်။

သူမက အဖေပျောက်၍ ရှာသည်။

နံပါတ်သုံးဖြစ်သူ မုတ်ဆိတ်ဖြူဟန်ဂိုက သမီးနှင့်သား ပျောက် ၍ ရှာခြင်းသာ ကွာခြားသည်။

ထိုစဉ် တာမိုက ....

"အခု မင်းရဲ့သားကို ကုသနိုင်မယ့်ဖြေဆေးက ဟူရှန်ဖုံဆီမှာပဲ ရှိမှာ သေချာတယ်၊ ဒီတော့ ငါတို့မိစ္ဆာကျွန်းကို သွားကြမလား"

ကင်စီးဂွမ်က သူ၏မုတ်ဆိတ်ကြီးကို သပ်၍ ပြော၏။

"သွားတာ ကောင်းမယ်ထင်တယ်၊ ဟိုရောက်တော့ ဟူရှန်ဖုံရဲ့ အခြေအနေကို သိရတာပေါ့၊ ပထမတုန်းကထက် အင်အားကြီးနေရင် တော့ တို့လည်း လွယ်မှာတော့ မဟုတ်ဘူး"

အားလုံးပင် စဉ်းစားခန်းဝင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေခေးရရန်ဆိုလျှင် ဟူရှန်ဖုံထံသို့ သွားရမည့်လမ်းမှလွဲ၍ မည်သည့်လမ်းမျှ မရှိတော့ပါ .... ။

ထို့ပြင် ဤရဲသုံးဘော်က ဟူရှန်ဖုံအကြောင်း စုံစမ်းလိုသေးသည် မဟုတ်ပါလော။

ယိဖျောင်းရှမ်းမှာ ထိုရဲသုံးဘော် မိစ္ဆာကျွန်းသို့ ပြန်မသွားမှာကို ပင် စိုးရိမ်နေရသည်။

သူ၏ဦးလေး၊ သူ၏မောင်နှမနှစ်ယောက်နှင့် ကျုံဖေတို့မှာ မိစ္ဆာ ကျွန်းပေါ်၌ ကျန်ရစ်ခဲ့ကြသည် မဟုတ်ပါလော။

သူမ တစ်ယောက်တည်း သွားကယ်ရန်ဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်ပါ။

ယခု လူထူးလူဆန်း သုံးယောက်က မိစ္ဆာကျွန်းသို့ သွားမည် ဆိုသောအခါ လွန်စွာ အားတက်သွားတော့သည်။

ယခု ....

သူတို့အားလုံးသည် မိစ္ဆာကောင်ဆိုသည့် မကောင်းဆိုးဝါး မကြောက်ကြတော့ပေ။

မိစ္ဆာကောင်ဆိုသည့်အရာများသည် ဆေးမိထားသော လူ များသာဖြစ်ကြောင်း သိခွင့်ရထားပြီဖြစ်၍ ဟူရှန်ဖုံ၏ သိုင်းပညာ အဆင့်နှင့် လူအင်အားကိုသာ တွက်ချက်ရတော့သည်။

မိစ္ဆာကောင်များကား လောကီပညာ၊ အော်က်လမ်းပညာအ စီရင်ထားသောအရာမဟုတ်။ သူတို့အားလုံး သေနိုင်သူချည်းသာ ဖြစ် ကြောင်း နားလည်ကြပြီဖြစ်၍ မိစ္ဆာကျွန်းသို့သွားရန် အားလုံးသ သဘောတူညီကြတော့၏။



ယိဖျောင်းရှမ်းက ....

“ဘဘတို့ဟာ သိုင်းပညာသိပ်ကောင်းပါတယ် .... ဘဘတို့နဲ့ လိုက်ရရင် ကျွန်မသာ မဟုတ်ဘူး .... ဟောဒီက လေ့ဆရာကြီး သား အဖပါ မိစ္ဆာကျွန်းကို ပြန်လိုက်ကြမှာပဲ .... သူရဲကောင်းကြီး ကျုံဖေ ဟာ သူတို့ရဲ့ ကျေးဇူးရှင်ပါ .... ကျွန်မရဲ့ဦးလေးနဲ့ ညီမဝမ်းကွဲတွေ လည်း အဲဒီကျွန်းပေါ်မှာ ကျန်ရစ်ခဲ့ကြတော့ ဘဘတို့သာ မိစ္ဆာကျွန်း ကို ခရီးဆက်မယ်ဆိုရင် ကျွန်မ အသက်သေချင်သေပါစေ .... ကျွန်မ ပြန်လိုက်ခဲ့ပါမယ် .... ”

ဟန်ဂိုမှာ မည်သည့်စကားမျှ မဆိုပါ။ သူ၏သမီး ဟန်စုချင် အကြောင်း စဉ်းစားနေမိသည်။

သူ၏သမီးသည်လည်း အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံလက်သို့ ကျ ရောက်ကာ ဟန်ချုံဖုကဲ့သို့ မိစ္ဆာကောင် ဖြစ်နေပြီလော။

“ဟုတ်တယ်၊ ငါတို့ မိစ္ဆာကျွန်းကို သွားကြမယ်”

ဟန်ဂို၏အော်သံသည် ပင်လယ်ထဲ၌ လွင့်ပျံထွက်သွား၏။

ယူဆန်ဖုံတို့သားအဖက ရွက်ကို ပြန်လည်ထောင်လိုက်ကြ သည်။

ထို့နောက် ....

သူတို့လူစုသည် အန္တရာယ်ပေါ်များလှသည့် မိစ္ဆာကျွန်းဘက်သို့ လှေဦးကို ပြန်လှည့်လိုက်ကြလေတော့သည်။

မကြာမီပင် ....

သူတို့သည် မိစ္ဆာကျွန်းအနီးသို့ ပြန်လည်ရောက်ရှိလာကြတော့ ၏။

www.burmeseclassic.com

www.burmeseclassic.com



ကင်းစီးဂွမ်နှင့် တာမိုတို့က လှေဦးပေါ်မှနေ၍ ကျွန်းကိုကြည့်လိုက်သည်။

ကျွန်း၏ကမ်းပါးမှ မည်းမှောင်နေ၏။

ကျွန်းနှင့်နီးလာသောအခါ အေးစက်သော အငွေ့အသက်ကို ခံစားလာကြရသဖြင့် ကြက်သီးတဖြန်းဖြန်းထလာကြသည်။ အဘယ်ကြောင့် ဤသို့ဖြစ်သည်ကို မသိကြပေ။

တာမိုက ....

"အင်း .... ဒါကြောင့်လည်း မိစ္ဆာကျွန်းလို့ လူတွေကခေါ်တာပါလား" ဟု တစ်ယောက်တည်း ညည်းညူရေရွတ်မိလေတော့၏။

ယူဆန်ဖိုတို့သားအဖမှာ မိစ္ဆာကျွန်းသို့ ဝင်ဖူးခဲ့သည့် အတွေ့အကြုံကြောင့် လှေကို ကျင်လည်စွာ လှော်ခတ်ရင်း ချဉ်းကပ်နိုင်ကြသည်။

သူတို့သည် တဖြည်းဖြည်း မိစ္ဆာကျွန်းနှင့်နီးလာရာ ပေနစ်ဆယ်ခန့်သာ ကွာဝေးပေတော့သည်။

ထိုအခိုက် ....

ကျွန်းပေါ်မှ ကမ်းစပ်သို့ ပြေးလွှားလာသော လူရိပ်ကို တွေ့မြင်လိုက်ကြရလေတော့၏။

"အဲ .... အဲဒါက ဘာဘကျူဖေပဲ၊ လှေကို အမြန်ကပ်ပါ"

ယိဖျောင်းရှမ်းက အရေးတကြီး အော်ဟစ်လိုက်ရာ အားလုံးပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

လူရိပ်တစ်ရိပ်မှာ ကျောက်ဆောင်များအကြား၌ ပြေးလွှားလာနေ၏။



ယိဖျောင်းရှမ်းသည် ထိုလူရိပ်ကို ကောင်းစွာသိ၏။ မောင်စန်းတောင် ဓားသမား ကျူဖေ အမှန်တကယ် ဖြစ်ပါလေသည်။

ကျူဖေ၏နောက်၌ လူနှစ်ယောက်က ပြေးလိုက်နေကြသည်။

ထိုလူနှစ်ယောက်မှာ ဝတ်စုံအနီရောင်နှင့်ဖြစ်၏။ ထို့ကြောင့် ထင်ရှားလှသည်။

အခြေအနေကို ကြည့်ရသည်မှာ မောင်စန်းတောင် ဓားသမားကြီးသည် အကျဉ်းအကျပ်ထဲမှ လွတ်ထွက်ပြေးလာဟန်ရှိ၏။

သူကဲ့သို့သော သိုင်းသမား အရင့်မာကြီးတစ်ယောက်ပင် ပြေးလွှားလာရသည်ဆိုလျှင် ကျွန်းဖပေါ်၌ တကယ်ပင် အခြေအနေဆိုးရွားသောကြောင့် ဖြစ်ရပေမည်။

"အဲဒီရှေ့မှာ ပြေးနေတဲ့လူက ဘာဘကြီး ကျူဖေပဲ၊ သူ့ကို မြန်မြန်ကယ်ကြပါ"

ယိဖျောင်းရှမ်းက တာမိုနှင့် ကင်းစီးဂွမ်တို့အား လှမ်းပြောလိုက်လေသည်။

တာမိုက ခေါင်းတစ်ချက်ညိတ်လိုက်ပြီးနောက် သူ၏ ဖြိုးလှသော ခန္ဓာကိုယ်ကြီးသည် အံ့ဩစရာကောင်းလှသော ပေါ့ပါးလျင်မြန်မှုဖြင့် ကျွန်းပေါ်သို့ ခုန်တက်သွားလေ၏။

သူသည် ....

ကျွန်းပေါ်သို့ ရောက်ရှိသွားလေ၏။

တာမို၏နောက်မှ ကင်းစီးဂွမ်ကလည်း ခုန်တက်လိုက်ပါသွားသည်။

ယိဖျောင်းရှမ်းမှာ ထိုသူတို့၏ အဆင့်မြင့်လှသော ကိုယ်ဖော့

www.burmeseclassic.com

www.burmeseclassic.com



ညောင်ကို တွေ့မြင်သောအခါ စိတ်ထဲမှကျိတ်၍ ချီးကျူးမိတော့သည်။ အားသည်းကိုးမိလေ၏။

ဟန်ဂိုမှာမူ လှေကမ်းကပ်သောအခါမှသာ ခုန်တက်သည်။ သူ၏ကိုယ်ဖော့ပညာကို ယိဖျောင်းရှမ်း အကဲခတ်ခွင့်မရတော့ပေ။

ကျုံဖေသည် ကမ်းပေါ်သို့ လူရိုပ်များ တက်လာသည်ကိုတွေ့ရသောအခါ လွှန့်စွာ အားတက်သွား၏။

သူ လွှန့်စွာပင်ပန်းအားလျော့နေသဖြင့် တာမိုနှင့် ကင်စီးဝွမ်ထံ မရောက်မီမှာပင် လဲကျသွားသည်။

ဟန်ဂိုက အမြန်ပြေးလာပြီး ကျုံဖေအား ပွေ့ထူလိုက်သည်။

တာမိုနှင့် ကင်စီးဝွမ်တို့က နောက်မှ ရောက်ရှိလာသောဝတ်စုံနီနှစ်ယောက်ကို ဟန့်တားတိုက်ခိုက်ကြတော့၏။

ဝတ်စုံနီတို့၏ သိုင်းပညာမှာ အဆင့်မြင့်လှပေသည်။

ကင်စီးဝွမ်၏ လက်နက်ကိုပင် လုယူရန် ကြိုးစားနိုင်စွမ်း ရှိနေသည်။

သူတို့၌ အထူးပြုလုပ်ထားသော သံမဏိ လက်သည်းများရှိသဖြင့် သူတို့အနေဖြင့် ဓားလှံလေးမြား မလိုချေ။

သံမဏိ လက်သည်းများနှင့် .... တိုက်ရုံနှင့် တစ်ဘက်ရန်သူ အသက်ထွက်သွားနိုင်ပေသည်။

ကင်စီးဝွမ်၊ တာမိုနှင့် ဟန်ဂိုတို့ ခရီးထွက်လာပြီး ကျက်ကျန်းပြည်နယ်ထဲသို့ရောက်သည်နှင့်ဝတ်စုံနီများ၏ သတင်းကိုစတင်ကြားခဲ့ရ၏။

ဟန်ဂို၏ မွေးစားသားကို ဝတ်စုံနီနှစ်ယောက် ခြံရံခေါ်ဆောင်



သွားသည်ဟု မှတ်ယူကြရသဖြင့် သူတို့သည် ဝတ်စုံနီဝတ်သူများကို စုံစမ်းခဲ့၏။

ယခု ဝတ်စုံနီဝတ်ဆင်သူများကို တွေ့မြင်ရပေပြီ။

ဝတ်စုံနီများ၏ သိုင်းပညာမှာ သူတို့နှီးပါးလောက် မြင့်မားနေသဖြင့် ကင်စီးဝွမ်နှင့် တာမိုတို့မှာ အတော်ကလေး ထိတ်လန့်သွားကြရတော့သည်။

ဝတ်စုံနီမှာ မျက်နှာဖုံးစွပ်ထားသဖြင့် မည်သူမည်ဝါမှန်း မသိကြရချေ။

မျက်လုံးကတော့ ရူးရှပြောင်လက်လှသည်။

ဝတ်စုံနီများကို ပေါ့ပေါ့ဆဆ မတိုက်ခိုက်ရဲသဖြင့် ကင်စီးဝွမ်သည် သူ၏ထက်မြက်လှသော သိုင်းကွက်များကို ဖော်ထုတ်တိုက်ခိုက်ရသည်။

သူသည် မိစ္ဆာကျွန်း၏စွမ်းအားကို ပထမဆုံးအကြိမ် အသိအမှတ်ပြုခြင်းပင် ဖြစ်ပါတော့သည်။

သူက အရေးကြီးသော သွေးကြောများကို အမိကထား တိုက်ခိုက်သည်။

သို့သော် ဝတ်စုံနီများသည် အဝါရောင်ဝတ်ဆင်သူ မိစ္ဆာများကဲ့သို့ အညံ့စားမဟုတ်သဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ကြရသည်။ သိုင်းကွက် သုံးဆယ်ရောက်သည်အထိ မည်သူက မည်သူ့ထက်သာမှန်း သိသိသာသာ မသိရသေးပေ။

တာမိုဘက်သို့ ကြည့်မည်ဆိုလျှင်လည်း မထူးခြားကြောင်း တွေ့ရပါလိမ့်မည်။

www.burmeseclassic.com



လူဝကြီးသည် အံ့ဩဖွယ်ကောင်းလောက်အောင် လျင်မြန်လှသော်လည်း ရန်သူကိုမူ အသာစီးမှုရအောင် မတိုက်ခိုက်နိုင်သေးချေ။

ဟန်ဂိုသည် မောင်စန်းတော့င် ဓားသမားကြီးကို ဖမ့်ချီထားရာမှ ဝတ်စုံနီများ၏တိုက်ခိုက်မှုကို လေ့လာနေသည်။

သည်တိုက်ကွက်မျိုးကို သူ မြင်ဖူးသည်ဟုထင်သဖြင့် ပြန်လှန်စဉ်းစားကြည့်ရာ ဟူတန်းဂိုဏ်း၏ဓားသိုင်းကွက်များ ဖြစ်ကြောင်းကို ပြန်လည်မှတ်မိလာလေ၏။

"အင်း ... အခြေအနေက သိပ်မကောင်းဘူး ... ငါ ဝင်ကူမှဖြစ်မယ်"

ဟန်ဂိုသည် ကျုံ့ဖေကို ကျောက်ဆောင်ပေါ် ခေတ္တချပြီးနောက် ကင်စီးဂွမ်နှင့် တာမိုတို့ကို ကူညီရန် ခုန်ထွက်သွားလေ၏။

ဟန်ဂိုဝင်လာသဖြင့် ရဲသုံးဘော်တို့ အသာစီးရရှိသွားတော့၏။ ဝတ်စုံနီက ဟန်ဂိုအက်သို့ လှည့်တိုက်သည်နှင့် ကင်စီးဂွမ်က အခွင့်အရေးကို လက်လွှတ်မခံတော့ချေ။

နှစ်ယောက်ဖိညှပ်ပြီး တရကြမ်း တိုက်ခိုက်လေတော့သတည်း။

လူဝကြီး တာမိုကမူ ကျန်ဝတ်စုံနီနှင့် အပြိုင်ကြဲနေဆဲပင်။

သိုင်းကွက်ခြောက်ဆယ်ခန့်ရောက်လာသောအခါ ... သူတို့ တဖြည်းဖြည်းနောက်ဆုတ်ပေးလာရသည်။

ဝတ်စုံနီမှာ တာမို၏ဂေါ်ပြားသိုင်းကွက်ကို မယှဉ်နိုင်ပါ။ ဂေါ်ပြားလက်နက်သည် အမြင်မဆန်းသော်လည်း ဆန်းပြားသော တိုက်ကွက်များကို ထုတ်နိုင်ပေသည်။

ကင်စီးဂွမ်နှင့်ဟန်ဂိုတို့သည် ဘယ်ညာညှပ်ကာ တိုက်ခိုက်နေ



သည့်အတွက် ဝတ်စုံနီနှစ်ယောက်စလုံး အခြေအနေမကောင်းကြတော့ချေ။

တာမိုနှင့်တိုက်ခိုက်နေသော ဝတ်စုံနီသည် တာမိုကို ဆက်လက်မတိုက်ခိုက်နိုင်တော့သဖြင့် နောက်သို့ဆုတ်ကာ ချာခနဲ လှည့်ပြေးလေတော့၏။

ဝတ်စုံနီတစ်ယောက် လှည့်ပြေးသွားသောအခါ ကျန်ဝတ်စုံနီတစ်ယောက်ကလည်း ကင်စီးဂွမ်တို့၏တိုက်ခိုက်မှုကြားမှ အတင်းတိုးထွက်ကာ ပြေးသွားပြန်သည်။

ကင်စီးဂွမ်က သက်ပြင်းချလိုက်၏။ သူတို့က လိုက်သွားရန်ပေါ့ပါ။

ယခု ဝတ်စုံနီနှစ်ယောက်ကိုပင် အနိုင်ရရန် အတော်ကြီးစားတိုက်ခိုက်ခဲ့ရသည် မဟုတ်ပါလား။

တစ်ယောက်ချင်း သူတို့ မနိုင်ခဲ့ကြချေ။ သုံးယောက်ပေါင်းတိုက်မှသာ အနိုင်ရခဲ့ကြခြင်း ဖြစ်သည်။

ထိုကဲ့သို့သော ဝတ်စုံနီများ ဤမိစ္ဆာကျွန်းပေါ်၌ အရေအတွက်မည်မျှရှိသည်ကို မသိပါ။

ထို့ကြောင့် ...

လိုက်မသွားခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း သုံးဦးစလုံးသဘောပေါက်ကြပါလေ၏။

ကင်စီးဂွမ်သည် လဲလျောင်းနေသော ကျုံ့ဖေကို စမ်းသပ်လိုက်သည်။

"အင်း ... တော်ပါသေးရဲ့၊ ဘာမှမဖြစ်ဘူး၊ အားကုန်ပြီး မေ့

www.burmeseclassic.com



မြောသွားတာ၊ နံပါတ်နှစ် မင်းရဲ့နှင်းတောင်ဆေးလုံးကို တိုက်လိုက်စမ်းပါ။ သူနဲ့မြန်မြန် စကားပြောရမှ ဖြစ်လိမ့်မယ်"

တာမိုက ခါးမှဆေးအိတ်ကို ဖြုတ်လိုက်၏။

ထို့နောက် ဆေးအိတ်ကိုဖွင့်ကာ ဆေးတစ်လုံးထုတ်ပြီး ကျုံဖေအား တိုက်လိုက်သည်။

ကျုံဖေ၏အကြောများကိုလည်း နှိပ်နယ်ပေး၏။

တာမိုသည် သိုင်းပညာသာမက ဆေးပညာပါတတ်သော သိုင်းသမားကြီးတစ်ဦးပင်။

အကယ်၍ ....

တာမိုသာ ဆေးတိုက်ခြင်း၊ အကြောများကို နှိပ်နယ်ပေးခြင်း မပြုပါက ကျုံဖေသည် နောက်ထပ် သုံးနာရီခန့်လောက် မေ့မြောနေဦးမည်မှာ သေချာသည်။

မကြာမီ ....

ကျုံဖေ သတိရလာ၏။

"ခင်ဗျား အတွင်းအားလေ့ကျင့်လိုက်ပါဦး"

တာမိုက ထထိုင်လာသော ကျုံဖေကို သတိပေးလိုက်၏။

ကျုံဖေကဲ့သို့သော အရင့်အမာသိုင်းသမားကြီးများသည် ထိုအချက်ကို သဘောပေါက်ပြီးဖြစ်သည်။ သူပတ်လည်ည လောလောဆယ်ဆယ် ဘေးရန် ကင်းငြိမ်းနေပြီကို သိသည်နှင့် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားလေ့ကျင့်တော့သည်။

ထိုအခါကျမှ ယိဖျောင်းရှမ်းတစ်ယောက် ကမ်းပေါ်သို့ တက်လာနိုင်တော့၏။



တာမိုက ယိဖျောင်းရှမ်းအား လက်ဟန်ခြေဟန်ဖြင့် တားလိုက်၏။

ကျုံဖေကို အနှောင့်အယှက် မပေးပါနှင့်ဟူ၏။

ကျုံဖေသည် သွေးကြောများကို တစ်ကိုယ်လုံးလှည့်ပတ်သွားလာစေပြီးမှ မျက်လုံးဖွင့်ကြည့်၏။ ထို့နောက် ဟင်းခနဲ သက်ပြင်းချလိုက်သည်။

ယိဖျောင်းရှမ်းက ....

"ဘဘ ဘာမှ မဖြစ်ဘူးနော် .... ကျွန်မဦးလေးတို့ကော"

ကျုံဖေက ထပ်မံသက်ပြင်းချပြီး ....

"အင်း .... သမီးရဲ့ဦးလေးအခြေအနေတော့ ဘယ်လိုမှန်းမသိဘူး၊ ဘဘကတော့ သေတွင်းက နှစ်ကြိမ်လွတ်လာခဲ့ပြီ၊ တကယ်လည်း ကြမ်းတဲ့ ကျွန်းပဲ"

သူသည် ....

စကားဆုံးသည်နှင့် ကင်စီးဝွမ်တို့ သုံးယောက်ဘက် လှည့်လိုက်၏။

သူက လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေး ဂါရဝပြုလိုက်သည်။

"ကျုပ်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ .... ခင်ဗျားတို့က ဘယ်သူတွေပါလဲခင်ဗျာ .... "

ကင်စီးဝွမ်က သူတို့၏အမည်များကို ပြောပြလိုက်၏။

ကျုံဖေက ဝမ်းသာသော အရိပ်အရောင်များ ထွက်ပေါ်လာပြီး ....

www.burmeseclassic.com

"အင်း .... နာမည်ကိုတော့ ကြားဖူးတာ ကြာပါပြီ၊ အခုမှ လူချင်းတွေ့ဖူးတော့တယ်"

တာမိုက ပြုံး၍ ....

"ကျုပ်တို့လည်း ဒီအတိုင်းပါပဲ၊ ဒါနဲ့ ခင်ဗျားက ဘယ်လိုဖြစ်လာတာလဲ၊ လုပ်စမ်းပါဦးဗျာ .... မိစ္ဆာကျွန်းရဲ့ဆိုးဝါးပုံကို ကျုပ်တို့ သိ တာပေါ့ ...."

ကျူဖေက သူ မိစ္ဆာကျွန်းပေါ်၌ တွေ့ကြုံရသောအဖြစ်အပျက်များကို ပြန်လည်ပြောလိုက်လေတော့၏။



ကျူဖေသည် သူ၏သိုင်းပညာကို ယုံကြည်အားကိုးသည်။

သူသည် သာမညသိုင်းသမား မဟုတ်။

မောင်စန်းတောင် ဓားသိုင်း သူရဲကောင်း မဟုတ်ပါလား။

ထို့ကြောင့် ဂူထဲသို့တစ်ယောက်တည်း ဝင်လာခဲ့သည်။

လိုဏ်ဂူထဲသို့ဝင်ပြီး မကြာမီမှာပင် ....

"ဝုန်း .... ဝုန်း"

ဟူသောအသံ ထွက်ပေါ်လာပြီး သူ၏နောက်ဘက်မှ ကျောက်တံခါးတစ်ချပ် ပြုတ်ကျလာပြီး အပေါက်ပိတ်သွားသည်။

ကျူဖေက ပြုံးလိုက်၏။

သည်လို အတားအဆီးမျိုးကို ကြောက်လန့်ခဲ့လျှင် မည်သူက သူ့အား မောင်စန်းတောင်ဓားသိုင်း သူရဲကောင်းဟု ခေါ်ကြပါမည်လဲ။

မည်သို့ပင် အတားအဆီးရှိနေပါစေ အထဲသို့ ဆက်ဝင်မည်ဟု ဆုံးဖြတ်ထားသူ မဟုတ်ပါလား။

ထို့ကြောင့် ....

သူသည် အထဲသို့ ဆက်လက်ဝင်မြဲ ဝင်လေတော့သည်။

ထိုစဉ် ....

www.burmeseclassic.com



သူ့ရှေ့၌ အဖြူရိပ်တစ်ရိပ်လှုပ်ရှားသလို ဖြစ်သွားသည်။

"ရှမ်း .... "

သူ့အားသည် လေထဲ၌ဖြတ်သန်းသွား၏။ အသံကို နားထောင်ရသည်နှင့် ထိုအဖြူရိပ်သည် ပိတ်စတစ်စသာဖြစ်ကြောင်း သူသိလိုက်သည်။

ကျို့ဖေသည် လက်တစ်ဖက်က မီးတုတ်ကိုမြှောက်ပြီး ထိုပိတ်စကို ဓားဖြင့် ထိုးလှန်လိုက်၏။

ပိတ်ဖြူပေါ်၌ စာရေးထားသည်။

သူက မီးတုတ်မှအလင်းရောင်နှင့် ဖတ်ကြည့်လိုက်ရာ ....

"ဂူထဲဝင်သူဟာ အုတ်ဂူထဲဝင်သူနဲ့အတူတူပဲ"

စာက ထိုမျှသာပင်။

ခြိမ်းခြောက်စာပင်။

ဤသို့သော ခြိမ်းခြောက်နည်းမျိုးကို ကျို့ဖေ မကြောက်ပါ။ မိမိ သေဆုံးရမည်ဟု ခြိမ်းခြောက်ထားခြင်း မဟုတ်ပါလား။

"ဟား ဟား ဟား .... "

ကျို့ဖေက အားရပါးရ ရယ်မောလိုက်၏။

သူ၏ရယ်သံသည် ဂူထဲ၌ ပဲ့တင်ထပ်သွား၏။

ကျို့ဖေသည် ရယ်မောရင်း မီးတုတ်ကိုမြှောက်ကိုင်ပြီး ဂူထဲသို့ ရှေ့တိုးဝင်လာသည်။

ဂူသည် တဖြည်းဖြည်းကျယ်ဝန်းလာကြောင်း ကျို့ဖေ သတိထားမိလာလေ၏။

ဂူကြီးသည် ယခင်က သဘာဝလိုဏ်ဂူကြီး ဖြစ်သော်လည်း



နောက်ပိုင်း၌ လူတို့၏လက်ဖြင့်ပြုပြင်ထားသည့်အခြေအနေများကို မြင်တွေ့နေရသည်။

"အင့် .... အင့် .... အီး"

အသံ၊ ဘာမှန်းမသိသောအသံ၊ ထူးခြားသော အသံ။

ကျို့ဖေ ရုတ်တရက်မို့ ကြက်သီးထသွားသည်။

သူသည် ချက်ချင်းပင် မြေကြီးမှာကပ်ပြီး နားထောင်လိုက်ရာ ညည်းညူသံကဲ့သို့သောအသံမျိုးကို ကြားလိုက်ရပြန်သည်။

အသံကား သူ့ရှေ့မှလာသောအသံပင်။

ကျို့ဖေသည် ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။

ဂူကြီးကား ကျယ်ဝန်းသည်ထက် ကျယ်ဝန်းလာသည်။

မကြာမီ ....

လူနေအိမ်ခန်းကဲ့သို့ ပြုပြင်ထားသောနေရာသို့ ရောက်ရှိလာ၏။

အခန်း၏ တစ်ဘက်ထောင့်တွင် ကျောက်ခုတင်တစ်လုံးရှိနေသည်။

ကျောက်ခုတင်သက်သက်ဆိုလျှင် ထူးဆန်းမည် မဟုတ်ပါ။

ထို ကျောက်ခုတင်ပေါ်၌ လူတစ်ယောက်ကို တွေ့လိုက်ရသည့်အခါတွင်မူ ကျို့ဖေမှာ ကြက်သေ သေသကဲ့သို့ ဖြစ်သွားရတော့သည်။

ကျို့ဖေက ရှေ့တိုးကြည့်ရာ ထိုလူ၏ လက်နှင့်ခြေများကို ကျောက်ခုတင်ပေါ်၌ သံနှင့်ရိုက်ပြီး ချုပ်နှောင်ထားကြောင်း တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်လှချည်လား .... "

ကျုံဖေ လွန်စွာ ဒေါသထွက်သွားသည်။

ထိုလူမှာ တအင့်အင့် ညည်းညူနေသည်။ သူ စောစောကကြား သည့်အသံမှာ သည်အသံပင်။

သို့သော် ....

သူ၏ညည်းညူသံမှာ ပါးစပ်မှ ထွက်ခြင်းမဟုတ်ဘဲ အာခေါင် ထဲမှ အသံတစ်မျိုး ထွက်နေခြင်းသာ ဖြစ်ပါသည်။

ထိုလူ၏ ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်နေသည်။

ထိုလူ မသေသေးပါ။ အသက်နှင့်ကိုယ်မြဲလျက် ရှိနေပါသေး သည်။

ထို့ကြောင့် ....

ကျုံဖေသည် ဓားကို ဓားအိမ်ထဲ ပြန်ထည့်ပြီး အလျင်အမြန် ချဉ်းကပ်လိုက်သည်။

"မိတ်ဆွေ .... ခင်ဗျား ဘယ်သူလဲ .... ဘာကြောင့် ဒီဂူထဲ ရောက်နေရတာလဲ .... "

ကျုံဖေက ကြင်နာစွာ မေးလိုက်၏။

ထိုလူက ကျုံဖေကို ပြန်ကြည့်သည်။

ထိုလူသည် မမျှော်လင့်သည့် လူကို တွေ့လိုက်ရသောအခါ အားကိုးတကြီးဖြင့် ပြန်ကြည့်သည်။ သူ ပါးစပ်ဟလိုက်၏။

သို့သော် .... စကားသံ ထွက်မလာပါ။ စကားသံအစား ပါးစပ်ထဲမှ သွေးများနှင့် ပလုံးပထွေး အသံတစ်ချက်သာ ထွက်ပေါ် လာသည်။ ထိုလူပြောသည့်စကားအဓိပ္ပာယ်ကို ကျုံဖေ နားမလည်ပါ



ပြင်းပြင်းထန်ထန် နှိပ်စက်ခံထားရပါလျက် အသက်ရှင်နေနိုင်စွမ်း ရှိသော ထိုလူ၏ခံနိုင်ရည်ရှိမှုမှာ ချီးကျူးစရာကောင်းလှသည်။

"ခင်ဗျား ဘာပြောချင်တာလဲ"

သို့သော် .... ထိုလူထံမှအသံကို ပလုံးပထွေးနှင့်သာ ကြားနေရ သည်။

ကျုံဖေမှာ မျက်နှာပျက်သွားသည်။ မျက်နှာပျက်သွားရခြင်းမှာ ထိုလူသည် လျှာများ အဖြတ်ခံရလေသလားဟု တွေးတောမိခြင်း ကြောင့် ဖြစ်သည်။

လက်ချောင်း၊ ခြေချောင်းများကို ရှတင်၍ သံနှင့်စွဲအနှိပ်စက်ခံ ထားရသူတစ်ယောက်အဖို့ လျှာဖြတ်ခံရခြင်းမှာ အတော်များနေသည်။

နှိပ်စက်သူသည် လူစိတ်ရှိသူတစ်ယောက် မဟုတ်ပေ။

ကျုံဖေက တစ်နည်းတစ်လမ်းစဉ်းစားပြီး ထပ်မေးလိုက်၏။

"ခင်ဗျား စာရေးပြောနိုင်မလား"

ထိုလူက ခေါင်းကို မသိမသာညိတ်ပြသည်။

ကျုံဖေသည် ထိုလူခေါင်းညိတ်ပြမှ ထိုလူကို လွန်စွာအားနာ သွားသည်။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကို သံနှင့်ရိုက်စွဲခံထားရသည့် အပြင် ဒဏ်ရာအကြီးအကျယ်ရနေသူအား စာရေးခိုင်းရမည့်ကိစ္စမှာ လွန်စွာမဖွယ်ရာသောအလုပ်ဖြစ်နေသည် မဟုတ်ပါလား။

ထို့ပြင် ....

ဘယ်မှာလဲ မင်တံ၊ ဘယ်မှာလဲစက္ကူ။ ထို့ကြောင့် မေးပြီးမှ အားမှန်းသိတော့သည်။

သူသည် တစ်စုံတစ်ရာကို စဉ်းစားမိသွားပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ သေမယ့်လူပါပဲ၊ ဒီတော့ ဒီသံချောင်းကို ကျုပ်နှုတ်လိုက်မယ်၊ ထွက်သွားတဲ့သွေးနဲ့ စာရေးပြပါလား၊ ခင်ဗျားသဘောတူမှ လုပ်ပါ .... ကျုပ်ကတော့ အတင်းအကျပ်မတိုက်တွန်းပါဘူး"

ထိုလူက သဘောတူသည့် အထိမ်းအမှတ်အဖြစ် လည်ချောင်းသံပေးလိုက်၏။

ကျူးဖေသည် ဤကျွန်း၏လျှို့ဝှက်မှုကို သိရတော့မည်ဟုယူဆပြီး လက်နှစ်ဖက်မှ သံကို ဆွဲနှုတ်လိုက်တော့၏။

ထိုလူမှာ နာကျင်လွန်းသဖြင့် အော်ဟစ်လိုက်၏။

သို့သော် ....

အသံမှာ ကျယ်လောင်ခြင်းမရှိပါချေ။

သံနှုတ်ပြီးသောအခါမှ သွေးများ တရဟော စီးဆင်းကျလာသည်။

ထိုလူက တုန်ယင်နေသောလက်ဖြင့် သွေးကိုတို့ကာ ပိတ်ပေါ်၌ စာရေးပြသည်။

ကျူးဖေက မီးတုတ်နှင့်ကြည့်လိုက်သည်။

"ဒီနေရာ နန်းတော်အဝင်ဝ အရိုးဖြူ"

ထိုလူမှာ စာကို ထိုမျှသာရေးနိုင်ပါသည်။ ဤသို့ရေးနိုင်ခြင်းအတွက်ပင်၊ ထိုလူကို ချီးကျူးရပါမည်။ သူသည် တစ်လုံးချင်းခက်ခဲစွာရေးပြခဲ့ရခြင်းဖြစ်ပါသည်။ ကျူးဖေက အားပေးလိုက်၏။

"ရေးပါ .... ရေးပါ၊ ကြိုးစားပြီး ရေးပြစမ်းပါ .... ကျုပ်က သိုင်းလောကသားတွေအားလုံးအတွက် လာခဲ့တာပါ၊ ဟူရှန်ဖုံကို နှိမ်နင်းသုတ်သင်လိုက်ရလို့ ကျုပ်အသက် သေသွားမယ်ဆိုရင် သေပါစေ ခင်ဗျားနဲ့ကျုပ်ရဲ့အသက်သွေးတွေပေါင်းစပ်ပြီး သိုင်းလောကကို ကယ်တင်ကြတာပေါ့"



ထိုလူက ချည့်နဲ့စွာ ဆက်၍ရေးပြသည်။

စာလုံး လေးငါးလုံးမျှသာ ရေးနိုင်ပြီး သွေးများခြောက်သွားသည်။

ကျူးဖေက သွေးမခြောက်မီ အမြန်ဖတ်ကြည့်ရာ ....

"ဒီဂူအောက်မှာရှိ"

ဟူသာ ရေးသားထားသည်ကို တွေ့လိုက်ရသည်။

ထိုလူက သူ၏ညာလက်ကို ဖြည်းညင်းစွာမကာ သူ၏လည်ပင်းအား လှီးသည့်သဏ္ဌာန် လုပ်ပြရှာသည်။

ကျူးဖေမှာ စိတ်မကောင်းဖြစ်သွား၏။

ထိုလူသည် ဝေဒနာကို ပြင်းပြစွာ ခံစားနေရသဖြင့် အမြန်ဆုံးသေဆုံးလိုဟန်ရှိနေသည်။ သူ့ကို သတ်ပေးပါရန် တောင်းပန်ခြင်း ဖြစ်ပါသည်။

ကျူးဖေမှာ ထိုလူအတွက် စိတ်မကောင်း ဖြစ်မိသော်လည်း သတ်သာပါ။

ထိုလူ၏ဆန္ဒကို ဖြည့်ဆွမ်းပေးရန် ဆုံးဖြတ်လိုက်ပါသည်။

ထို့ကြောင့် ....

သူက မည်သူမည်ဝါမှန်းမသိသော ထိုလူအတွက် ဆုတောင်းပြီး ထိုလူအား ဓားနှင့်တစ်ချက်တည်းထိုးသတ်လိုက်၏။

ထိုလူသည် မသဲမကွဲ တစ်ချက်ညည်းနေပြီး ငြိမ်သက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ....

ကျုံဖေ၏နောက်မှ လေတိုးသံများ ထွက်ပေါ်လာ၏။

"ဝှစ် .... ဝှစ်"

အရာဝတ္ထုတစ်ခု လွင့်လာသည့်အသံတည်း။

လေတိုးသံကြားသည်နှင့် ကျုံဖေက လိုမ့်ချရှောင်ပေးပြီး ဖြစ်နေသည်။

ကျောက်ရဲတင်းနှစ်ခုသည် ကျုံဖေ၏ခေါင်းပေါ်မှ ဖြတ်ကျော်သွားပြီး ကျောက်နံရံကိုသွား၍ ထိမှန်သည်။

ပစ်သည့်အားမှာ ပြင်းထန်သည့်အတွက် မီးများပင် ပွင့်သွား၏။

ထို့နောက် ....

ကြမ်းပြင်ပေါ်သို့ တဒေါက်ဒေါက်ကျသွားသည်။ ရန်သူများသည် ကျုံဖေ၏ ပတ်လည်၌ရှိနေကြလေပြီ။

ကျုံဖေ ထရပ်လိုက်စဉ် လူရိပ်နှစ်ခု ရိပ်ခနဲ ရောက်ရှိလာပြီး ကျုံဖေကို ဘယ်ညာခွဲ၍ တိုက်ခိုက်တော့သည်။

"ငါ့ကို ချောင်းပိတ်ပြီး တိုက်တာပေါ့လေ၊ ရပါတယ်၊ မင်းတို့ မကြောက်လို့ ငါဒီထဲ ဝင်ခဲ့တာပဲ"

ကျုံဖေ ပြန်လှန်ခုခံရတော့၏။

သူ့ကို တိုက်ခိုက်လာသူများကို ကြည့်လိုက်သောအခါ အဝ ရောင်ဝတ်စုံဝတ်ဆင်ထားသော မိစ္ဆာဟန်ဆောင်သည့် လူနှစ်ယော ဖြစ်ကြောင်း သိလိုက်ရ၏။

ပထမရရှိသည့် အတွေ့အကြုံများအရ မိစ္ဆာဟန်ဆောင်သူများ



ကို တိုက်ခိုက်လျှင် ခန္ဓာကိုယ်အား တိုက်ခိုက်၍မရကြောင်း ကျုံဖေ သိထား၏။

ထို့ကြောင့် ဓားကို မသုံးပါ။

ဓားကိုပြန်ထည့်ပြီး လက်နှင့်သာ ပြန်လည်တိုက်ခိုက်လိုက်လေ၏။

မိစ္ဆာဟန်ဆောင်ထားသော လူများ၏ သိုင်းပညာမှာ အဆင့်မမြင့်ပါ။

ကျုံဖေကဲ့သို့သောည လူမျိုးနှင့်စာလျှင် များစွာနိမ့်ကျပါသည်။

ထို့ကြောင့် သိုင်းကွက် ဆယ်ကွက်မျှအတွင်း ကျုံဖေက မိစ္ဆာ တစ်ကောင်ကို ဖမ်းမိသွားသည်။

ကျုံဖေသည် ရှည်ရှည်ဝေးဝေး လုပ်မနေတော့ပါ။ ထိုလူငယ်အား ကျောက်နံရံသို့ ပစ်ပေါက်လိုက်သည်။

"ဝုန်း ...."

ထိုလူမှာ ခေါင်းနှင့်ကျောက်နံရံဆောင့်မိပြီး သေဆုံးသွားလေတော့၏။ တစ်ယောက်သေဆုံးသွားသည်ကို တွေ့သောအခါ နောက်တစ်ယောက်က ကျုံဖေအား မတိုက်ခိုက်ရဲတော့ချေ။ နောက်လှည့်ပြေးရန် ဟန်ပြင်သည်။

ကျုံဖေက ထိုလူ၏ခြေထောက်ကို လှမ်းဆွဲလိုက်သည်။ သိုင်းကွက်မဟုတ်ပါ။ ရိုးရိုးရှင်းရှင်းလှမ်းဆွဲခြင်းသာ ဖြစ်သည်။

ထိုလူ လဲကျသွားရလေ၏။

"ဝုန်း ...."

ထိုလူက လူးလဲထရန် ဟန်ပြင်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ....

ခန္ဓာကိုယ်၌ ဝတ်ဆင်ထားသော သံချက်ထည်ကြောင့် ထရန် မလွယ်ကူဘဲ ဖြစ်နေသည်။ နှေးကွေးနေသည်။

ကျုံးဖေက အခွင့်အရေးကို လက်လွတ်မခံချေ။

ထိုလူ၏ဘယ်ဘက်လက်မောင်းကိုဖမ်းဆုပ်ကာ ကျောက်နံရံဆီသို့ ပစ်ပေါက်လိုက်တော့သည်။

ဤကဲ့သို့အရေးကြီးသောအချိန်မျိုး၌ ဤနည်းဖြင့် ရှင်းခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု ကျုံးဖေ ခံယူထား၏။ ထိုလူလည်း သေဆုံးသွားသည်။

ကျောက်ခုတင် ဒဏ်ရာရှင်ထံမှ သဲလွန်စအချို့လည်း ရခဲ့လေပြီ။

မိစ္ဆာကောင် ဟန်ဆောင်သူနှစ်ဦးကိုလည်း နှိမ်နင်းနိုင်ခဲ့ပြီ။

ကျုံးဖေ၏ပထမအဆင့် ခြေလှမ်းသည် အောင်မြင်မှုရှိသည်ဟု ဆိုနိုင်ပါ၏။

ထို့ကြောင့် ကျုံးဖေ စိတ်ဓာတ်တက်သွားသည်။



## အခန်း(၃၄)

## ထွက်ပြေးရသည့်သူရဲတောင်း

ရန်သူနှစ်ယောက်ကို သုတ်သင်ရှင်းလင်းပြီးနောက် သူ ဘာဆက်လုပ်သင့်သည်ကို ကျုံးဖေ စဉ်းစားနေ၏။

စောစောက သေဆုံးသွားသော ကျောက်ခုတင်ပေါ်မှလူပြောပြသည့်စကားများကိုလည်း ချန်ထား၍ မရပေ။ ထည့်သွင်းစဉ်းစားရသည်။

ဒီလူက ဒီမှာ ဘယ်လိုလုပ်ပြီး အကျဉ်းသား လာဖြစ်ရတာလဲဟုလည်း တွေးသည်။

သူက ကျောက်ခုတင်ကို စူးစမ်းကြည့်၏။ ထူးခြားချက် တွေ့ရလို တွေ့ရငြား ရှာဖွေခြင်း ဖြစ်သည်။

ထိုစဉ် အနီရောင် လူရိပ်တစ်ရိပ်သည် လှစ်ခနဲ ရောက်ရှိလာလေတော့၏။

ကျုံးဖေ လန့်သွားသည်။ ရန်သူများသည် သူ့ကို အချိန်ပေးလိမ့်မည်ဟု သူ ယူဆထားခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယခု ရန်သူသည် အလျင်အမြန် ရောက်ရှိလာခဲ့လေပြီ။

ထိုအနီရောင်ရိပ်၏လှုပ်ရှားမှုမှာ မြန်ဆန်၏။

အဝါရောင်လူများနှင့် ဆီနှင့်ရေကဲ့သို့ ခြားနားသည်။

အနီရောင်ဝတ်စုံဝတ်များသည် ဟူရှန်ဖုံ၏ ထိပ်တန်း သိုင်းသမားများဖြစ်ဟန်ရှိသည်ဟု ကျူဖေ တွေးမိလေ၏။ မျက်နှာတွင် မျက်နှာဖုံးစွပ်ထားပြီး ဆံပင်ကို ရှည်လျားစွာ ချထားသော အနီရောင်ဝတ်စုံဝတ်များကို ကျား၊ မ ခွဲခြားရန် ခက်လှပေသည်။

ထိုလူ၏ လှုပ်ရှားမှုကိုကြည့်ပြီး အဆင့်မြင့် သိုင်းသမားတစ်ယောက်ဖြစ်ကြောင်းကိုကား ရိပ်စားမိ၏။

စောစောက အဝါရောင် မိစ္ဆာကောင် ဟန်ဆောင်ထားသူများထက်ပို၍ ဒုက္ခပေးနိုင်ကြောင်းလည်း နားလည်လိုက်၏။

ကျူဖေက ဓားကိုဆွဲထုတ်လိုက်သည်။

ထို့နောက် ရောက်ရှိလာသော ဝတ်စုံနီအား တရကြမ်းပင် ခုတ်တိုက်ခိုက်ရတော့သည်။ သည်ဝတ်စုံနီသည် အခြားသူများထက် ထူးခြား၏။

သူက ငါးပေ၊ ခြောက်ပေခန့်ရှည်သော ကျာပွတ်ကို ကိုင်ထားသည်။ ကျာပွတ်တစ်လျှောက်တွင် သံချိတ်များကို ကင်းခြေများသဖွယ် တပ်ဆင်ထားသည်။ စိမ်းပြာရောင်ပြောင်လက်နေသော သံချိတ်များသည် အဆိပ်လူးထားနိုင်ကြောင်း ကျူဖေ ခန့်မှန်းမိ၏။

လိုက်ဂူထဲ၌ အနီရောင်ဝတ်စုံဝတ်၏ လှုပ်ရှားပုံမှာ လွန်စွာကြက်သီးထဖွယ်ကောင်းလောက်အောင် လျင်မြန်နေသည်။



သူ၏ တိုက်ခိုက်မှုများကလည်း တိတိကျကျရှိသည်။ အပိုအလိုမရှိ တိုက်ခိုက်ခြင်းသည် သိုင်းသမားကောင်းတို့၏ အရည်အချင်းတစ်ရပ်ပင် ဖြစ်သည်။

သို့သော် ဝတ်စုံနီသည် အထက်လမ်းသိုင်းသမား မဟုတ်။ အောက်လမ်းသိုင်းသမားဖြစ်နေ၏။ ထို့အတွက် အထူးချီးကျူးစရာ ရှိပေ။

အဆိပ်လူးထားဟန်ရှိသော ကျာပွတ်ရိပ်များသည် ကျူဖေ့ကို သွမ်းခြိမ်းလျက် ရှိနေတော့၏။

ကျူဖေက ကျာပွတ်ရိပ်ထဲမှ ရုန်းထွက်ရန် ကြိုးစားလည်း တစ်ခဏသာ ဖြစ်သည်။ ကျာပွတ်ရိပ်က ပြန်လည်အုပ်စိုးလာသည်သာ ဖြစ်၏။ ထိုလူ၏ထက်မြက်သော ကျာပွတ်တိုက်ကွက်ကို ကျူဖေ ချီးကျူးမိ၏။ ဤသို့ဖြင့် သိုင်းကွက်ပေါင်း သုံးဆယ်ကျော်လာတော့သည်။

ကျူဖေနှင့် ဝတ်စုံနီတို့မှာ ပြင်းထန်စွာ တိုက်ခိုက်နေကြရဆဲပင်။ ဝတ်စုံနီက အထက်စီးမှ တိုက်ခိုက်နေသော်လည်း အနိုင်တော့ မရသေးပါ။

ကျူဖေကမူ တိုက်ပွဲကို အမြန်ဆုံး အပြီးသတ်ချင်၏။ ရှေရှည်တိုက်နေရလျှင် သူ့အဖို့ အရှုံးချည်းသာ ဖြစ်တော့မည်။

သူက ကြာရှည်စွာ မတိုက်ခိုက်ချင်ပါ။ အဘယ်ကြောင့်ဆိုသော် ဤကျွန်းသည် ရန်သူ့ကျွန်းဖြစ်၏။ ဤဂူကြီးသည် ရန်သူ့ဌာနချုပ်ဖြစ်နိုင်၏။ သူ့အဖို့ ဘယ်ဘက်ကကြည့်ကြည့် အရှုံးချည်း ဖြစ်နေ၏။

အချိန်ကြာမြင့်စွာ တိုက်ခိုက်နေခြင်းကြောင့် နောက်ထပ်ရန်သူများ ထပ်မံ ရောက်ရှိလာနိုင်စေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက နောက်သို့ ခုန်ဆုတ်လိုက်၏။

ဝတ်စုံနီက အေးစက်စွာ ရယ်မောလိုက်ပြီး ....

"ရှင်က ပြေးမလို့လား၊ ဒီကိုရောက်ပြီးတဲ့နောက် ဘယ်သူမှ အသက်ရှင်လျက်နဲ့ ပြန်မထွက်နိုင်ဘူး၊ ဒါပေမယ့် ရှင်က အဆင့်မြင့်တဲ့ လူဆိုတော့ တို့အရိုးဖြူဂိုဏ်းကို ဝင်၊ လက်နက်ချ၊ ကျောက်ခုတင်ပေါ်က 'ဝမ်ပုကျင်'ရဲ့အဖြစ်ကို တွေ့တယ်မဟုတ်လား၊ သူ့လို မဖြစ်ချင်ရင်တော့ ကျွန်မ ပြောသလိုသာ လုပ်ပေတော့"

ဝတ်စုံနီ၏အသံမှာ မိန်းကလေးအသံဖြစ်နေသဖြင့် ကျိုဖေမှာ အံ့အားသင့်သွားသည်။

သို့သော် ထိုထက်ပို၍ အံ့ဩစရာမှာ ဝမ်ပုကျင်ဟူသော နာမည်ဖြစ်ပေသည်။

ဝမ်ပုကျင်ဟူသောအမည်ကို သူ ကြားဖူး၏။

ဝမ်ပုကျင်သည် သိုင်းပညာအဆင့်မြင့်သော ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်သည်။ သိုင်းလောက၌ ထင်ရှားသော ဝမ်ပုကျင်သည် အဘယ်ကြောင့် ဤနေရာသို့ ရောက်ရှိနေရသနည်း။

သူကဲ့သို့ ကြိုးစားရင်း ကံမကောင်း အကြောင်းမလှစွာဖြင့် ရောက်နေခြင်းပေလော။

ကျိုဖေသည် တွေးရင်း တုန်လှုပ်သွား၏။

ဝတ်စုံနီက စကားဆက်ပြောသည်။

"ဘယ်လိုလဲ၊ ရှင် လက်နက်ချတော့မလား"

ကျိုဖေက ရယ်မောလိုက်ပြီး ....



"ငါ့ကို မင်း နိုင်သေးလို့လား၊ မင်းနိုင်ရင်တော့ ဘာစိမ်ျိုးတစ်ဖုံ ဘိုးစားကြသေးတာပေါ့လေ"

ဝတ်စုံနီက ရယ်လိုက်၏။

"ရှင် .... ရှုံးမှတော့ ကျွန်မပြောတဲ့အခွင့်အရေးကို ဘယ်ရတော့မလဲ၊ ဒါက မရှုံးခင် ရှင် ဆုံးဖြတ်ရမယ့်ကိစ္စပဲ"

ကျိုဖေက ခပ်အေးအေးပင် ပြောသည်။

"ကိစ္စမရှိပါဘူး၊ ကဲ .... ငါ့ကို မင်း အရင်ဖြည်းကြည့်ပါဦး၊ ပြီးတော့မှ မင်း ဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပေါ့"

ကျိုဖေသည် ဘယ်ဘက်လက်ဖြင့် လက်နက်ပုန်းများကို ပစ်ထုတ်လိုက်၏။

ဤသည်မှာ မလုပ်သင့်သော ကိစ္စဖြစ်သည်။ ကျိုဖေ ဤသို့လုပ်ခြင်းမှာလည်း အရိုးဖြူဂိုဏ်းသည် အောက်လမ်းဂိုဏ်းဖြစ်၍ မည်သို့လုပ်လုပ် တရားသည်ဟူသော ခံယူချက်ကြောင့် ဖြစ်သည်။

ဝတ်စုံနီသည် ကျိုဖေထံမှ မမျှော်လင့်ဘဲ လက်နက်ပုန်းများ ထွက်လာသည်ကိုတွေ့သောအခါ အလန့်တကြား ရှောင်တိမ်းပေးရတော့သည်။

ဝတ်စုံနီက အံကြိတ်၍ ပြောလိုက်၏။

"ရှင်က လက်နက်ပုန်းပါ သုံးတာကိုး၊ အလာရှိရင် အပြန်ရှိတယ်၊ ရှင် သတိထားခုခံပေတော့"

"ဝှစ် .... ဝှစ်"

သံချောင်း ချွန်ကလေးများမှာ အထက်အောက် အလယ်သုံးနေရာခွဲပြီး ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေက သိလိုက်၏။ ထို လက်နက်ပုန်းမှာ အရိုးဖြူဂိုဏ်းချု
ဟူရှန်ဖုံ တီထွင်ထားသည့် လက်နက်ပုန်းပညာပင် ဖြစ်သည်။

ထိုပညာအကြောင်း ရေးမဆွကပင် ကြားဖူးနားဝရှိထားေ
သည်။

ထိုလက်နက်ပုန်းမှာ သာမန် လက်နက်ပုန်းများကဲ့သို့ မဟုတ်
ပါ။

လက်နက်ပုန်း အမျိုးအစား မတူသော်လည်း လက်နှင့်သာ
ပစ်ကြသည်မှာ များ၏။

ယခု လက်နက်ပုန်းမှာ ခါးပတ်ထဲ၌ထည့်ထားပြီး ခလုတ်နှိပ်
ပစ်ခတ်သော လက်နက်ပုန်းဖြစ်၍ သိုင်းလောကရှိ လက်နက်ပုန်းမျာ
နှင့် မတူ။ တစ်မူကွဲပြားသောပညာ ဖြစ်နေသည်။

ထို့အပြင် တစ်ပါပစ်လျှင် ဆယ်ချောင်းခန့်ထွက်အောင် စီမံထာ
သဖြင့် ရန်သူများ ကျောချမ်းစရာလက်နက်ဖြစ်နေတော့သည်။

ကျုံဖေသည် ဝတ်စုံနီ ကြိမ်းလိုက်သည်နှင့် အပေါ်သို့တအာ
ခုန်လိုက်၏။ လက်နက်ပုန်းများသည် ကျုံဖေ၏ခြေထောက်အောက်
ဖြတ်ထွက်သွားသည်။

ကျုံဖေက ပြန်ကျလာသည်နှင့် ဓားစကြာ လှည့်မွှေကာ ဝတ်
နီထံသို့ တရိန်ထိုး ခုန်ဝင်သွားတော့သည်။

ဝတ်စုံနီမှာ အလွန်တရာ လျင်မြန်လှသော ကျုံဖေ၏တို
တိုက်ခိုက်မှုကို အံ့အားသင့်သွားသည်။

ဝတ်စုံနီသည် ပထမဦးဆုံးအကြိမ် မြေပေါ် လိမ့်ချကာ ရှော



ထိမ်းလိုက်ရတော့၏။ ဤသို့မျှမရှောင်လျှင်လည်း ကျုံဖေ၏ဓားချက်
ကို ခုခံကာကွယ်နိုင်မည် မဟုတ်ပေ။

ကျုံဖေက တစ်ဆက်တည်းပင် အော်လိုက်၏။

"သတိထား"

သူသည် လက်နက်ပုန်းကိုပစ်ခတ်ပြီး တစ်ဆက်တည်း ဓားဖြင့်
တိုက်ခိုက်ပြန်ရာ ဝတ်စုံနီမှာ အသက်ရှူခွင့်မရအောင် ဖြစ်သွား၏။

ထပ်မံ လိမ့်ရှောင်ပါသော်လည်း လက်နက်ပုန်း သုံးခုခန့်ထိမှန်
ပြီး နောက်ဆုံးဆုတ်ပြေးသွားရလေတော့သည်။

ကျုံဖေက သက်ပြင်းချလိုက်မိသည်။ ရန်သူများက တကယ်
အလေးဂရုပြုရမည့် ရန်သူများတည်း။ သူသည် သူ့ကိုယ်သူ အတော်
အစွမ်းထက်သော သိုင်းသမား သူရဲကောင်းဟု ထင်နေခဲ့သည်။

ယခု ဟူရှန်ဖုံ လက်အောက်၌ မည်သည့်အဆင့်ရှိမှန်းမသိသော
ဝတ်စုံနီကို အစွမ်းကုန် အားကုန်သုံး၍ တိုက်ခဲ့ရသည်။ နောက်ထပ်
ဝတ်စုံနီတစ်ယောက်သာ ရောက်လာခဲ့လျှင် သူ နိုင်တော့မည် မဟုတ်
သေး

အပြင်၌ ယန်ချင်ထန်တို့လူစုလည်း ရှိနေသေး၏။

ယန်ချင်ထန်တို့ အဖမ်းခံရကြောင်း သူ မသိသေးချေ။

ထို့ကြောင့် သူက နောက်သို့ပြန်ထွက်လာသည်။ ယန်ချင်ထန်
တို့နှင့် ပူးပေါင်းမည်ဟု ကြံစည်သည်။

ခြေလှမ်း ငါးဆယ်မျှလှမ်းမိသည်အထိ ရန်သူဟူ၍ တစ်ယောက်
မျှ ထွက်ပေါ်လာခြင်း မရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



ကျူဖေသည် သတိကြီးစွာထားပြီး တစ်လှမ်းချင်း ပြန်ထွ
လာခဲ့လေ၏။

သို့သော် သူသည် ထိုခြေလှမ်းငါးဆယ်ထက် ပို၍လှမ်းရန် မဖြ
နိုင်တော့ပေ။

"ဝှစ် ...."

သူ၏ကျောဘက်ဆီသို့ လက်နက်ပုန်းတစ်ခု လွင့်လာသည်
လေတိုးသံကို သူ ကြားလိုက်ရသည်။

ကျူဖေက လှုပ်တစ်ပြက် နောက်လှည့်ပြီး ဓားနှင့်ရိုက်ထု
ပစ်လိုက်၏။

သူ၏ရန်သူကိုကြည့်လိုက်ရာ ဝတ်စုံနီတစ်ယောက်ပင် ဖြစ်
ပြန်သည်။

"ဟိုက် ...."

ထိုဝတ်စုံနီမှာလည်း ဆံပင်ရှည်လျားပြီး မိန်းကလေးနှင့် တူ
သူသည် ညည်းညူလိုက်၏။

"ဟင်း .... လာပြန်ပြီတစ်ယောက်၊ မလွယ်ပါလား"

အခုရောက်လာသော ဝတ်စုံနီမှာ စောစောက ဝတ်စုံနီထ
ပို၍ သေးသွယ်သည်။ မျက်နှာကို မမြင်ရသော်လည်း ကိုယ်ဟန်
အတော်ပင်လှပ၏။

ထိုဝတ်စုံနီမှာ ပို၍ဖျတ်လတ်ကြောင်း တွေ့ရသည်။ ဓား
ချက် ခွဲ့လိုက်ရုံဖြင့် ဝတ်စုံနီသည် ကျူဖေ၏အနီးသို့ ရောက်လာ
ပထမပစ်လိုက်သည့် လက်နက်ပုန်းသည် ကျူဖေကို တမင် သတိ
ပစ်ခတ်ခြင်းသာ ဖြစ်၏။



"ဝှစ် .... ဝှစ် .... ဝှစ်"

ဝတ်စုံနီက လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ....

ကြိုးငါးချောင်းသည် ကျူဖေ၏ခေါင်းပေါ်သို့ လွင့်ပျံတက်လာ
သည်။

ကြိုးကွင်း၊ သံချိတ် အစရှိသည့် ကြိုးငါးချောင်း ဖြစ်သည်။

ကြိုးငါးချောင်းစလုံး ပြိုင်တူပင် ကျူဖေထံသို့ ရောက်ရှိလာ
သည်။

ကျူဖေက စိတ်ထဲမှ ကျိတ်ချီးကျူးမိ၏။ ကြိုးငါးချောင်းကို
နေသူ့ဦးခေါင်းဆီသို့ စက်ဝိုင်းပုံသဏ္ဍာန် ရောက်ရှိအောင် ပစ်ခတ်နိုင်စွမ်း
ဖို့ရန်မှာ လွန်စွာခက်ခဲသောအလုပ် ဖြစ်ပေသည်။ ကျူဖေအဖို့လည်း
ခဲသောအလုပ် မဟုတ်ပါ။ ထိုကြိုးချောင်းများကို ဓားနှင့်ဝှေ့ယမ်း
တ်တောက်နိုင်လျှင် သူ့အဖို့ ဘေးကင်းသည် မဟုတ်ပါလော။

ကျူဖေက ဓားကိုဝှေ့ယမ်းလိုက်၏။

သို့သော် ကြိုးကွင်းများမှာ ချက်ချင်း ကွယ်ပျောက်သွားသည်။

ကျူဖေ အံ့အားသင့်သွားစဉ်မှာပင် ကြိုးများ ထပ်မံရောက်ရှိလာ
န်တော့သည်။

ယခုတစ်ခေါက်လွင့်လာသောကြိုးများမှာ ပင့်ကူအိမ်ပုံသဏ္ဍာန်
၍ ဆန်းကြယ်လှပေသည်။

စောစောက ပစ်ခတ်မှုမှာ စက်ဝိုင်းသဏ္ဍာန်ဖြစ်၍ လှပသော
သဏ္ဍာန်မဟုတ်ပေ။

ကျူဖေမှာ သတိထားပြီး ခုခံတိုက်ခိုက်နေရသည်။ ကြိုးကွင်း
ခေါင်း၌စွပ်မိလျှင် ဝမ်ပုကျင်ကဲ့သို့ ဒုက္ခရောက်သွားနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရန်သူက အဝေးမှတိုက်ခိုက်နေသောကြောင့် ကျုံဖေ ခုခံရုံသတ်သတ်သာ ဖြစ်နေတော့၏။ ခံစစ်သတ်သတ်ဖြစ်နေ၏။

ကျုံဖေသည် လူနှင့်ဓားကိုလှည့်ပတ်ကာ မိန်းကလေးထံ ပြေ ဝင်လိုက်၏။

ထို့နောက် လက်နက်ပုန်းပါ တစ်ပြိုင်နက် ပစ်လွှတ်သည်။

ထိုတိုက်ကွက်မှာ ကျားပွတ်နှင့်ဝတ်စုံနီအား အနိုင်ယူလို သော တိုက်ကွက်ဖြစ်သည်။ ယခု ဒုတိယအကြိမ် စမ်းသပ်ကြည့်ခြ ဖြစ်သည်။

သို့သော် ယခု ဝတ်စုံနီက သူ၏တိုက်ခိုက်မှုကို ကြိုတင်သိရှိ သဖြင့် ကျုံဖေ၏ကြိုးပမ်းမှုမှာ အချည်းအနှီးဖြစ်သွားသည်။ သူ သ ထားကြည့်သောအခါ ဝတ်စုံနီ၏လက်တစ်ဖက်သည် လက်တုဖြစ် ကြောင်း တွေ့လိုက်ရသဖြင့် အံ့သြသွားသည်။

လက်တုဖြင့် တိုက်ခိုက်ရာ၌ပင် ဤမျှတော်နေလျှင် ပကတိ လက်ဖြင့် တိုက်ခိုက်ပါက မည်မျှတော်နေလေမည်နည်း။

ဤလိုဏ်ဂူထဲ၌ ဝတ်စုံနီအရေအတွက် မည်မျှရှိနေပါသနည်း။

ဝတ်စုံနီများမှာ တစ်ယောက်ထက် တစ်ယောက်က ပို၍တော် နေသည်။ ဟူရှန်ဖုံသည် သူ့ကို စိတ်ဓာတ်ကျစေရန် တစ်ဆင့်ပြီးတစ်ဆ ပြုလုပ်နေသည်လား မဆိုနိုင်။ ဝတ်စုံနီနှစ်ယောက်သာ ရောက်လာ လျှင် သူ မည်သို့မျှ မယှဉ်နိုင်ပေ။ သည်ဝတ်စုံနီသည်လည်း အမျိုးသ ပင် ဖြစ်နေပြန်ပါသည်။

"အင်း .... ရှင်မဆိုးဘူး၊ ကျွန်မကို သိုင်းကွက်သုံးဆယ်လော ယှဉ်နိုင်တယ်ဆိုတော့ မဆိုးဘူး၊ ရှင့်လိုလူမျိုးကို ဂိုဏ်းချုပ်က လိုခ



ယ်၊ ဒီတော့ ရှင်အညံ့ခံပြီး ကျွန်မတို့ဂိုဏ်းထဲဝင်လိုက်ပါ၊ ရှင့်ကို ကျွန်မ သတ်ချင်ဘူး ...."

ကျုံဖေက ခေါင်းခါပြလိုက်ရင်း ....

"ကျုပ် အညံ့မခံနိုင်ဘူး"

ဝတ်စုံနီက အေးစက်သောလေသံဖြင့် မေး၏။

"ရှင်သေမှာမကြောက်ဘူးလား၊ ဒီမှာသေရတာက တခြား နေရာတွေမှာ သေရတာနဲ့စာရင် အများကြီး ကြောက်စရာကောင်း ယ်ရှင့်"

ကျုံဖေသည် ဤမိန္ဒာကျွန်းကို အထင်မသေးတော့ပေ .... ။ ကြောင့် လေးလေးနက်နက်ပင် ပြောလိုက်သည်။

"ကျုပ် ခုချိန်ထိ ရှင်နေတုန်းပါပဲ"

ကျုံဖေသည် စကားဆုံးသည်နှင့် သူ့လက်ကို ဝှေ့ယမ်းလိုက် ည်။

မိန်းကလေးက လက်ဝှေ့ယမ်းကာ ကာကွယ်လိုက်သည်။

သို့သော် ကျုံဖေ တကယ်ပစ်ခတ်ခြင်း မဟုတ်ပါ။ ဟန်ပြ ပစ် တ်ခြင်းသာ ဖြစ်ပါသည်။

ဝတ်စုံနီက ကာကွယ်လိုက်သောအချိန်ကို အခွင့်ကောင်းယူ ာ ရှေ့သို့ခုန်ထွက်လိုက်ပြီး ဝတ်စုံနီ၏ဘယ်ဘက်မှ သွေးကြောကို မ်းပိတ်ခြင်း ဖြစ်ပါသည်။

သို့သော် ဝတ်စုံမှာ ပျော့ပျောင်းသောဝတ်စုံမဟုတ်ဘဲ အတော် ကျောနေသောကြောင့် သွေးကြောကို မပိတ်နိုင်ဘဲ နောက်လန် ရုံသာ တိုက်ခိုက်နိုင်လိုက်သည်။ ဝတ်စုံနီမှာ ထိတ်လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ဖေ၏တိုက်ခိုက်မှုကို မခန့်မှန်းနိုင်ခဲ့ချေ။ ဤသို့ လဲကျခြ
မှာ သူ့မအတွက် ရှုံးခြင်းပင် မဟုတ်ပါလော။

ဝတ်စုံနီမှာ အခြေအနေမကောင်းသဖြင့် လှိမ့်ထွက်လိုက်၏
ကျုံ့ဖေက အလွတ်မပေးဘဲ ခုန်လိုက်သည်။ သို့သော် ချက်ချင်း
ပြန်ခုန်ဆုတ်လိုက်ရသည်။

"ဝုန်း ...."

သူ၏ရှေ့ဘက်၌ ကျောက်တုံးခဲတစ်ချပ်ပြုတ်ကျလာသော
ကြောင့် ဖြစ်၏။

သူသာ ခုန်မဆုတ်နိုင်လျှင် တုံးခဲညပ်၍ သေပေလိမ့်မည်။

သိုင်းပညာနှင့် မပတ်သက်သည့် သေခြင်းမျိုးဖြစ်၍ ကျုံ့ဖေမသေ
လိုပါ။ သူသည် တုံးခဲကျလာရာ လိုဏ်ဂူခေါင်မိုးပေါ်သို့ မော့ကြည့်
လေ၏။

ယခု သူ ပိတ်မိနေပြီ ဖြစ်၏။

ရှေ့၊ နောက် နှစ်ဖက်စလုံး ကျောက်တုံးခဲများနှင့် ပိတ်နေ
ဤသည်မှာ သူ အတင့်ရဲမိသည့်အတွက် ပြစ်ဒဏ်ပင် ဖြစ်သည
ရန်သူများသည် သူတို့၏ဗွာနချုပ်၌ ထောင်ချောက်လုပ်ထာ
မည်ကတော့ သေချာပါသည်။

ယခုပုံစံအတိုင်းဆိုပါက ယန်ချင်ထန်တို့နှင့်ပူးပေါင်းရန် မ
နိုင်တော့ပေ။ သူကိုယ်တိုင် အကျဉ်းသားဖြစ်နေပြီ မဟုတ်ပါလော

သူသည် စောစောကဝမ်ပုကျင်သေဆုံးခဲ့သော ကျောက်ခု
သို့ ပြန်သွားပြီး စမ်းသပ်ကြည့်သည်။ ကျောက်ခုတင်ဘောင်ကို



သာအခါ ခုတင်ကြီးတစ်ခုလုံး ရွှေ့လျားသွားပြီး အောက်၌ အံဝှက်
တစ်ခု ပေါ်လာသည်။

ထိုအံဝှက်ကို မ,လိုက်ရာ သုံးပေပတ်လည်ကျယ်သောအပေါက်
တစ်ခု ပေါ်လာ၏။ မြေအောက်သို့ဆင်းမည့်အံဝှက်ဖြစ်ဟန် ရှိသည်။
ည်သို့ပင်ဖြစ်စေ ထိုအပေါက်သည် ကျုံ့ဖေအတွက် မဟာသြသဓ နတ်
ဆေးကြီးပင် ဖြစ်တော့၏။

သူသည် ရဲတင်းစွာပင် ထိုအပေါက်မှတစ်ဆင့် အောက်သို့ ဆင်း
သက်လိုက်၏။ လိုဏ်ဂူ၏အောက်ခြေ၌ ဤသို့သော လျှို့ဝှက်လမ်းများ
များစွာရှိနိုင်သည်ဟုတွေးပြီး ဆက်လက်လျှောက်လာ၏။

သို့သော် သူ မကြာမီပင် စိတ်ပျက်သွားသည်။ မြေအောက်
လမ်း၌ ထွက်ပေါက်ရှာမတွေ့သောကြောင့်ပေတည်း။ တကယ်တမ်း
အားဖြင့် သူဆင်းသည့် မြေအောက်လမ်းသည် ကျဉ်းကျဉ်းကလေးသာ
ဖြစ်သည်။ သူ တလည်လည် သွားနေမိသောကြောင့်သာ ဖြစ်၏။

မကြာမီ သူ့ခေါင်းပေါ်မှ သဲများကျလာသဖြင့် ဘေးသို့ ခုန်
ရှောင်ပေးလိုက်ရ၏။ သဲများကား တဝေါဝေါကျလာနေသည်။

ဤမျှ များပြားသော သဲများ မည်သို့ကျလာပါသနည်း။

ကျုံ့ဖေမှာ ငိုင်သွားသည်။ စိတ်ထဲ၌ လွန်စွာလေးလံသွားသည်။

သဲများ ကျဆင်းလာသည့်အကြောင်းကို သူ နားလည်လိုက်
သာကြောင့် ဖြစ်၏။

မိစ္ဆာကျွန်းသားများသည်သူ့ကို အရှင်လတ်လတ် မြှုပ်သတ်ရန်
ကြံစည်ခြင်းမှတစ်ပါး အခြား မဖြစ်နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သည်သောအချိန်၌ သဲများက သူ၏ခါးကိုပင် မြုပ်နေပြီ ဖြစ်
သည်။

ကျူဖေက အတင်းရုန်းထွက်လိုက်၏။

ထို့နောက် သူ၏ဓားကိုယူကာ ဂူနံရံကို တွင်းဖောက်လေတော့
သည်။ ကံကောင်းထောက်မလျှင် အခြားမြေအောက်ခန်းတစ်ခုသို့
ရောက်ကောင်းရောက်မည်။ အကယ်၍ ကံဆိုးပြီး အခြားတစ်ဘက်၌
မြေအောက်ခန်းမရှိတော့လျှင်တော့ သူ ကံကြမ္မာပင်။ သေခြင်းတရား
ကို လက်မြှောက်အလျှော့ပေးခြင်းထက် တတ်နိုင်သမျှ အန်တုခြင်းက
ပို၍ကောင်းသည်ဟု ကျူဖေ ယူဆသည်။

အောက်မှ သဲပုံမှာလည်း တဖြည်းဖြည်းမြင့်တက်လာ၏။ သူ
စိတ်မလျှော့ပေ။ အားဝင်၍ဆက်တွင်းဖောက်သည်။ ထိုအခါ သူ တွင်း
ဖောက်နေသည့်မြေအောက်နံရံသည် စည်သံကဲ့သို့ မြည်လာလေတော့
၏။

ကျူဖေ တအားတက်သွား၏။

"ဟုတ်ပြီ၊ တစ်ဘက်မှာ ငါထင်ထားသလို မြေအောက်ခန်း
တစ်ခု ရှိနေပြီ"

ကျူဖေသည် ကျန်သောအပိုင်းအစကို ဓားဖြင့် မတူးတော့ဘေ
လက်ဝါးသို့ အတွင်းအားပို့လွှတ်ပြီး ရိုက်ချလိုက်ရာ မြေစိုင်မြေခဲများ
ဝုန်းခနဲ ပြိုကျသွားပြီး သူသည်လည်း သဲများနှင့်အတူ တစ်ဘက် မြေ
တိုက်ခန်းထဲသို့ လွင့်ကျသွားလေတော့၏။

"လွတ်ပြီ .... ကျွတ်ပြီ"



ကျူဖေသည် မြူးတူးစွာ အော်ဟစ်လိုက်မိ၏။ ကျူဖေသည်
သာမန်အားဖြင့် သေရမှာမကြောက်သူ ဖြစ်၏။

သူ မကြောက်ခြင်းမှာ တိုက်ရင်းခိုက်ရင်း သေခြင်းကိုသာ ဖြစ်
သည်။ သိုင်းပညာနှင့်မသက်ဆိုင်ဘဲ သဲထဲမြုပ်သတ်ခံရခြင်းကိုတော့
သူ ကြောက်သည်။

ထို့ကြောင့် သူ ဝမ်းသာအားရ အော်ဟစ်လိုက်ခြင်း ဖြစ်ပါသည်။

အပြင်ရောက်သောအခါ အားအင်မှာ ကုန်ခန်းနေလေသည်။

ဝတ်စုံနီနှစ်ယောက်နှင့် တိုက်ခိုက်ရခြင်း၊ သဲထဲမှ ရုန်းထွက်ရ
ခြင်း၊ ဂူပေါက်ဖောက်ရခြင်းတို့ကြောင့် သူ ဤမျှ အားအင်ကုန်ခန်းရ
ခြင်း ဖြစ်ပါသည်။

သူသည် ထိုမြေအောက်လမ်းမှ စမ်းတဝါးဝါးထွက်ခဲ့ရာ မကြာမီ
အလင်းရောင်တန်းကို မြင်လာရ၏။ ထိုအလင်းရောင်ရှိရာသို့ လျှောက်
သာရာ ဂူပေါက်တစ်ပေါက်ဖြစ်ကြောင်း တွေ့လိုက်ရ၏။

သူတို့ဝင်ခဲ့သော ဂူပေါက်တော့ မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ
သူသည် ဟူရှန့်ဖုံ၏အကျဉ်းသားဖြစ်မည့်ဘေးမှတော့ ကင်းဝေးခဲ့ရပြီ။

သူသည် ဂူထဲမှထွက်လာပြီးနောက် ကျောက်တုံးတစ်တုံးပေါ
၌ ထိုင်ချလိုက်ပြီး အမောဖြေလိုက်၏။

သေတွင်းမှတစ်ကြိမ် အလွတ်ရုန်းလာနိုင်ပြီဟုလည်း တွေးမိ
သည်။

သူက ကောင်းကင်ကို ကြည့်လိုက်သည်။

ညဥ့်အတော်ပင် နက်နေပြီဖြစ်၏။ သို့သော် လရောင်ရှိနေ
သည်။ ဂူထဲမှ ထွက်နိုင်ခဲ့ခြင်းမှာ ထိုလရောင်ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူက မည်သူနှင့်မျှ မတိုက်ခိုက်လိုပါ။ အားအင်လည်း ဆုတ်ယုတ်နေပြီ ဖြစ်၏။

ထို့ကြောင့် ကမ်းခြေဆီသို့ပြန်ရန် စဉ်းစားသည်။ ယန်ချင်တန်တို့ မိသားစုနှင့် ဆက်သွယ်ရန်လည်း ရှိပေသေးသည်။

ထိုစဉ် ....

"ဝှစ် .... ဝှစ်"

လေတိုးသံကြားသည်နှင့် ကျုံဖေသည် လိမ့်ချလိုက်၏။

ထန်းခနဲ ထန်းခနဲမြည်သံနှင့်အတူ လက်နက်ပုန်းများသည် ကျောက်တုံးများကို ထိပြီး မီးပွင့်သွားလေ၏။

ကျုံဖေ ထရပ်လိုက်သောအချိန်၌ သူ၏ရှေ့သို့ ဝတ်စုံနီနှစ်ယောက်မှာ ရောက်နေလေပြီ။ မြန်လိုက်သည့်လူများပါပေ။

ဝတ်စုံနီနှစ်ယောက်စလုံး တစ်လုံးမျှ စကားမပြောပါ။ ဆွေးနွေးခြင်း မရှိပါ။

တရကြမ်း ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ကျုံဖေ စိုးရိမ်ခဲ့သည့်အချက်သည် ဖြစ်လာခဲ့လေပြီ။ သူ စိုးရိမ်သည့်အချက်မှာ ဝတ်စုံနီနှစ်ယောက်နှင့် တစ်ပြိုင်တည်းတိုက်ခိုက်ရမည့်အချက်ပေတည်း။

သူသည် အရိုးဖြူဂိုဏ်း၌ အဆင့်အတန်းနှစ်မျိုးရှိကြောင်း နားလည်လိုက်ရသည်။

အဝါရောင်ဝတ်စုံနှင့်လူများမှာ သိုင်းပညာအဆင့်မမြင့်ပါ။

ထို့အပြင် အဆိပ်ကျွေးခံရ၏။ အဆိပ်မှိုင်းဖြင့် စိတ်ကြိုက်စေခိုင်းခံရ၏။



စကားမပြောနိုင်အောင်လည်း လည်ပင်းနှင့်အာခေါင်ရှိအကြောများကို ပြန်ပြင်ထားသည်။

ဝတ်စုံနီများမှာမူ သိုင်းပညာအဆင့်မြင့်၏။ လူကောင်းသူကောင်းအတိုင်း ဆက်ဆံစကားပြောနိုင်၏။ ဟူရှန်ဖုံကို အာမခံနိုင်သည့် အဆိပ် ကျွေးမကျွေးကိုတော့ ကျုံဖေ မသိနိုင်ပါ။

သို့သော် သူတို့နှင့် စကားပြောခဲ့ရသည့်အခြေအနေအရမူ မူရင်းစိတ်အတိုင်း ရှိပုံရသည်။

ဝတ်စုံနီနှစ်ယောက်သည် ဘယ်ညာခွဲ၍ တိုက်ခိုက်၏။

ကျုံဖေသည် တဖြည်းဖြည်းနောက်ဆုတ်၏။ ထို့နောက် သိုင်းလောက၌ သူ တစ်ကြိမ်မျှ မပြုလုပ်ခဲ့သည့် ရှောင်ပြေးခြင်းအမှုကို ပြုရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၅)

## တာသိုလ်ကဲဝေဘော့ဝင်းသူ

ကျုံဖေ၏စကားဆုံးသောအခါ အားလုံးပင် သက်ပြင်းချမိကြ လေ၏။

မောင်စန်းဇော်  ဓားသမား ကျုံဖေ၏ကျော်ကြားမှုသည် မသေးလှပေ။ ထိုသို့သောလူမျိုးက ဟူရှန်ဖုံ၏ တပည့်နှစ်ယောက်ကို မနိုင်ဟူသော သတင်းက ရဲသုံးဘော်ကို ရင်မောစေ၏။

"ဒီနေ့ သေတွင်းက ပြန်ထွက်လာတာ ကံကောင်းပေလို့ပဲ"

ကျုံဖေက တီးတိုးပြော၏။

ဝမ်ပုကျင်မှာ ဟူတန်းဂိုဏ်းမှ အဆင့်မြင့်သိုင်းသမားတစ်ဦး ဖြစ် ၏။

တာမိုကလည်း ကျုံဖေပြောသော ဝမ်ပုကျင်အကြောင်း တွေး သည်။

တာမိုသည် ဝမ်ပုကျင်နှင့် တွေ့ခဲ့ဖူးသည်။

ဝမ်ပုကျင်မှာ ဟူတန်းဂိုဏ်း၏ အဆင့်မြင့်ဆုံး ဓားသမား



အများက လက်ခံထားကြသည်။ သို့သော် ဝမ်ပုကျင်သည် မာနကြီးသူ ဖြစ်၍ သိုင်းလောကၥ် မိတ်ဆွေ သိပ်မရှိပေ။ ထို့ပြင် ဟူတန်းဂိုဏ်းသားချင်း စကားများကြရာ၌ ဝမ်ပုကျင်သည် တစ်ဦးတည်းသော အတိုက် အခံဖြစ်သည်ဟု ကြားသိရပြီးနောက် ဝမ်ပုကျင်သည် ဟူတန်းဂိုဏ်းကို ကျောခိုင်းထွက်ခွာသွားသည်ဟု  သတင်းရရှိခဲ့သည်။

ထို့နောက်ပိုင်း မည်သည့်သတင်းမျှ မရခဲ့ပါ။

ယခု ကျုံဖေပြောပြသဖြင့် ဝမ်ပုကျင်တစ်ယောက် မည်မျှ ဆိုးဆိုးရွားရွား သေရသည်ကို သိရှိရတော့သည်။ တာမို တုန်လှုပ်မိသည်မှာ အမှန်။

ကျုံဖေက ....

"ကျုပ်ထင်တာ ဒီဂူထဲမှာ လမ်းကြောင်းတွေအများကြီးရှိမယ် ထင်တယ်၊ တချို့လမ်းကြောင်းတွေကို ဟူရှန်ဖုံတောင် သိချင်မှ သိဦး မယ် .... "

ကင်စီးဂွမ်က ခေါင်းညိတ်၏။

"ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီမိစ္ဆာကျွန်းဟာ အရင်က နဂါးနက်ဂိုဏ်းရဲ့ လျှို့ဝှက်နေရာ ဖြစ်နိုင်တယ်၊ ဒါကို ဟူရှန်ဖုံက အပိုင်စီးထားတာ ဖြစ်နိုင်တယ်"

"အင်း .... အထဲမှာ ဝတ်စုံနီသယ်နှစ်ယောက်ရှိသလဲ မသိဘူး၊ သူတို့က အတော်အဆင့်မြင့်နေတယ်"

တာမိုက ....

"ခင်ဗျား .... ဝတ်စုံနီတွေကို မယှဉ်နိုင်တာတော့ အမှန်ပဲနော်"

ကျုံဖေက ရိုးသားစွာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .... ကင်းကျာပွတ်ကိုင်တဲ့ ဝတ်စုံနီရယ်၊ လက်တုတပ်ထားတဲ့ ဝတ်စုံနီဟာ အဆင့်အမြင့်ဆုံးပဲ၊ ကျုပ်ထင်တာ သူတို့ဟာ ဟူရှန်ဖုံရဲ့ လူယုံဖြစ်ရမယ် .... တစ်ယောက်ချင်းဆိုရင်တော့ သိပ်မဆိုးဘူးပေါ့ဗျာ .... နှစ်ယောက်နဲ့ယှဉ်ပြိုင်ရမယ်ဆိုရင်တော့ ကျုပ်မနိုင်တာ သေချာပါတယ် .... "

"သူတို့ ဘာထူးခြားသလဲ .... "

"ထူးခြားတာလား၊ သူတို့ဟာ သိုင်းပညာ တော်တော်ကောင်းတယ် .... စိတ်မှန်လူမှန်တွေဖြစ်မယ်၊ အသိဉာဏ်ရှိတယ်၊ စကားပြောနိုင်တယ်၊ အဆိပ်မိပုံ မရဘူး၊ ဒါတွေဟာ ထူးခြားတာတွေပေါ့"

ကင်စီးဝှမ်က သက်ပြင်းချလိုက်၏။

သူတို့ မိစ္ဆာကျွန်းပေါ်ရှိ ဂူတွင်းသို့ စွန့်စားပြီး ဝင်သင့် မဝင်သင့် ချိန်ဆနေခြင်း ဖြစ်သည်။ နောက်ဆုံး၌ သူတို့ မဝင်သင့်ဟု ဆုံးဖြတ်လိုက်၏။

နောက်ကြောင်းပြန်လှည့်မည်။ အဆင့်မြင့်သိုင်းသမားများ စုစည်းပြီးမှ ပြန်လာမည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူက ....

"ဒီအတိုင်းဆို ကျုပ်တို့ဂူထဲကိုစွန့်စားပြီးဝင်ဖို့ မသင့်ဘူး၊ အဆင့်မြင့်သိုင်းသမားတွေပြန်ခေါ်ပြီး နောက်တစ်ခေါက် ထပ်လာကြရမယ် အခုဝင်ရင် မိုက်ရူးရဲလုပ်ရာကျမယ်၊ ဟူရှန်ဖုံကို ခေါင်းအေးအေးထားပြီး တိုက်ခိုက်ရမယ်"

ကျုံဖေနှင့် ယိဖျောင်းရှမ်းတို့မှာ ရဲသုံးဖော်တို့၏စိတ်ကူးကို သိရသောအခါ လွန်စွာ စိတ်ပျက်သွားကြ၏။



ယခု လိုဏ်ဂူထဲ၌ ယန်ချင်ထန်တို့ သားအဖ အဖမ်းခံနေရ လောက်သည်မှာ သေချာသည်။ သူတို့ကို ကျုံဖေတို့က ပြန်ကယ်တင်လိုသည်။ ရဲသုံးဖော်ပါလျှင် ကယ်တင်ရာ၌ များစွာ အထောက်အကူ ရနိုင်သည်။

ယိဖျောင်းရှမ်းက ....

"ဒီအထိရောက်ပြီးမှ ကျွန်းပေါ်မတက်ဘဲ ဘာဖြစ်လို့ ပြန်ကြမှာလဲ၊ ဒီကျွန်းပေါ်မှာ ကျွန်မဦးလေးနဲ့ ကျွန်မရဲ့မောင် ညီမလေးတွေ အဖမ်းခံနေရသေးတယ်၊ ဘာဘတို့အကူအညီနဲ့ဆိုရင် သူတို့ကို ပြန်ကယ်နိုင်မှာပါ .... "

လူထူးလူဆန်းသုံးယောက် တွေဝေသွား၏။

ကျုံဖေက ပြောပြန်သည်။

"ခင်ဗျားတို့လည်း အဆင့်မြင့်တဲ့သိုင်းသမားတွေပဲ၊ ခင်ဗျားတို့ ကူရင် အများကြီးဖြစ်နိုင်ပါဘယ်၊ အထဲမှာ အဖမ်းခံရတဲ့လူကို ကယ်ဖို့ နည်းလမ်း စဉ်းစားကြမယ်ဆိုရင် ကျုပ် အများကြီး ကျေးဇူးတင်မိမှာပဲ .... "

ယိဖျောင်းရှမ်းက ဝင်၍အကြံပေးသည်။

"ဟန်ချူဖုရဲ့စိတ်ကို ပြန်မှန်လာအောင်လုပ်နိုင်ရင် ဟူရှန်ဖုံရဲ့ သတင်းကို သိနိုင်မှာပဲ၊ ဒီကျွန်းအခြေအနေ သတင်းမှန်သိရရင် သူတို့ကို ဖြိုဖျက်ဖို့ မခက်ဘူးလို့ ထင်ပါတယ်"

ကင်စီးဝှမ်က ခေါင်းညိတ်သည်။ ယိဖျောင်းရှမ်းက စိတ်ကူး အကြံဉာဏ်ကောင်းလှကြောင်း သူ လက်ခံသည်။ ဟန်ချူဖုသည်သာ ၏စိတ်ရင်းမှန် ပြန်ဖြစ်လျှင် ဤကျွန်းပေါ်သို့ စမ်းတဝါးဝင်ရောက်ရန်

www.burmeseclassic.com

www.burmeseclassic.com



မလိုပေ။ မည်သည့်နေရာသည် သော့ချက်နေရာဖြစ်သည်ကို ဒေါ်ခနဲ သိနိုင်သည်။

ထို့ကြောင့် သူက တာမိုအားလှည့်၍ တာဝန်ပေးသည်။

"ကဲ .... မင်းက ဆေးပညာကို နားလည်တယ်၊ ဟန်ချူဖုကို စစ်ဆေးကြည့်စမ်းပါ၊ သူ နဂိုကလို လူကောင်းပြန်ဖြစ်နိုင်သေးရဲ့လား ဆိုတာ .... "

တာမိုက ခေါင်းခါယမ်းပြီး ....

"အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံရဲ့အဆိပ်ဟာ ဖြေဆေးမရှိတာ ... ခင်ဗျားသိတာပဲဥစ္စာ .... သူ့ဆီမှာပဲ ဖြေဆေးရှိမယ်၊ ကျုပ် ဘာမှ လုပ်ပေးလို့ရမယ် မထင်ဘူး"

ကင်စီးငွမ်က မျက်မှောင်ကုတ်သွားသည်။

"နံပါတ်နှစ် .... မင်းဟာ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်သေးတယ်၊ မင်းဆေးပညာမှာ ထိပ်တန်းကရှိတယ်ဆိုတာ ငါသိတယ်၊ စိတ်မလျှော့စမ်းပါနဲ့၊ သေသေချာချာ စစ်ဆေးကြည့်စမ်းပါဦး"

ဟန်ဂိုကလည်း ဝင်ထောက်၏။

"နံပါတ်နှစ် .... ခင်ဗျား စိတ်မလျှော့စမ်းပါနဲ့၊ ဟန်ချူဖုဟာ အခုအတိုင်းဆိုရင်လည်း လူသေလိုပါပဲ၊ ခင်ဗျားသာကုနိုင်ရင် လူကောင်း ပြန်ဖြစ်နိုင်သေးတာပေါ့၊ ခင်ဗျားကို ကျုပ်ယုံတယ်ဗျာ၊ လုပ်စမ်းပါ ကုစမ်းပါ .... "

တာမိုမှာ မတတ်သာတော့ချေ။ သူ့ညီနောင်နှစ်ယောက်က အတင်းအကျပ် ကုခိုင်းနေသောအခါ .... ပြန်လည်စမ်းသပ်ကုသရန် သဘောတူရတော့၏။



"ကောင်းပြီ၊ နံပါတ်တစ်ရော သုံးရော တောင်းဆိုလွန်းလို့သာ ပြန်ကြည့်ပေးဖို့ သဘောတူတာကွနော်၊ တကယ်တော့ အရိုးဖြူဂိုဏ်း ချုပ် ဟူရှန်ဖုံရဲ့အဆိပ်ကို ဖြေပေးဖို့ဆိုတာ တကယ်တော့ မလွယ်လှ ဘူး၊ ဒါပေမယ့် ဒီနေရာမှာတော့ ကုသလို့ မဖြစ်နိုင်ဘူး"

ကင်စီးငွမ် မျက်ခုံးများ မြင့်တက်သွား၏။

"နံပါတ်နှစ် .... မင်း သိပ်ချေးများတယ်၊ ဒီနေရာမှာ ကုလည်း ကုတာပါပဲကွာ၊ နေရာရွေးနေဖို့မလိုပါဘူး"

"နံပါတ်တစ် .... ခင်ဗျားက အပြစ်တင်ဖို့ပဲ စိတ်ကူးနေတယ်၊ ဒီကျွန်းဟာ ဘာကျွန်းလဲ၊ မေ့မနေစမ်းပါနဲ့ .... ကျုပ်တို့က ဟန်ချူဖုကို ပြီး ကုသနေတုန်း ဝတ်စုံနီတွေ တပ်နဲ့ချီရောက်လာရင် အားလုံး ဟန်ချူဖုနောက် လိုက်သွားရလိမ့်မယ်၊ အေးအေးဆေးဆေး နေရာမှာ မှ ဖြစ်မှာပေါ့ဗျ"

နံပါတ်တစ် ကင်စီးငွမ်မှာ ထိုအခါကျမှ ရှင်းရှင်းလင်းလင်းနား ညည်သဘောပေါက်တော့သည်။

ထိုအခက်အခဲကို ကျူဖေက ရှင်းပေး၏။

"နောင်ကြီးတို့ ဒီအတွက်တော့ ဘာမှမပူပါနဲ့ .... ဟိုဘက်မှာ ကျွန်းတစ်ကျွန်းရှိပါတယ်၊ ဟူရှန်ဖုံရဲ့ ရန်လုံးဝကင်းလွတ်တာ မဟုတ် ပေမယ့် ဒီကျွန်းပေါ်မှာထက်တော့ စိတ်အေးလက်အေးနေလို့ရပါတယ်၊ င်းတွေဘာတွေချပြီး စောင့်နေလို့လည်း ရပါတယ် .... ခင်ဗျားတို့ သဘောတူရင် အဲဒီကျွန်းကိုသွားရုံပါပဲ .... ယူဆန်ဖုံတို့သားအဖဟာ ကျွန်းတွေကို ကမ်းကပ်ဖွေးနေလို့ သိပ်အခက်အခဲမရှိတော့ပါဘူး"

ဤသို့ဖြင့် ညကြီးမင်းကြီး တစ်ဘက်ကျွန်းသို့ ကူးလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ညမှာ တဖြည်းဖြည်း နက်လာပြီဖြစ်၏။

တာမိုက ယူဆန်ဖုံအား မီးထွန်းခိုင်း၏။

ထို့နောက် ဟန်ချုံဖုကို ကုသရန် ပြင်ဆင်သည်။

သူက ဟန်ချုံဖု၏သွေးကြောများကိုထောက်ပြီး စမ်းသပ်သည်။

ဟန်ချုံဖုမှာ တောင့်တောင့်ကြီး ဖြစ်သွားသည်။ ထူးခြားမှု တည်း။

ဟန်ဂိုမှာကြည့်ရင်း မျက်ရည်ဝဲလာ၏။

သူ၏မွေးစားသားအတွက် သူ အလူးစိတ်ထိခိုက်နေသည်။

တာမိုက ဟန်ချုံဖု၏တစ်ကိုယ်လုံးအား စမ်းသပ်၏။ ပြီး မျက်မှောင်ကုတ်ကာ ....

"ငါထင်တာတော့ သူဟာ မင်းလက်ဝါးကြောင့် ဒီလိုဖြစ် တာပဲလို့ ထင်တယ် .... "

ဟန်ဂိုက စိတ်မကောင်းသောလေသံဖြင့် ....

"ဒါတွေ ပြောမနေပါနဲ့ကွာ၊ ငါကြားတိုင်း စိတ်မကောင်း လွန်းလို့ပါ"

တာမိုက ထပ်မံစမ်းသပ်ပြန်သည်။

အတန်ကြာ စမ်းသပ်ပြီးမှ အားရပါးရ ရယ်မောလေတော့၏။

ဟန်ဂိုက ကြောင်သွားသည်။

"နဲ့ပါတ်နှစ် .... ဘာရယ်တာလဲ"

"ရယ်တာပေါ့ကွ၊ ရယ်စရာဖြစ်နေတာကိုး၊ မင်းလက်ဝါးနဲ့ တာဟာ မင်းရဲ့တူကို ကံကောင်းစေတာပဲ၊ မင်းသာ သူ့ကို ဒီလို အောင် ရိုက်မထားရင် ငါလည်း တတ်နိုင်မှာ မဟုတ်ဘူး၊ အခု



မင်းရိုက်ထားတာကပဲ ကံကောင်းသလို ဖြစ်နေပြန်တာပေါ့ကွာ"

အားလုံးပင် အံ့သြသွားကြသည်။

ဟန်ဂိုမှာ မနေနိုင်တော့ပေ။

"နဲ့ပါတ်နှစ် .... မင်း ဘာကိုဆိုလိုတာလဲ၊ ငါ့သားကို မင်းပြန်ကုနိုင်မယ်ဆိုပါတော့၊ ဟုတ်ရဲ့လား .... "

တာမိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... မင်းရဲ့ရိုက်ချက်ကြောင့် ဟန်ချုံဖုဟာ သွေးသလိပ်တွေ အပေါ်ဆန်တက်လာပြီး သွေးကြောကို ဖိတ်ဆို့နေတယ်၊ ဒါကြောင့် စိတ်က တစ်ခါတစ်ခါ မမှန်ဘဲနဲ့ ပေါ်ကြောင်ကြောင်ဖြစ်သွားတာ၊ အရိုးဖြူဂိုဏ်းချုပ်က သူ့ကို အဆိပ်ကျွေးတော့ ဒီသလိပ်တို့ သွေးခဲတို့နဲ့ခံနေပြီး အထဲကို မတိုးဘူး၊ ဒါကြောင့် ငါက ကုသလို့ရပြီလို့ ပြောတာ၊ ဖြစ်မှဖြစ်ရပလေကွာ၊ ဒါမျိုးဟာ ကြုံတောင့်ကြုံခဲကွ"

ဟန်ဂိုမှာ ဝမ်းသာသွားသည်။ အခြားလူများလည်း ဝမ်းသာကြသည်။ ဟန်ချုံဖု ပြန်ကောင်းလာလျှင် ဟူရှန်ဖုံ၏သတင်းကို မေးနိုင်တော့မည် မဟုတ်ပါလော။

တာမိုက ဆေးအိတ်ကိုဖွင့်ကာ ရွှေအပ်သုံးချောင်းထုတ်ယူလိုက်၏။

ထို့နောက် ဟန်ချုံဖု၏အင်္ကျီကိုချွတ်ပြီး ခန္ဓာကိုယ်ရှိသွေးကြော နေရာအား ထောက်၍ စိုက်ချသည်။ ထို့နောက် သွေးကြောများကို နယ်ပေး၏။

အပ်ပေါက်မှ ဖြူဖွေးသော အခိုးအငွေ့များ ထွက်လာသည်မှာ ကြည့်နေသူများအား လွန်စွာ အံ့သြစေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ ဟန်ချုံဖု၏ခန္ဓာကိုယ်မှာ တုန်ယင်လာ၏။ နာကျင်သည့် ဟန်မူရာများလည်းပေါ်လာသည်။

ဟန်ချုံဖုတစ်ယောက် နာကျင်ဟန်ပြသောအခါ တာမို တပြုံးပြုံးဖြစ်လာ၏။ အကြောင်းမှာ သူ၏ကုသချက် ထိရောက်လာပြီဆိုသည့် လက္ခဏာဖြစ်သောကြောင့်ပင်။

သူက ရွှေအပ်ခုနစ်ချောင်း ထပ်ထုတ်လိုက်၏။ ထို့နောက် ဟန်ချုံဖု၏ရှေ့ရင်ဘတ်ရှိ သွေးကြောနေရာများကို ထပ်စိုက်ပြန်သည်။

ထိုအခါ ဟန်ချုံဖုခမျာ ကတုန်ကယင် ဖြစ်လာတော့၏။

တာမိုလည်း ဟန်ချုံဖုကို ကမ်းစပ်သို့သယ်သွားပြီး ပင်လယ်ရေထဲသို့ ခေါင်းစိုက်ချသည်။ ဦးခေါင်းကို ရေနစ်ခြင်း ဖြစ်သည်။

ခြေနှစ်ချောင်းကိုကိုင်ကာ ခါသည်။ သူ ပြုလုပ်နေသည့်ပုံမှာ ကုသနေသည်နှင့် မတူ။ နှိပ်စက်နေသည်နှင့် တူ၏။

ဟန်ဂိုက ထ၍ ကန့်ကွက်၏။

"နံပါတ်နှစ် မင်းကိုယ်မင်း ဘာလုပ်တယ်ဆိုတာ သိရဲ့လား မင်းကို ဆေးကုခိုင်းတာနော်၊ နှိပ်စက်ခိုင်းတာ မဟုတ်ဘူးကွ"

တာမိုက ဘာမျှ ပြန်မပြောပါ။ ပြန်ပြောလျှင် လေကုန်သည်ဆိုသည့် အမူအရာမျိုး။

ထို့နောက် ဟန်ချုံဖုကို ပြန်လည် ဆွဲတင်လိုက်သည်။

ဟန်ချုံဖုမှာ အပေါ်ပြန်ရောက်သည်နှင့် ဝေါ့ခနဲ ထိုးအန်လေတော့သည်။

မည်းနက်သောသွေးခဲများ၊ ညှီပုပ်နေသောအဆိပ်များအတော်ပင် ထွက်ကျလာသည်။



ဟန်ချုံဖု အအန်ရပ်သောအခါမှ တာမိုက ဆေးသုံးလုံးထုတ်၍ တိုက်သည်။

ဟန်ချုံဖု သောက်နိုင်သည်တော့ မဟုတ်ပေ။ သူ့ပါးစောင်ကို လက်နှင့် ဖျစ်ညှစ်လိုက်သည့်အခါ ပါးစပ် ဟလာ၏။

ထိုအခါ ဆေးသုံးလုံးပစ်ထည့်ပြီး လည်ပင်းကို နှိပ်နယ်လိုက်ခြင်း ဖြစ်သည်။ ထိုအခါ ဆေးလုံးများသည် ဟန်ချုံဖု၏ဝမ်းထဲသို့ ဝင်သွားလေတော့သတည်း။

တာမိုသည် သူ့အလုပ်ကို ဇယ်စက်သလို လုပ်သွား၏။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိပုံလည်း ရသည်။ ကျန်လူများက သူလုပ်ပုံကို ငေးကြည့်နေကြရသည်။

"တို့လုပ်ငန်းတော့ပြီးပြီ၊ ကျန်တာကတော့ စောင့်ကြည့်ရုံပဲ ရှိတော့တယ်"

တာမိုက ထိုသို့ပြောပြီး အနားယူ အပန်းဖြေနေလေတော့၏။

ဟန်ဂိုသည် ဟန်ချုံဖုကိုသာ ငေးကြည့်နေမိတော့သည်။

အတန်ကြာသောအခါ ဟန်ချုံဖု မျက်လုံး ပွင့်လာ၏။

သူ၏မျက်နှာပေါ်၌ ကြောင်တောင်တောင် ဟန်မူရာမရှိတော့ပါ။ သူ၏စိုရွှဲနေသော ခန္ဓာကိုယ်ကို တအံ့တသြငုံ့ကြည့်နေသည်။

ဘေးပတ်ဝန်းကျင်မှ လူများကိုကြည့်ပြီး အထိတ်တလန့်မေးလေ၏။

"ကျုပ် .... ဒီနေရာကို ဘာကြောင့်ရောက်နေတာလဲ ဒါ ဒါ ဘာမြို့လဲ ...."

ဟန်ချုံဖုသည် သူ့ဘကြီးကို သေချာစွာ မတွေ့သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဂိုသည် ဟန်ချုံဖု သတိရလာသည်ကို တွေ့မြင်သောအခါ ဝမ်းသာသွား၏။ သူက ဟန်ချုံဖုရှေ့အရောက်သို့ ရပ်လိုက်၏။

"ချုံဖု .... မင်း ဘာမှမဖြစ်တော့ဘူးနော် .... ဝမ်းသာလိုက်တာ .... ငါ့ကို မမှတ်မိဘူးလား သား"

ဟန်ချုံဖုမှာ ဟန်ဂိုအား တွေ့မြင်သောအခါ အံ့အားသင့်သွားသည်။

ဟန်ချုံဖုက ....

"ဘကြီးလည်း ဒီနေရာကိုရောက်နေတာကိုး .... ဒါနဲ့ မမရော ဘယ်မှာလဲ ...."

ဟန်ဂိုမှာ ခေါင်းတယမ်းယမ်း ဖြစ်သွားတော့သည်။

"မေးမနေပါနဲ့တော့ကွာ၊ မင်း ကြားထဲကဝင်ပြီး ခံလိုက်တော့ သူ ဘာမှ အထိအခိုက်မရှိပါဘူး၊ ဒါပေမယ့် သူ အိမ်မှာမရှိတော့ဘူး အိမ်ကထွက်ပြေးသွားပြီ၊ ဒါနဲ့ မင်းက ဟူရှန့်ဖုလက်ထဲ ဘယ်လိုလုပ်ရောက်သွားတာလဲ"

ဟန်ချုံဖုမှာ ကြောင်သွား၏။ ဟန်ဂို၏မေးခွန်းကိုလည်း နားလည်ပုံ မရပေ။

ခေါင်းကုတ်ကာ စဉ်းစားနေသည်။

ကင်စီးဂွမ်က ....

"ဟန်ချုံဖုက အခုမှ သတိရလာတာ၊ သူ့ခေါင်းကို ဘာအလုပ်ခိုင်းမပေးဘဲ အနားယူပါစေဦး၊ မင်းတို့ မေးချင်တာ နောက်မှမေးကြ၊ အချိန်တွေ အများကြီးရှိပါသေးတယ်"

ထိုအတောအတွင်း ဟန်ချုံဖုအား အဝတ်အစားလဲပေးခြင်း



အိပ်စေခြင်း စသည်တို့ကို ပြုလုပ်ပေးကြ၏။

ကျုံဖေနှင့်လူထူးလူဆန်း သုံးယောက်တို့မှာမူ ဘိုင်းလောက သတင်းများကို ဖလှယ်နေကြသည်။ သူတို့ သတင်းဖလှယ်နေသည်မှာ အတော်ကြာသည်။

ထိုအတောအတွင်း ဟန်ချုံဖု၏အခြေအနေမှာအတော်ကောင်းခွန်လာသည်။ မျက်လုံးများလည်း ကြည်လင်လာ၏။

ဟန်ဂိုက တာမိုကိုလှမ်းကြည့်ပြီး မျက်နှာရိပ်မျက်နှာကဲဖြင့် မေး၏။

တာမိုက ခေါင်းညိတ်ပြသည်။

"သား .... မင်း ဖြစ်ပျက်ခဲ့တာတွေကို ပြန်သတိရပြီလား"

ဟန်ဂိုက မေးလိုက်၏။

ဟန်ချုံဖုက ကြည်ကြည်လင်လင် ခေါင်းညိတ်သည်။

"ဟုတ်တယ် .... ကျွန်တော် သတိရပြီ"

ကင်စီးဂွမ်က ရုတ်တရက် ဝင်မေးလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

## လွတ်မြောက်သူ၏ဇာတ်ကြောင်းပြန်

ကျုံဖေက အေးအေးသက်သာ ဝင်ပြောသည်။

"ကောင်လေး .... မင်း တဖြည်းဖြည်းစဉ်းစားပါ .... လောဖို မလိုပါဘူး .... ခေါင်းရှုပ်မယ်ထင်ရင်တော့ လုံးဝအနားယူလိုက်ပါ၊ အဲဒီ အကြောင်းတွေကိုလည်း မေ့ပစ်လိုက်ပါ .... "

ဟန်ချုံဖုက ပြုံး၍ပြော၏။

"ကိစ္စမရှိပါဘူး .... ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

"အေး .... ဒါဆိုရင် ပြောပေါ့ကွာ"

"တစ်ခုတော့ ရှိတယ်နော်၊ အဲဒီတုန်းက ကျွန်တော်က ကောင်း တစ်ချက် မကောင်းတစ်ချက်ဖြစ်နေတော့ အားလုံးကို အပြည့်အစုံ ပြောနိုင်မှာတော့မဟုတ်ဘူး၊ တတ်နိုင်သမျှ ဆက်စပ်ပြီးပြောရမှာ"

"တို့ နားလည်ပါတယ်ကွာ၊ မင်း ကြိုက်သလိုသာ ပြောပါ"

ဟန်ချုံဖုက ခေါင်းညိတ်လေ၏။



ဟန်ချုံဖုမှာ ကိုယ့်စိတ်ကိုယ် အစိုးမရ ဖြစ်နေသည်။

တစ်ညတွင် ဗွေဖောက်ပြီး သူ့ကိုထည့်ထားသောအခန်းထဲမှ ဖောက်ထွက်လာ၏။

ကမ်းနားသို့ရောက်ပြီး တွေ့သော လှေတစ်စင်းပေါ် တက်ကာ လိုက်လာခဲ့သည်။ ရက်နှစ်ဆယ်မျှကြာလာသောအခါ စန့်တုံပြည်နယ်သို့ ရောက်လာ၏။

ထိုခရီးတစ်လျှောက်လုံး၌ သူ့စိတ်ဖောက်ပြန်ခြင်း မရှိချေ။

သို့သော် ခရီးဆက်ရန် ငွေက ပြတ်လာလေသည်။

ထို့ကြောင့် စိတ်ညစ်ပြီး အရက်ဆိုင်တစ်ဆိုင်သို့ ဝင်မိတော့သည်။

ကျန်သောငွေအနည်းငယ်နှင့် အရက်ဝယ်သောက်မိသည်။ စားပွဲ၌ထိုင်ရင်း အရက်သမားများ၏ သူပြော ငါပြော စကားများကို နားထောင်နေမိသည်။

သူ၏ဘေးမှ အရက်သောက်နေသော လူတစ်ယောက်က ....

"အင်း .... အခုတလော အခြေအနေက မအေးချမ်းတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့တစ်လက ဒီမြို့မှာ လူငယ်လေးတစ်ယောက်ပျောက်သွားတယ်၊ အလောင်းလည်း ပြန်မရဘူး၊ ထူးဆန်းတယ်"

နောက်တစ်ယောက်က ....

"ဘယ်ကမှာလဲ၊ မိန်းကလေးငါးယောက်လည်း ပျောက်သွားသေးတယ်၊ ပျောက်တဲ့အချိန်ဟာ သုံးနာရီလောက်ချည်းပဲ .... "

နောက်တစ်ယောက်က ဝင်ပြောပြန်သည်။

"ဟုတ်တယ်၊ သူဌေးကြီးရဲ့သမီးလည်း ပျောက်တဲ့အထဲ ပါသွားလို့ သူဌေးကြီးက မြို့စောင့်ဗိုလ်မှူးဆီ သွားတောင်းပန်တယ်၊ သူ့သမီးကို ပြန်ရှာပေးဖို့ပေါ့လေ၊ ငွေလည်း အတော်ကုန်တာပဲ၊ ဒါပေမယ့် ဘာမှ အကျိုးမထူးပါဘူး"

ဟန်ချူဖုသည် ဘာရယ်မဟုတ်ဘဲ၊ ထိုသတင်းများကို နားထောင်နေမိသည်။

စင်စစ် ....

ဟန်ချူဖုမှာ စိတ်မမှန်ဘဲ ဖြစ်နေသဖြင့် နားစိုက်မိရာ နားထောင်နေခြင်းသာ ဖြစ်၏။

သူနှင့် မလှမ်းမကမ်းစားပွဲတွင် ဝတ်စုံနီဝတ်ဆင်ထားသူနှစ်ယောက်ရှိနေ၏။

ထိုသူများသည် အရက်ကိုသာ တွင်တွင်သောက်နေသည်။ သူတို့၏ပုံစံမှာ သိုင်းသမားများဖြစ်ကြောင်း သိသာထင်ရှားလှ၏။

သို့သော် ....

တရုတ်ပြည်အနှံ့အပြားတွင် သိုင်းသမားများရှိနေရာ သိုင်း



သမားနှစ်ယောက် အသွင်သဏ္ဌာန်ပေါ်နေသည့် ဝတ်စုံနီနှစ်ယောက်မှာ ထူးခြားသည်ဟု မဆိုသာပါ။

ဆိုင်ထဲကလူများကလည်း ထိုနှစ်ယောက်ကို ထူးထူးထွေထွေ စိတ်ဝင်စားမှု မရှိကြပါ။

သို့သော် ထူးခြားချက်မှာ အရက်ဆိုင်တစ်ဆိုင်လုံး၌ စကားပြောသူဆို၍ ဟန်ချူဖုနှင့် ထိုနှစ်ယောက်သာ ရှိနေခြင်းပင်တည်း။

ထိုစဉ် ဆိုင်ထဲသို့ မြို့စောင့်တပ်သားအချို့ တဝုန်းဝုန်းဝင်ရောက်လာကြ၏။

စန်တုံပြည်နယ်၌လည်း လူငယ်လူရွယ်နှင့် မိန်းကလေးများ အတော်များများ ပျောက်နေသဖြင့် မြို့စောင့်စစ်သားများမှာ မယုံသင်္ကာရသူများကို လိုက်လံရှာဖွေကြခြင်း ဖြစ်သည်။

ထိုအပြုအမူမျိုးမှာ စန်တုံပြည်နယ်၌ မဆန်းလှတော့ချေ။

ထို့ကြောင့် အခြားအရက်သောက်သူများမှာ ထိုင်မြဲထိုင်နေကြသည်။

မြို့စောင့်တပ်၏ ခေါင်းဆောင် ဗိုလ်မှူးက ....

"ခင်ဗျားတို့ သောက်စရာရှိတာသောက်၊ ကျုပ်တို့က အခုဖြစ်နေတဲ့ အရေးအခင်းနဲ့ပတ်သက်ပြီး မသင်္ကာတဲ့လူကို လိုက်ရှာတာ"

ထို့နောက် ....

စစ်သားများသည် တစ်ယောက်ချင်း လိုက်လံ စစ်ဆေးတော့သည်။

စားသောက်နေသူအများစုမှာ မည်သူမျှ အတွန့်တက်ခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဤမြို့သားများဖြစ်ပြီး အကြောင်းသိများ ဖြစ်နေသော ကြောင့်တည်း။

ထို့နောက် စစ်ဆေးရင်း ဟန်ချုံဖု၏ စားပွဲဆီသို့ ရောက်လာကြတော့၏။

ဟန်ချုံဖုကိုတွေ့သောအခါ စစ်သားများက စိတ်ဝင်စားသွားကြ၏။

ဟန်ချုံဖုသည် မျက်နှာစိမ်းဖြစ်နေသောကြောင့်တည်း။

ထို့ပြင် တိုင်နေပုံမှာလည်း အခြားသူများနှင့်မတူပေ။ ငူငူငိုင်ငိုင်ကြီး ဖြစ်နေသည်။

မြို့စောင့်တပ်ဗိုလ်မှူးသည် သူ့စစ်သားများကို အသာနောက်ဆုတ်ရန် လက်ပြလိုက်၏။ သူကိုယ်တိုင် ရှေ့တိုးသွား၏။

"မင်း ဘယ်သူလဲ"

ဟန်ချုံဖု မော်ကြည့်၏။

"မင်း ဘယ်သူလဲ၊ ဘယ်ကလာတာလဲ"

"ဟုတ်ပြီ၊ မင်း ဘယ်ကလာတာလဲ၊ မင်း ဒီမြို့သား မဟုတ်တာတော့ ငါသိတယ်"

"ကျုပ် ဒီမြို့သား မဟုတ်ပါဘူး၊ ချင်းယန်မြို့ကပါ"

"ဟေ .... ချင်းယန်မြို့ကလား၊ တော်တော်ဝေးတာပဲ၊ ဒီကို ဘာလာလုပ်တာလဲ .... "

ဟန်ချုံဖုမှာ ဦးနှောက် သိပ်ကြည်လင်လှသူ မဟုတ်ပေ။

ဤ မေးခွန်းများ မေးလာသောအခါ ခေါင်းရှုပ်လာသည်။



သို့သော် မြို့စောင့်စစ်သားများနှင့် မပြေမလည်ဖြစ်လျှင် သက်သာလိမ့်မည်မဟုတ်ကြောင်းတော့ သူ စဉ်းစားနိုင်သည်။

သူသည် ချင်းယန်မြို့၌ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို မြို့စောင့်တပ်ဗိုလ်မှူးအား ရှင်းပြရန် ပြန်လည် စဉ်းစား၏။

သို့သော် မည်သို့မျှ စဉ်းစား၍ ပေါ်မလာပေ။ ယုတ်စွအဆုံး အဘကြီးဟန်ဂို၏နာမည်ပင် စဉ်းစား၍ မပေါ်ပေ။

"ကျုပ် ဘာမှ မသိတော့ဘူး"

ဤကား ဟန်ချုံဖုက အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

သို့သော် အမှန်တရားဟူသည်မှာ အခြေအနေတိုင်း၌ ပြောကြားသင့်သောစကားမဟုတ်ပေ။

ထို့ပြင် ....

ဟန်ချုံဖု အမှန်အတိုင်းပြောခြင်းသည် ဗိုလ်မှူး၏ သံသယကိုလည်း ကြီးထွားစေပေသည်။

"ဒီလိုဆိုရင်တော့ မင်းကို ငါတို့ ခေါ်သွားရလိမ့်မယ်"

မြို့စောင့်တပ် ဗိုလ်မှူးက ပြောလိုက်၏။

"ကျုပ် မလိုက်ဘူး၊ ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ"

မြို့စောင့်တပ် ဗိုလ်မှူးက သူ့စစ်သားများအား အချက်ပြလိုက်၏။

စင်စစ် ဟန်ချုံဖု ကံဆိုးသွားခြင်းသာ ဖြစ်၏။ တစ်ဘက်စားပွဲ၌ ထိုင်နေသော ပတ်စုံနီ နှစ်ဦးသည်လည်း မျက်နှာစိမ်းများပင်။

စစ်သားများသည် ဟန်ချုံဖုတစ်ယောက်တည်းကို အာရုံစိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သွားသောကြောင့် ဝတ်စုံနီနှစ်ယောက်မှာ စစ်ဆေးမေးမြန်းခြင်း မခံကြ ရတော့ပေ။

ထို့နောက် ....

မြို့စောင့်စစ်သားတစ်ယောက်က ဟန်ချုံဖု၏ လည်ပင်းသို့ သံကွင်းကို လာရောက်စွပ်လိုက်သည်။

ဟန်ချုံဖုမှာ ပထမကြောင်သွား၏။ နောက်မှ သဘောပေါက် သွားပြီး ဒေါသမီးတောင် ပေါက်ကွဲတော့သည်။

သူသည် သံကြိုးကို လက်နှင့်တအားဆောင့်ဆွဲလိုက်၏။

"ဝုန်း .... "

မြို့စောင့်စစ်သားမှာ ဟန်ချုံဖု၏အင်အားကို တောင့်မခံနိုင် သဖြင့် မှောက်လျက် လဲကျသွား၏။

ထိုအခါ စစ်သားများသည် လက်နက်ကိုယ်စီဖြင့် ဝိုင်းဝန်း တိုက်ခိုက်ကြတော့၏။ အကျဉ်းသားက ကိုယ်ထိလက်ရောက်ခုခံနေပြီ မဟုတ်ပါလား။

"ဝုန်း .... ဝုန်း"

ဟန်ချုံဖုက ခုံနှစ်လုံးဖြင့် ကောက်၍ပစ်ခတ်လိုက်ရာ မြို့စောင့် စစ်သားနှစ်ဦးကို ထိမှန်သွားပြန်၏။

"တိုက်ကြ၊ ဒီကောင်ကို အရှင်မဖမ်းနိုင်ရင် အသေဖမ်းကြ"

မြို့စောင့်တပ်ဗိုလ်မှူးက အမိန့်ပေးလိုက်၏။

ဟန်ချုံဖုသည် လည်ပင်း၌ သံကြိုးတန်းလန်းနှင့် ပြန်တိုက်နေ ၏။ တိုက်ခိုက်ရင်း ဒေါသကြောင့် သွေးဆူလာ၏။



သွေးဆူလာသောအခါ ဦးနှောက်မှာ ဖောက်ပြန်လာလေ သည်။

သံကြိုးကို ဝှေ့ယမ်းနေသော ဟန်ချုံဖုသည် ရှုးသွပ်နေသူတစ်ဦး နှင့် တူနေသည်ကား မှန်၏။

သို့သော် .... မြို့စောင့်စစ်သားများသည် ချင်းယန်မြို့သားများ မဟုတ်ပေ။

ဟန်ချုံဖု၏ ဇာစ်မြစ်ကို မသိနိုင်ပေ။

ဟန်ချုံဖု၏စိတ်အစဉ်မှာ လူမှန်းသူမှန်း မသိတော့ပေ .... ။ ထို့ကြောင့် မည်းမည်းမြင်သမျှ အကုန်လိုက်လံတိုက်ခိုက်တော့သည်။ သူ၏ တိုက်ခိုက်မှုမှာ လူနှင့်မတူတော့ပါ။ မုန်ယိုနေသော ဆင်တစ် ကောင်နှင့် တူနေပေတော့သည်။

သူ၏ မူရင်းစိတ်ပျောက်နေခြင်း၊ ဒေါသထွက်နေခြင်း၊ သိုင်း ပညာ တတ်မြောက်ထားခြင်းတို့ကြောင့် သူ၏တိုက်ခိုက်မှုမှာ အလွန် ကြမ်းထန်သည်။

မြို့စောင့်စစ်သား ငါးယောက် ထိခိုက်ဒဏ်ရာရပြီးနောက် မြို့ စောင့်တပ် ဗိုလ်မှူးနှင့် ကျန်စစ်သားသုံးဦးသည် လက်လွတ်ထွက်ပြေး ကြရ၏။ သူတို့သည် စစ်ကူသွားခေါ်ခြင်းသာ ဖြစ်ပါလေ၏။

သို့သော် ဟန်ချုံဖု၏တိုက်ခိုက်မှုကမူ ရပ်မသွားပါ။ တွေ့သမျှ လူအားလုံးကို လိုက်လံတိုက်ခိုက်ပြန်တော့သည်။

ထိုအခါ အရက်သောက်နေသူများ မနေဝံ့ကြတော့ချေ .... ။ အားလုံး ဆင်းပြေးကုန်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်များက ဟန်ချုံဖု စိတ်ဖောက်ပြန်နေမှန်း မသိ
ထို့ကြောင့် လာရောက် တောင်းပန်ကြ၏။

ဟန်ချုံဖုက တောင်းပန်သူအားလုံးကို သံကြိုးဖြင့် ရိုက်ပ
အားလုံး လွင့်စဉ်အက်ရာရကုန်သည်။

ထိုအခါ ....

ဟန်ချုံဖုသည် တစ်ဆိုင်လုံးကို ထင်တိုင်းကြဲဖျက်ဆီးလေ
၏။

နောက်ဆုံး ဆိုင်တွင်း၌ ဝတ်စုံနီနှစ်ယောက်မှအပ အပြင်
မည်သူတစ်ဦးတစ်ယောက်မျှ မရှိတော့ချေ။

ဝတ်စုံနီနှစ်ယောက်သည် ဟန်ချုံဖုအနီးသို့ ချဉ်းကပ်လာကြ
ဟန်ချုံဖုသည် ထိုနှစ်ယောက်ကို သံကြိုးဖြင့် တိုက်ခိုက်သည်။

သို့သော် ....

ဝတ်စုံနီများမှာ ဟန်ချုံဖုထက် အဆများစွာ လျင်မြန်ကြ
ရိုက်ချလာသော သံကြိုးအား လက်နှင့်ဖမ်းဆုပ်ပြီး ဆွဲချလိုက်၏။

ဟန်ချုံဖု ယိုင်အသွား၌ ဝတ်စုံနီတစ်ယောက်ကခြေထိုးခံလို
၏။

"ဝုန်း .... "

ဟန်ချုံဖုမှာ လဲကျသွားတော့သည်။

ပြန်ထမည်အပြု၌ ဝတ်စုံနီတစ်ယောက်က ဟန်ချုံဖု၏ ခေ
ကြောကို မိတ်ထားလိုက်သည်။

ဟန်ချုံဖုမှာ ငြိမ်ကျသွား၏။



ဝတ်စုံနီတစ်ယောက်က အိတ်ထဲမှ ပဝါထုတ်ကာ ဟန်ချုံဖု၏
မျက်နှာအား အုပ်လိုက်လေသည်။ ဟန်ချုံဖုမှာ မူးသွားသည်။

ဝတ်စုံနီနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်
ကြည့်လိုက်ပြီးနောက် ဟန်ချုံဖုအား ဆွဲထူလိုက်ကြသည်။ ဟန်ချုံဖု
သီးတီးယောင်တောင်ဖြင့် ထရပ်လေ၏။

ဝတ်စုံနီတစ်ယောက်က ဆိုင်ရှင်အား လှမ်းခေါ်လိုက်သည်။

"ဒီလူ သောင်းကျန်းခဲ့တာကို ကျုပ်က လျော်ကြေးပေးပါ့မယ်၊
သူဟာ ကျုပ်တို့ဂိုဏ်းသားပါ၊ ကျုပ်တို့ဂိုဏ်းကထွက်ပြေးသွားလို့ လာ
ပြန်ခေါ်ရတာပါ"

မဝံ့မရဲ ချဉ်းကပ်လာသောဆိုင်ရှင်သည် ထိုစကားကြားသော
အခါ ဝမ်းသာသွား၏။

သူ့ဆိုင်တစ်ဆိုင်လုံး ပျက်စီးသွားသည် မဟုတ်ပါလား .... ။

ထို့ကြောင့် ဆိုင်ရှင်သည် ဝတ်စုံနီအား ဦးညွှတ်လိုက်၏။

ဝတ်စုံနီက ဆိုင်ရှင်အား ငွေတုံးကြီးတစ်တုံး ပစ်ပေးလိုက်၏။

ငွေတုံးမှာ စားပွဲအတွင်း နစ်မြုပ်သွားသည်။

ဆိုင်ရှင်မှာ ထိုအချင်းအရာကိုတွေ့သောအခါ မျက်လုံးပြူးသွား
လေသည်။

ကြောက်စရာကောင်းသော သိုင်းသမားများနှင့် ရင်ဆိုင်နေရ
ကြောင်း သူသိနေလေပြီ။

သို့သော် သူ ဘာမျှ ပြောစရာမရှိပါ။

ထိုကြောက်စရာကောင်းသော သိုင်းသမားများက ပျက်စီး

www.burmeseclassic.com

www.burmeseclassic.com



သမ္မုန့်ကိုက်တန်သော ငွေတုံးကြီးတစ်တုံးကို ပစ်ပေးခဲ့လေပြီ မဟုတ်ပါလား။

ဝတ်စုံနီနှစ်ယောက်မှာ ဘယ်ညာညှပ်ပြီး ဟန်ချုံဖုအား တွဲခေါ် သွားကြ၏။

အမူးသမား သူငယ်ချင်းတစ်ဦးကို သူငယ်ချင်းများက တွဲခေါ် သွားသည့်ပုံနှယ်တည်း။

ဟန်ချုံမှာ အိပ်မက်ပြီး လမ်းလျှောက်သူပမာ ယောင်ယောင်တောင်ဖြင့် ထလိုက်သွားသည်။ ပြန်၍ သတိရလာသောအခါလည်း မူးယစ်ရီဝေနေ၏။

သူ၏ကိုယ်ပိုင်ဉာဏ်ကို အသုံးမပြုနိုင်ချေ။ အစားအသောက် ကျွေးလျှင် စားသည်။ ရေပေးလျှင် သောက်သည် ထို့ထက်ပို၍ ဘာမလုပ်တတ်တော့ပေ။

ဝတ်စုံနီများ သွားရာနောက်သို့သာ တကောက်ကောက်လိုက် နေတော့သည်။

ဤသို့ဖြင့် တစ်လခန့် ကြာမြင့်သွားသည်။

နောက်ဆုံး ပင်လယ်ကမ်းခြေတစ်ခုဆီသို့ ရောက်ရှိလာတော့၏။

နောက်လေးရက် ကြာသောအခါ ဟန်ချုံဖုတို့ ရှိနေသောကမ်းစပ်သို့ အမည်းရောင်လှေကလေးတစ်စင်းက ဆိုက်ကပ်လာလေ၏။

ဝတ်စုံနီ နှစ်ယောက်က ဟန်ချုံဖုအား လှေပေါ်သို့ တင်လိုက်ကြသည်။



ထို့နောက် ပင်လယ်ထဲသို့ ထွက်လာခဲ့ကြသည်။

ပင်လယ်ရေပြင်၏ လတ်ဆတ်သော လေတို့ကြောင့် ဟန်ချုံ၏ခေါင်းမှာ တဖြည်းဖြည်း ကြည်လင်လာ၏။

သို့သော် သူ့နဂိုစိတ်ရင်းမှန်သို့ကား ပြန်မရောက်သေးပေ။

ဝတ်စုံနီ တစ်ယောက်က ဟန်ချုံဖု၏ မျက်နှာအား အဝတ်နက်စည်းထားလိုက်လေသည်။

"မလိုပါဘူးကွာ .... သူ ဘာမှ မသိပါဘူးကွ .... "

ကျန်တစ်ယောက်က အဝတ်စည်းရန်မလိုကြောင်း ပြောလိုက်၏။

"အို .... လိုရမယ်ရပေါ့ကွာ .... ဂိုဏ်းချုပ်ကြီး အကြောင်းလည်းကောင်း သိသားပဲဥစ္စာ .... သူက အမှားအယွင်းခံတာ မဟုတ်ဘူး .... အဝတ်စည်းထားလိုက်လို့ တို့မှာ အပြစ်မဖြစ်ပါဘူးကွာ .... "

ကန့်ကွက်သော ဝတ်စုံနီသည် ငြိမ်သွား၏။

ကျွန်းကား သာယာလှပသော ကျွန်းကလေးတစ်ကျွန်းသာဖြစ်၏။

သို့သော် ....

လူအများက မိစ္ဆာကျွန်းဟု ခေါ်ဆိုနေကြ၏။ မလိုက်ဖက်လှ တကား။

သို့သော် ....

ဤပတ်ဝန်းကျင်၏ သာယာလှပုံများကို ဟန်ချုံဖု အနေဖြင့် တွေ့မမြင် မခံစားနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမျက်နှာ၌ အဝတ်စည်းနှောင်ထားသည့်အပြင် သူ့ခမျာ သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေသောကြောင့် ဩကာသလောက ကြီး၏ သာယာမှုကို သူ မခံစားနိုင်ခြင်းဖြစ်သည်။

ပင်လယ်လေ၏ လတ်ဆတ်မှု၊ ပတ်ဝန်းကျင်၏ အေးချမ်းမှု ကြောင့် ဟန်ချူဖု၏ ဦးခေါင်းသည် တစ်စထက်တစ်စ ကြည်လင်လာ သဖြင့် သူသည် အနေအထားကိုလည်းကောင်း၊ ပတ်ဝန်းကျင်မှ လှု ရှားသံများကိုလည်းကောင်း၊ ကောင်းစွာဂရုပြုနားစွင့်နိုင်ခဲ့လေ၏။

ထို ကံကောင်းခြင်းသည် နောင်တွင် ကျူဖေတို့ကို အထော အကူ ပြုခဲ့လေ၏။

ဤသို့ လျှောက်လာရာ၌ ထိုင်းမှိုင်းစိုစွတ်သော အနံ့အသ တစ်မျိုးကို ဟန်ချူဖု ရှူရှိုက်မိ၏။

ထိုအနံ့ကား မှိန်းဆန်းဆန်တည်း။

ပတ်ဂန်းကျင် အေးစိမ့်နေသည်ကိုလည်းကောင်း၊ မြေအေ အထား၊ အငွေ့အသက်များကို ရှူရှိုက်မိ၍လည်းကောင်း၊ လိုဏ်ဂူတ အတွင်းသို့ ရောက်လာပြီဖြစ်ကြောင်း မတွေ့မမြင်ရဘဲ ဟန်ချူဖု ရိပ် မိလိုက်၏။

ဝတ်စုံနီနှစ်ယောက်၏ တွဲခေါ်မှုအောက်တွင် .... ကွေ့ကွေ ကောက်ကောက်နိုင်လှသော လမ်းကလေးကို လျှောက်ရင်း အတွင် ဘက်သို့ ရောက်မှန်းမသိ ရောက်လာသည်။

ဟန်ချူဖုက ခြေလှမ်းကို စိတ်ဖြင့် မှတ်သားလာခဲ့ပါ၏။

ခြေလှမ်းအတော်များများ လျှောက်လာခဲ့ရသဖြင့် လိုဏ်



အတွင်းဘက်သို့ ရောက်လာကြောင်း သူသိသလို အတွင်းဘက်၌ အအေးဓာတ် ဖုံးလွှမ်းထားခြင်းက သူ၏ ယူဆချက်ကို ပိုမိုခိုင်မာစေ သည်။

တစ်နေရာသို့အရောက်တွင် ဝတ်စုံနီများ ခြေလှမ်းရပ်လိုက်ကြ ပြီး ဟန်ချူဖု၏ မျက်နှာပေါ်မှ အဝတ်နက်ကို ဖြေပေးလိုက်သည်။ ယခုအခါ၌ ဟန်ချူဖုသည် လုံးဝသတိပြန်ကောင်းနေလေပြီ။

ဟန်ချူဖု မျက်လုံးဖွင့်ချည်ပိတ်ချည် ခဏတာလုပ်ပြီးမှ အကဲ ခတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်ကို မြင်ရလျှင် ထိတ်လန့်အံ့ဩသွားရသည်။ မြေ အောက်လိုဏ်ခေါင်းတို့မည်သည် ကြီးမားကျယ်ပြန့်ခဲ့သည်။

ယခု မြေအောက်လိုဏ်ခေါင်းကား အလွန်တရာ ကြီးမား ကျယ်ပြန့်နေလေ၏။

ထိုအချက်ကို ဟန်ချူဖု အံ့ဩသွားခြင်း ဖြစ်ပါ၏။

သူရောက်ရှိနေသည့် နေရာကား အရိုးဖြူဂိုဏ်းချုပ်၏ မြေ အောက်နန်းတော်ပင် ဖြစ်တော့၏။

ပတ်ဝန်းကျင်တွင် ကြီးမားသော ကျောက်တိုင်ကြီးများကို တွေ့ရ၏။

မီးအိမ်များသည်လည်း လင်းလင်းချင်းချင်းဖြစ်ကာ သည်အထဲ အများအပြား ထွန်းညှိထားသည်။ မြေအောက်လိုဏ်ခေါင်းကြီးတစ်ခု လုံး သပ်သပ်ရပ်ရပ် ရှင်းရှင်းလင်းလင်း ဖြစ်နေခြင်းက ချီးကျူးစရာ ကောင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်လိုဏ်ဂူနှင့် ပတ်သက်ပြီး အံ့သြနေသည့် သူ့စိတ်များသည် တဒင်္ဂအတွင်း ရပ်တန့်သွား၏။

အဘယ်ကြောင့်ဆိုသော် တစ်နေရာတွင် ရေအိုင်ထဲရှိ ကျောက်တုံးပေါ်၌ အလွန်တရာ ရုပ်ဆိုးလှသော အဘိုးအိုတစ်ဦးကို တွေ့လိုက်ရသောကြောင့်တည်း။

ထိုအဘိုးအိုသည် ရေလယ်ကျောက်တုံးပေါ်၌ ထိုင်နေ၏။

ထိုရေများပေါ်၌ အငွေ့များ တလူလူ ထွက်နေသည်။

ထိုအဘိုးအို၏ အနောက်ဘက် ကျောက်တုံးပေါ်တွင်မူ လူနှစ်ယောက် မလှုပ်မယှက် လက်ပိုက်ရပ်နေကြ၏။

ဝတ်စုံနီနှစ်ယောက်သည် ဟန်ချုံဖုကို ထိုအဘိုးအိုရှေ့သို့ ခေါ်သွားသည်။

ရေကန်အနီးသို့ ရောက်သောအခါ ဟန်ချုံဖု အနည်းငယ် တွန့်သွား၏။

နောက်သို့ပင် ဆုတ်သွားမိသည်။

ဝတ်စုံနီနှစ်ယောက်က ဖျတ်ခနဲ ဖမ်းဆွဲလိုက်၍သာ နောက်မဆုတ်နိုင်ခြင်း ဖြစ်တော့သည်။

ထိုရေကန်ငယ်ထဲမှ အငွေ့များ တက်နေခြင်းမှာ ရေကန်ငယ်ထဲရှိ ရေများသည် ရေမခဲရုံတမယ် အေးနေသောကြောင့် ဖြစ်ပါ၏။

ရေခဲတုံးမှ အအေးငွေ့များ တက်သကဲ့သို့ တက်နေခြင်းသာ ဖြစ်ပါ၏။

ဝတ်စုံနီက ဟန်ချုံဖု၏ ပခုံးကို ဖိချလိုက်ရာ ဟန်ချုံဖုမှာ ဒူး



ထောက်လျက်သား ဖြစ်သွားလေ၏။

ဟန်ချုံဖုသည် ထိုလူကိုမြင်သည်နှင့် အလွန်ရက်စက်ကြမ်းကြုတ်မည့် လူတစ်ယောက်ဖြစ်ကြောင်း ရိပ်မိလိုက်သည်။

သူ့စိတ်ထားများ .... နဂိုပုံမှန်အတိုင်းရှိနေရာ အကြောက်တရားသည် သူ့နှလုံးသားကို ထိုးဖောက်သွား၏။ သူသည် တုန်ယင်စွာ ပြောလေ၏။

"ကျွန်တော် .... ကျွန်တော့်နာမည် ဟန်ချုံဖုပါ .... "

အလွန်တရာအေးသော ကျောက်တုံးပေါ်၌ ထိုင်နေသူကား အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံပေတည်း။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံက အေးတိအေးစက်ဖြင့် ....

"ကဲ .... ဒီနေ့တော့ ကံဆိုးသူတစ်ယောက် ရောက်လာပြန်ပြီပေါ့ .... လူတွေက ပြောကြတယ် .... ငါ့ဆီရောက်တဲ့လူတွေဟာ သေမင်းနဲ့ တွေ့ရသလိုပဲတဲ့ .... တကယ်တော့ ဒီလိုမဟုတ်ပါဘူး .... ငါ့ကြောင့် အသက်ရှင်ရတဲ့ လူတွေလည်း တစ်ပုံကြီးရှိနေတာပဲ .... ဒီတော့ ကံဆိုးတယ်၊ ကံကောင်းတယ်ဆိုတာ အပြတ်ပြောလို့ရတဲ့ကိစ္စမဟုတ်ပါဘူး .... တွေ့တဲ့လူရဲ့အပေါ်မှာ တည်တာပါ .... "

ဟန်ချုံဖုက ထိတ်လန့်ကြောက်ရွံ့စွာ မေး၏။

"ခင် .... ခင်ဗျား .... ဘယ်သူလဲ .... "

"ဩော် .... မင်းက ငါ့ကို မသိဘဲကိုး .... "

ထိုအခါ ....

ဝတ်စုံနီတစ်ယောက်က .... ဟန်ချုံဖု၏ နောက်စိကို တွန်းပြီး

www.burmeseclassic.com



ပိလိုက်ရာ ဟန်ချုံဖုမှာမူ မြေကြီးနှင့် နဖူးထိမိမတတ် ဖြစ်သွားလေ
တော့သည်။

"အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံကို မင်း အရိုအသေပေးလိုက်စမ်း"

ဝတ်စုံနီက စကားဆိုးသည်နှင့် ဟန်ချုံဖု၏နဖူးကို မြေကြီးနှင့်
ထိလိုက်စေတော့၏။

ဟန်ချုံဖုသည် သိုင်းလောကသားတစ်ယောက် မဟုတ်သော်
လည်း ဟူရှန်ဖုံ၏ အမည်ကိုတော့ ကြားဖူးနား၀ ရှိနေသည်။

သူ ပို၍ ထိတ်လန့်သွားသည်။

ဝတ်စုံနီတစ်ယောက်က ဒူးတစ်ချက်ညွှတ် ဂါရ၀ပြုပြီး ....

"အိမ်း .... ကောင်းတယ် ...."

"သူ့ကို ဘယ်လိုအဆင့် သတ်မှတ်ရမယ်ဆိုတာ အမိန့်ရှိ
ခင်ဗျာ ...."

"အောက်ခြေကသာ ဝင်ပါစေ .... သူ့ခေါင်းကို ဆေးပစ်လို
ဦး ...."

ဟန်ချုံဖုမှာ ကြက်သီးတဖြန်းဖြန်း ထသွား၏။

သူ ခေတ္တခဏကလေး ကန့်စပ်၍နေခဲ့ရာ သူ့မှာ ခိုက်ခိုက်
အေးလာခဲ့ရသည်။ ရေကန်ထဲရှိ ကျောက်တုံးပေါ်၌ ထိုင်နေသူ ဂိုဏ်း
ချုပ်ကြီး ဟူရှန်ဖုံကား ဘာမျှမဖြစ်ချေတကား။

ဝတ်စုံနီ နှစ်ယောက်သည် ဒူးထောက်ပြီး ဂါရ၀ပြုလိုက်ကြ

"ဟန်ချုံဖု .... မင်း ကောင်းကောင်းကြိုးစားစမ်း၊ ကြိုးစား
လူတိုင်း ဒီမှာ အခွင့်ကောင်းတွေ ရရှိနိုင်တယ် .... ငါ့အမှုတော်ထ



လို့ မှားတယ်ဆိုတာ မရှိပါဘူးကွယ် .... မထမ်းတဲ့လူသာ မှားနိုင်တော
ပါ .... ကဲ ခေါ်သွားကြတော့ ...."

ဝတ်စုံနီများက ဟန်ချုံဖုကို ဆွဲခေါ်မည် ပြုကြလေ၏။

"တုံ .... တုံ .... တုံ .... တုံ"

အုန်းမောင်းခေါက်သံကဲ့သို့ တတုံတုံအသံများ ကြားလိုက်ရ
သဖြင့် ဝတ်စုံနီနှစ်ယောက်သည် ဟန်ချုံဖုကို ဆွဲမခေါ်ကြတော့ပေ။
ရပ်တန့်သွားကြ၏။

၎င်းသည်ကိုကြည့်၍ အရေးကြီးသောအချက်ပေးသံဖြစ်ကြောင်း
သိသာနိုင်၏။

ဟန်ချုံဖုသည် သတိကောင်းစွာ ရနေပြီဖြစ်၍ နား၊မျက်စိကို
ဖွင့်ထားသည်။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံက အေးစက်စက် မေးလိုက်လေ၏။

"ဘယ်သူလဲ .... ဘာထူးလို့လဲ ...."

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ဆံပင်ဖားလျားချထား
သော ဝတ်စုံနီတစ်ယောက် ရှိပ်ခနဲ ရောက်ရှိလာသည်။

ထိုဝတ်စုံနီက အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံအား အရိုအသေပြု
လိုက်ပြီး ....

"ဂိုဏ်းချုပ်ကြီး လိုဏ်ဂူထဲကို လူတစ်ယောက် ကျူးကျော်ဝင်
လာနေပါတယ် ...."

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ မျက်ခုံးများ မြင့်တက်သွားသည်။

"လူဝင်လာတယ် ဟုတ်လား ...."

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ...."

"ခင်းတို့ မတားဘူးလား ...."

"တားပါတယ် .... ဒါပေမယ့် မနိုင်ဘူး ...."

"သူ အခု ဘယ်ရောက်နေပြီလဲ ...."

"ဒုတိယတံခါးကို ကျော်လာပါပြီ ...."

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ အံ့ကြိတ်ကာ ....

"အင်း .... ဒုတိယတံခါးကို ကျော်နိုင်တယ်ဆိုကတည်းက ဒီကောင် သိပ်မခေဘူးဆိုတာ သက်သေပြနေတာပေါ့လေ ...."

ထိုအခါ ဝတ်စုံနီက ....

"ဟုတ်ပါတယ် ခင်ဗျာ .... ဒီလူဟာ ဟူတန်းဂိုဏ်းက ဝမ်ပုကျွင်လို့ ပြောနေပါတယ် ...."

ထိုစကား ကြားသောအခါမှ ဟူရှန်ဖုံ ဘဝင်ကျသွား၏။

ဟူတန်းဂိုဏ်းသားများအနေဖြင့် ဤနေရာအထိ ထိုးဖောက်နိုင်ခြင်းမှာ အံ့ဩစရာ မရှိပါပေ။

ဟူတန်းဂိုဏ်းသည် သူ လက်စားချေခဲ့သည့် အဆင့်မြင့် သိုင်းဂိုဏ်းကြီး မဟုတ်ပါလော။

"အင်း .... ဝမ်ပုကျွင် ဆိုတဲ့လူဟာ သတ္တိကောင်းတယ် .... သိုင်းပညာလည်း မခေဘူးထင်တယ် .... တော်ရုံတန်ရုံနဲ့ ဒီအထဲ ဝင်လို့မလွယ်ဘူး ...."

သူသည် သူ့ဘာသာ တီးတိုးရေရွတ်ပြီးမှ ဆက်ပြောလေ၏။

"ကောင်းပြီလေ .... ငါတို့ရဲ့ ကိုးကွက်ဝက်ပါကို ဆင်လိုက်၊ ပြီးတော့ ဝါပီရှာကို ခေါ်လိုက် ...."



ဟု အမိန့်ပေးလိုက်လေသည်။

အနီးတွင် စောင့်နေကြသော ဝတ်စုံနီ ရှစ်ယောက်သည် လှစ်ခနဲ ထွက်ပြေးသွားကြ၏။ ချက်ချင်းလိုလိုပင် ပြန်ရောက်လာ၏။ ဝါပီရှာဆိုသူလည်း ပါလာ၏။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံက ....

"မင်းတို့အားလုံး ကျူးကျော်ဝင်လာတဲ့လူကို တားထားလိုက်ကြစမ်း ...."

ဝတ်စုံနီရှစ်ယောက်သည် လျင်မြန်စွာ ထွက်သွားကြလေသည်။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံသည် ဟန်ချုံဖုဘက်သို့ တစ်ချက်ကြည့်ပြီး ဝတ်စုံနီနှစ်ဦးကို အမိန့်ပေးလိုက်၏။

"ကဲ .... ဒီကောင်ကို ဒီတစ်ပွဲ လိုက်ပြလိုက်စမ်း .... အရိုးဖြူဂိုဏ်းဟာ ဘယ်လိုလဲဆိုတာ သူ သိသွားစေချင်တယ် ...."

ဟူရှန်ဖုံသည် ခုန်ထွက်ပြီး ရှေ့မှသွားလေ၏။

ထိုအခါ ဘေးတစ်ဘက်တစ်ချက်တွင် အသင့်စောင့်နေကြသော ဝတ်စုံနီနှစ်ယောက်က ဟန်ချုံဖု၏ သွေးကြောကို ပိတ်ကာ တွဲခေါ်လာကြသည်။

ဟန်ချုံဖုမှာ လိုဏ်ဂူအတွင်းသို့ ထိုးဖောက်ဝင်လာခဲ့သော ဟူတန်းဂိုဏ်းမှ ဝမ်းပုကျွင်အတွက် စိုးရိမ်ပူပန်နေမိသည်။

အရိုးဖြူဂိုဏ်းမှ လူအင်အား များပြားသည်ကို မြင်ရုံနှင့် သိနိုင်သည်။

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ၊ ဝမ်ပုကျင်ကိုသာ သူ နိုင်စေချင်သည်။

ဝမ်ပုကျင်နိုင်လျှင် သူလည်း လွတ်မြောက်ခွင့်ရမည် မဟုတ်ပါ

လား။

ဟန်ချုံဖုမှာ ဝတ်စုံနီနှစ်ယောက် အကြားတွင် မလှုပ်နိုင်မယှက်

နိုင်ဘဲ လိုက်ပါသွားရလေတော့သည်။



## အခန်း(၃၇)

## အရိုးမြူဂိုဏ်းသားတဝ

BURMESE CLASSIC

မြေအောက် လမ်းတစ်လျှောက်တွင် ဝါးပင်မှပေါက်သော မျှစ်စို့များကဲ့သို့ အစို့ကလေးများ မြေပေါ်တွင် ထိုးထိုးထောင်ထောင် ရှိနေသည်ကို ဟန်ချုံဖု တွေ့လိုက်ရသဖြင့် အထူးဂရုစိုက် ကြည့်မိသည်။

ထိုအစို့များသည် ဓားမြှောင်တစ်ချောင်းထက် ပို၍ ရှည်သဖြင့် ထိုအစို့ပေါ်တွင် ခြေကျသူမှာ ခန္ဓာကိုယ်ထုတ်ချင်းပေါက်ပြီး သေနိုင်သည်မှာ သံသယရှိဖွယ် မရှိပါချေ။

ဝတ်စုံနီနှစ်ယောက်သည် ထိုအစို့များကို ရှောင်တိမ်းနိုင်စွမ်းမရှိသဖြင့် ဟန်ချုံဖုကို ဘေးကင်းရန်ကင်း ခေါ်ဆောင်လာနိုင်ကြ၏။

ဟန်ချုံဖုအနေဖြင့် ထိုအစို့များကို မည်သည့်အရာမှန်း မသိပေ။ စင်စစ် ထိုအစို့များကား ဝက်ပါအခင်းသာ ဖြစ်ပေတော့သည်။

ထိုဝက်ပါပေါ် လဲကျလျှင်၊ တက်နင်းမိလျှင် အန္တရာယ်ရှိ၏။ သေနိုင်၏။ မသေလျှင်လည်း ပြင်းထန်စွာ ဒဏ်ရာရရှိနိုင်၏။ မသေအောင် ဒဏ်ရာမရအောင် ဂရုစိုက်သွားမြဲန်လျှင်လည်း ထိုအစို့ဝက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ တဝဲဝဲ တလည်လည် ဖြစ်နေမည်မှာ သေချာသည်။

မသွားတတ်၊ မလာတတ်လျှင် စို့ချွန်ကလေးများကို နင်းမိ၍လည်းကောင်း၊ အပေါ်သို့ ခြေချော်ကျသွားခြင်းဖြင့်လည်းကောင်း သေဆုံးသွားနိုင်သည်ကိုတော့ ဟန်ချုံဖု သိသည်။

သူချည်းသာဆိုလျှင် မည်သည့်နည်းနှင့်မျှ အပြင်မရောက်နိုင်ဟုလည်း နားလည်သည်။

သူတို့ အပြင်သို့ရောက်လာကြသောအခါ အပြာရောင် ဝတ်ဆင်ထားသူ လူကြီးတစ်ယောက်သည် မိန်းကလေးတစ်စုနှင့် တိုက်ခိုက်နေကြသည်ကို တွေ့မြင်လိုက်ရ၏။

မိန်းကလေးများမှာ စုစုပေါင်း ကိုးယောက်ရှိသည်။

အပြာရောင် ဝတ်ဆင်ထားသူမှာမူ အသက်ငါးဆယ်ခန့် ရှိပြီး ခန့်ညားသော ရုပ်ရည်သွင်ပြင်ရှိ၏။

လက်ထဲတွင် ဓားရှည်တစ်လက်ကိုင်ကာ မိန်းကလေးများကို တရကြမ်း တိုက်ခိုက်နေသည်။

မိန်းကလေးများသည် ဝတ်စုံနီများ ဝတ်ဆင်ထားကြပြီး တစ်ယောက်နှင့်တစ်ယောက် ပုံသဏ္ဌာန်မတူညီသော လက်နက်များ ကိုင်ဆောင်ထားကြသည်။

မိန်းကလေးများဟုဆိုရသော်လည်း တိုက်ခိုက်ပုံမှာမူ ကြောက်စရာကောင်းလှသည်။

ထိုမိန်းကလေးများအနက် ခေါင်းဆောင်ဖြစ်ဟန်ရှိသူမှာ ကိုယ်လုံးကိုယ်ပေါက် သေးသွယ်ပြီး ဓားရှည်တစ်လက်နှင့် အရိုးချောင်းသဏ္ဌာန် လက်နက်တစ်ခုကို ဘယ်ညာကိုင်ကာ တိုက်ခိုက်နေသည်။



သူတို့သည် အပြာရောင်ဝတ်ဆင်ထားသူအား ထူးခြားသော ဝက်ပါသိုင်းကွက်ဆင်ရင်း တိုက်ခိုက်နေကြခြင်း ဖြစ်သော်လည်း ထိုလူက ကြောက်ရွံ့ဟန်မပြချေ။ ကောင်းစွာ ခုခံချေဖျက်နိုင်သည်။

မိန်းကလေးများသည် စုပေါင်း၍ ပြင်းထန်စွာ တိုက်ခိုက်နေကြသော်လည်း ထိုလူအား အနိုင်မရနိုင်ဘဲ ရှိနေသည်။ ခေါင်းဆောင်မိန်းကလေးက ချက်ချင်း အော်ဟစ်အမိန့်ပေး၏။ အကွက်ပြောင်း၍ တိုက်စေခြင်းဖြစ်ပေသည်။

ဟန်ချုံဖုတို့နှင့် မလှမ်းမကမ်း ဂူနံရံဘေးတွင် အရိုးဖြူကိုဏ်းချုပ်ဟူရှန်ဖုံက အေးတိအေးစက် ရပ်ကြည့်နေ၏။ ဟူရှန်ဖုံ၏မျက်နှာ၌ ထူးခြားသောအရိပ်အယောင် မရှိချေ။

ဟန်ချုံဖုလည်း ကြည့်နေရ၏။

ထိုစဉ် မိန်းကလေးများက လေးယောက်စီ ဝဲယာတစ်ဘက်တစ်ချက် လူစုခွဲလိုက်ကြ၏။ အလယ်တွင် ခေါင်းဆောင်မိန်းကလေး တစ်ယောက်တည်း ရပ်လျက် ကျန်ရစ်သည်။

"တိုက်ကြ .... "

စူးရှသောအသံသည် ခေါင်းဆောင်မိန်းကလေးနှုတ်မှ ထွက်ပေါ်လာ၏။

ထိုအခါ အနီရောင်များသည် အပြာရောင်ကို ဖုံးအုပ်သလို ဖြစ်သွားပြန်၏။

တိုက်ပွဲသည် မည်သည့်ဘက်ကမှ အသာစီးမရသေးသော်လည်း ကြာမြင့်လာသောအခါ တစ်ယောက်တည်းသမားအတွက် အခက်အခဲ တွေ့လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က လူအများဖြင့် တစ်ယောက်ဝင် တစ်ယောက်ထွက် တိုက်ခိုက်နေကြခြင်းကြောင့် ခြေကုန်လက်ပန်းကျခြင်း မရှိသော်လည်း အပြာရောင်ဝတ်ဆင်ထားသူ (ဝါ) ဝမ်ပုကျင်မှာမူ တစ်စထက်တစ်စ လက်ပန်းကျလာသည်။

ဝမ်ပုကျင် မောဟိုက်လာသည်ကို တွေ့ရလေလေ ဝတ်စုံနီများက အားတက်ပြီး တိုက်ခိုက်လေလေ ဖြစ်လာသည်။

ခေါင်းဆောင်မိန်းကလေးသည် စူးစူးဝါးဝါးအော်ဟစ်မာန်သွင်းပြီး ဝမ်ပုကျင်ထံ တစ်ဟုန်ထိုး တိုးဝင်သွား၏။

ဝမ်ပုကျင်မှာ သတိကောင်းသူဖြစ်ရာ ချက်ချင်း ဓားဖြင့် ခံယူလိုက်သည်။

"ချွမ် ...."

အသံတစ်ချက် ထွက်ပေါ်လာပြီး မိန်းကလေး လက်ထဲမှ အဝိုး လက်နက် လွင့်စဉ်သွားတော့၏။

မိန်းကလေး၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး အထိတ်တလန့် နောက်ဆုတ်သွားလေ၏။

ဤတိုက်ကွက်သည် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံကိုပါ ရင်ထိတ်သွားစေသော တိုက်ကွက်ဖြစ်သည်။

အခြားမိန်းကလေးရှစ်ယောက်သော်လည်း ရှဲခနဲ နောက်ဆုတ်သွားကြသည်။

ဟန်ချုံဖုမှာမူ ဝမ်ပုကျင်၏ တိုက်ခိုက်နိုင်မှုကိုကြည့်ပြီး ဝမ်းသာသွား၏။

"သူ နိုင်ပါစေ .... သူ နိုင်မှ ဒီဂူထဲက လွတ်မြောက်မှာ"



ဟန်ချုံဖုက ဒါပဲတွေးသည်။

မိန်းကလေးများ အရှုံးပေး နောက်ဆုတ်သွားတော့မည်ဟုလည်း ထင်၏။

သို့သော် သူ၏အထင်နှင့်အမြင် တက်တက်စင်လွဲသွားပါ၏။

အဘယ့်ကြောင့်ဆိုသော် မိန်းကလေးများသည် အဖြူရောင်ကြိုးတစ်ချောင်းစီထုတ်ကာ ဝမ်ပုကျင်းထံ ပစ်ဖမ်းနေကြသောကြောင့်တည်း။

များပြားလှသော ကြိုးကွင်းများသည် ဝမ်ပုကျင်၏ ခန္ဓာကိုယ်ပေါ်သို့ ပိုက်ကွန်သဖွယ် လွှမ်းခြုံသွားတော့၏။

တချို့ ကြိုးကွင်းများသည် သူ၏ဓားရှည်ကို ရစ်ပတ်လိုက်သည်။

အချို့မှာ ဦးခေါင်း၊ အချို့က ခြေလက် စသည်ဖြင့် မလွတ်တမ်း ရစ်ပတ်လိုက်၏။

မမျှော်လင့်သော တိုက်ကွက်ကြောင့် ဝမ်ပုကျင် ရှောင်တိမ်းရန် သတိလစ်ဟင်းသွားရာ ကြိုးကွင်းများ ကျလာချိန်တွင် လူကို အလွတ်ရှုန်း ရှောင်နိုင်ခဲ့သော်လည်း သူ၏လက်ထဲမှ ဓားကိုမူ လွှတ်ပေးလိုက်ရတော့သည်။ သိုင်းသမားတစ်ယောက်အဖို့ လက်နက်လွှတ်သွားခြင်းသည် အရှုံးပင်ဖြစ်တော့သည်။

သို့သော် လက်နက်မဲ့သွားပြီဖြစ်သော ဝမ်ပုကျင်ကို လွယ်လင့်တကူ အနိုင်မရနိုင်ဘဲ ရှိနေကြပြန်သည်။

ဝမ်ပုကျင်သည် အတွင်းအားကောင်းသူဖြစ်သည့်အပြင် လက်နက်မဲ့သိုင်းပညာ ကျွမ်းကျင်သူဖြစ်၍ ကြိုးကွင်းများကို နည်းအမျိုးမျိုးဖြင့် ရှောင်တိမ်းကာ မိန်းကလေးများကို အနီးကပ်ဝင်ရောက်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လေ၏။

သူသည် ခေါင်းဆောင်မိန်းကလေးကို အမိကထားပြီး မလွတ်တမ်း တိုက်ခိုက်သည်။ ထိုမိန်းကလေးပြိုလျှင် ကျန်ရှစ်ယောက်မှာ အလိုအလျောက် ပြိုပျက်သွားရမည်ဖြစ်သည်။

ပြင်းထန်လှသော တိုက်ကွက်ကြောင့် .... ခေါင်းဆောင်မိန်းကလေးမှာ အသက်လုရှောင်တိမ်းပြီး လွတ်မြောက်သွား၏။

ဝမ်ပုကျင်သည် သူ့သေကိုယ်သေတိုက်ခိုက်လေရာမိန်းကလေးကိုးယောက်အဖို့ အသာစီးရမလိုလို ရှိနေရာမှ အရှုံးသို့ ပြန်၍ ဦးတည်သွားကြရတော့သည်။

ထိုစဉ်မှာပင် ခေါင်းဆောင်မိန်းကလေးက ထူးခြားသောအသံတစ်ချက် ပြုလိုက်လေသည်။

သူမ၏ အသံအဆုံးတွင် မိန်းကလေးများ၏ လက်များ လှုပ်ရှားသွားပြီး အဝါရောင်အငွေ့များ ရုတ်တရက် လွင့်ပျံလာ၏။ ထိုအငွေ့များကို ဝမ်ပုကျင် ရှောင်တိမ်းရန် မလွယ်ပေ။ အဘယ်ကြောင့်ဆိုသော် အရပ်ရှစ်မျက်နှာမှ ထိုအငွေ့များနှင့် ပစ်လွှတ်နေသောကြောင့် ဖြစ်သည်။

စင်စစ် ထိုအငွေ့များက အရိုးဖြူဂိုဏ်း၏ အဆိပ်မှုန့်များသာ ဖြစ်ပေတော့သည်။ အောက်လမ်းသိုင်းသမားများ၏ ကျင့်စဉ်မှာ ဤအတိုင်းသာ ဖြစ်သည်။ သူတို့သည် တရားသဖြင့် နိုင်လျှင်နိုင်၊ မနိုင်လျှင် မတရားသောနည်း သို့မဟုတ် ညစ်ပတ်သည့် အခြားမည်သည့်နည်းကိုမဆို အသုံးပြုကြတော့သည်။ သူတို့ အနိုင်ရဖို့သာ စဉ်းစားပြီး ယုတ်မာကောက်ကျစ်မှုကိုပြုကြပေသည်။ ယခုလည်းအများနှင့်တစ်ယောက်



တရားတိုက်ခိုက်နေသည့်တိုင် သူတို့သည် သာမန်နည်းလမ်းအတိုင်း အနိုင်မယူနိုင်သောအခါ အောက်လမ်းနည်းကို အသုံးပြုကြတော့သည်။

ဝမ်ပုကျင်သည် တတ်နိုင်သမျှ အသက်မရှူမိရန် ကြိုးစားသော်လည်း နောက်ဆုံး၌ အနည်းငယ်တော့ ရှူရှိုက်မိတော့သည်သာ။

သူ မူးဝေနေခိုက် ဓားမြှောင်တစ်ချောင်းသည် ဝမ်ပုကျင်၏ ခြေထောက်ကို လာစိုက်တော့သည်။ ထို့နောက် ဝမ်ပုကျင်လဲကျသွားတော့၏။

ထိုအခါ မိန်းကလေးများက ရှေ့သို့ ခုန်လွှားသွားကြပြီး ပိုင်းခန်းချုပ်နှောင်ကာ ကြိုးများဖြင့် အထပ်ထပ် ရစ်ပတ်ဖမ်းဆီးကြလေတော့၏။

ဝမ်ပုကျင်သည် မရှုမလှ ရှုံးနိမ့်သွားရရှာလေပြီ။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံက သဘောကျစွာ ပြုံးလိုက်၏။

ထို့နောက် လက်ဝှေ့ယမ်းပြလိုက်သည်။

မိန်းကလေးများသည် ဝမ်ပုကျင်အား ဖမ်းဆီးခေါ်ဆောင်သွားကြလေတော့၏။

ဝမ်ပုကျင် ရှုံးနိမ့်သွားသည်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရသဖြင့် ဟန်ချုံဖုခမျာ စိတ်ထဲ၌ မသက်မသာကြီး ဖြစ်သွားသည်။

ဝမ်ပုကျင်သည် သူ့ထက် သိုင်းပညာအများကြီး မြင့်မားသည်။

ထိုသို့သော သိုင်းသမားပင် အရိုးဖြူဂိုဏ်းအား အရှုံးပေးရလျှင် သူ့လို ဘာမဟုတ်ညာမဟုတ် လူမျိုးအတွက်ကား ဆိုဖွယ်ရာမရှိတော[illegible]

ထိုစဉ် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံက ဟန်ချုံဖုအား လှမ်းပြော

www.burmeseclassic.com

www.burmeseclassic.com



၏။

"ကဲ .... မင်း တွေ့ပြီမဟုတ်လား၊ ဝမ်ပုကျင်ဟာ ဒီကလွတ်သွားရင်လည်း နောက်တစ်ခန်းမှာ အဖမ်းခံရမှာပဲ .... ဒီတော့ တို့ဂိုဏ်းထဲမှာ မင်းဘယ်လိုကူညီနိုင်မယ်ဆိုတာကိုသာ စဉ်းစားပေတော့ — ကြားရဲ့လား .... "

ဟန်ချုံဖုခမျာ ခေါင်းငုံ့နေရရှာတော့သည်။

ဝတ်စုံနီတစ်ယောက်က သူ့အား တီးတိုးပြောပြန်၏။ ထိုတီးတိုးစကားမှာ ကြောက်မက်ဖွယ်ရာ ခြိမ်းခြောက်သံပင် ဖြစ်တော့သည်။

"ဝမ်ပုကျင်ကို ဘယ်လိုဖမ်းသွားသလဲ .... မင်း တွေ့တယ်မဟုတ်လား .... သူ့ကို အပြစ်ဒဏ် ခုနစ်ဆယ့်နှစ်မျိုး ပေးလိမ့်မယ် အမျိုးမျိုး နှိပ်စက်လိမ့်မယ် .... အေး .... မင်းလည်း ငါ့အဖွဲ့ထဲ မဝင်ရင် သူ့လိုခံရလိမ့်မယ် .... "

ဟန်ချုံဖုက ထိတ်လန့်စွာ ပြောသည်။

"ကျွန် .... ကျွန်တော် ခင်ဗျားတို့ဂိုဏ်းထဲ ဝင်မှာပါဗျာ"

အရိုးဖြူဂိုဏ်းချုပ် သဘောကျစွာ ပြုံးလိုက်သည်။

"ကောင်းတယ် .... "

သူသည် ဝတ်စုံနီများဘက်သို့ လှည့်ကာ တစ်ဆက်တည်း ပြောလိုက်၏။

"ကဲ .... သူ့ရဲ့ အတွေးအခေါ်တွေကို မှန်ကန်သွားအောင် ခေါင်းဆေးပေးလိုက်ကြပါ .... "

ဝတ်စုံနီနှစ်ယောက်သည် ဟန်ချုံဖုကို တွဲပြီး ခေါ်သွားကြတော့၏။



သူတို့သည် မှောင်မည်းနေသော လမ်းအတိုင်း လျှောက်သွားကြသည်။

ဝတ်စုံနီနှစ်ယောက်သည် ထိုလမ်းကို လွယ်ကူစွာပင် လျှောက်နိုင်ကြသည်။ ဟန်ချုံဖု အဖို့ကား လွယ်လိမ့်မည်မဟုတ်ပေ။

မကြာမီ မီးရောင်လင်းနေသည့် အခန်းကလေး တစ်ခုဆီသို့ ရောက်လာလေ၏။ ထိုအခန်းကလေးကား ကျဉ်းမြောင်းလှသည်။ အထဲ၌ ဘာဆိုဘာမျှ မရှိပေ။

ဝတ်စုံနီနှစ်ယောက်က ဟန်ချုံဖုအား ပစ်သွင်းလိုက်ပြီး သံတံခါးကို ပြန်ပိတ်လိုက်ကြ၏။ သော့ခတ်လိုက်ကြသည်။

"ကဲ .... မင်း ဒီအထဲမှာ နေခဲ့ပေတော့"

ဝတ်စုံနီ တစ်ယောက်က ထိုသို့ပြောပြီး နှစ်ယောက်စလုံး လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ဟန်ချုံဖုက အထိတ်တလန့် ပြောသည်။ သူ့မျက်နှာမှာ ဆီး[illegible]ခန့်မျှသာ ရှိတော့သည်။

"ကျွန် .... ကျွန်တော် ခင်ဗျားတို့ဂိုဏ်းထဲ ဝင်မယ်လို့ ပြောပြီး[illegible]ဗျာ .... ဘာဖြစ်လို့ ကျွန်တော့်ကို အကျဉ်းချထားရတာလဲဗျာ"

"မင်းကို တို့က ဘာမှမလုပ်ပါဘူး .... ဒီအခန်းထဲမှာ ခေတ္တခဏ [illegible]စေတာပါ .... မင်း ဘာမှမကြောက်ပါနဲ့ .... "

"ဒါ .... ဒါကတော့ မတရားပါဘူးဗျာ .... ကျွန် .... ကျွန်တော်"

"မင်း ဘာမှမပြောနဲ့ .... ဒါဟာ တို့ဂိုဏ်းရဲ့ လုပ်ရိုးလုပ်စဉ်ပဲ၊ [illegible] ခသေနိုင်ပါဘူး .... ဒါတော့ စိတ်ချပါ .... မင်းကို သတ်ချင်ရင် [illegible] မင်းကို ဒီအထဲမှာ မထားပါဘူး၊ အပြင်ခေါ်ထုတ်ပြီး သတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရုံပဲ ....”

ဝတ်စုံနီနှစ်ယောက်သည် စကားကို ထပ်မပြောတော့ဘဲ မှော ထဲ၌ ပျောက်ကွယ်သွားကြတော့၏။

ဟန်ချုံဖုသည် ကျဉ်းလှသော အခန်းကလေးထဲ၌ စိတ်ပျ လက်ပျက် ထိုင်ချလိုက်လေ၏။ ထိုအခါ စောစောက အလင်းရော ကလေးသည် တဖြည်းဖြည်း အနီရောင်သို့ ပြောင်းလာလေတော့

ဟန်ချုံဖုသည် မျက်လုံးမှိတ်ပြီး အိပ်လိုက်၏။ သို့သော် သ ကြာကြာမအိပ်နိုင်ပါ။ အခန်း၏ အေးစိမ့်မှုကြောင့် ပြန်နိုးလာသည် ထိုအခါ အနီရောင်သည် သူ့စိတ်ကို ချောက်ချားလာစေတော့၏။

သူသည် ထိုအခန်းကလေးထဲ၌ အစာရေစာ လုံးဝမစားရ ဘယ်နှစ်နေ့ ဘယ်နှစ်ညမှန်းမသိ အကျဉ်းချခံခဲ့ရရာ လူမှာ ရူးသွပ် နီးနီး ပြန်ဖြစ်သွားခဲ့ရသည်။

တစ်နေ့တွင် အနီရဲရဲ ဝတ်ဆင်ထားသူတစ်ယောက် ရောက်လာ ပြီး သူ့အား အနီရောင်ဆေးလုံးတစ်လုံး တိုက်ကျွေးတော့သည်။

ဟန်ချုံဖု အစွမ်းကုန်ကြိုးစားရုန်းသော်လည်း အနီရောင်ဆေး လုံး သူ၏ပါးစပ်ထဲ ရောက်သွား၏။

ခံတွင်း၌ ပျစ်ချွဲချွဲအရသာ ခံစားရပြီး သတိလစ်မေ့မြောသွား တော့သည်။

သူ သတိပြန်ရလာသောအခါ သူ့ပင်ကိုယ် ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း များ ပျောက်ပါးသွားတော့၏။

သူသည် အရိုးဖြူဂိုဏ်းချုပ် ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်တော့သည်။



လူများကို ထွက်၍ ဖမ်းဆီးသည်။

တစ်ခါတစ်ရံ တိုက်ခိုက်လုပ်ကြံသည်။

သူ၏ ဦးခေါင်းလည်း ယခင်လို ဖောက်ပြန်တစ်လှည့်၊ ကောင်း တစ်လှည့် မဟုတ်တော့ပေ။ ဤသို့ဖြင့် သူသည် အရိုးဖြူဂိုဏ်းသား လုံးလုံး ဖြစ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၈)

## တိုက်ပွဲအစီအစဉ်

ယူဆန်ဖုံတို့ သားအဖသည် ရှည်လျားစွာ စကားပြောလိုက်သဖြင့် မောပန်းသွားသော ဟန်ချုံဖု၏ ရှေ့သို့ ဆန်ပြုတ်တစ်ခွက် ချပေးလိုက်၏။

"ကောင်လေး .... မင်း စကားပြောရတာ သိပ်များသွားပြီ သောက်လိုက်ပါဦး"

ဟန်ချုံဖုက ယူဆန်ဖုံကို ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်ပြီး ဆန်ပြုတ်ပန်းကန်ကို ယူ၍ တဂွပ်ဂွပ် မော့ချသောက်ပစ်လိုက်သည်။

လူအားလုံးပင် ဟန်ချုံဖုကို ကြွင်နာစွာ ကြည့်မိကြသည်။

ယိဖျောင်းရှမ်းက ....

"အဲဒီပွဲထဲမှာ ယိထင်းဟောင် ဆိုတဲ့ လူတစ်ယောက်ကို မတွေ့မိဘူးလား .... အဲဒါ ကျွန်ုပ်မ ဖေဖေပါ .... "

ဟန်ချုံဖု စဉ်းစားလိုက်သည်။

"ကျွန်တော် .... အဲဒီမှာနေရတုန်းက မှတ်ဉာဏ်သိပ်မကောင်းပါဘူး .... နောက်ပြီး အဲဒီနာမည်လည်း မကြားဖူးပါဘူး"

"အဲဒီမှာ ဂိုဏ်းသားတွေက ဘယ်လိုကွဲပြားနေတာလဲ"

ကျုံဖေက မေးလိုက်ခြင်းဖြစ်၏။

ထိုအခါ ဟန်ချုံဖုက ....

"အဲဒီအထဲမှာရှိတဲ့ လူတွေကို နှစ်ပိုင်းခွဲထားတယ် .... တစ်ပိုင်းက အနီရောင်ဝတ်ဆင်ရတဲ့ လူတွေပဲ .... "

"သူတို့က အဆင့်မြင့် သိုင်းသမားတွေပေါ့ .... "

"ဟုတ်တယ် .... သိုင်းပညာတော်သလို စကားပြောဆိုလို့ရတယ် .... ပင်ကိုယ်အသိဉာဏ်ရှိတယ်၊ သူတို့ကိုယ်တိုင်က အရိုးဖြူဂိုဏ်းသားဖြစ်ရတာကို ဂုဏ်ယူတယ် .... "

"နောက်တစ်ပိုင်းကကော .... "

"နောက်တစ်ပိုင်းက အဝါရောင်ဝတ်ရတဲ့လူတွေ .... အဲဒီလူတွေဟာ မိစ္ဆာတွေလိုပဲ .... တွေဝေမိန်းမူးနေကြတယ်၊ အမိန့်ပေးသမျှလုပ်ကြတယ်၊ စကားမပြောဘူး .... သိုင်းပညာလည်း သိပ်မကောင်းကြပါဘူး .... "

"ကောင်းပြီ .... မင်းက အဝါရောင်အပိုင်းမှာ ပါတာပေါ့"

"ဟုတ်ပါတယ် .... ကျွန်တော်က အောက်ခြေအဆင့်ပဲ ရှိပါတယ် .... "

"ဒီလူတွေထဲမှာ မင်း မှတ်မိတဲ့လူ မပါဘူးလား"

ဟန်ချုံဖုက ခေါင်းခါယမ်းကာ ....

"မပါဘူး .... ဘာကြောင့်လဲဆိုတော့ အဝါရောင်ဝတ်ရတဲ့ လူ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ဆံပင်ဖားလျား ချထားကြတယ် .... မျက်နှာဖုံးစွပ်ထားကြတယ် .... ယောကျ်ားမိန်းမ ခွဲလို့တောင်မလွယ်ဘူး .... ပင်ကိုယ်အသံဩဇာလည်း သိပ်မရှိကြတော့ .... ဘယ်မှတ်မိပါ့မလဲ .... "

လူထူးလူဆန်း သုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြလေသည်။

သူတို့သုံးယောက်စလုံး အားမလိုအားမရ ဖြစ်နေကြ၏။

ကင်းစီးပွမ်က ဝင်မေး၏။

"မင်း ပြန်ကောင်းလာပြီ၊ သူတို့က မင်းကို ခေါင်းမဆေးခင်က အချိန်အထိတော့ မင်း မှတ်မိမှာပါ .... အရိုးဖြူနန်းတော်နေရာကို နည်းနည်းပါးပါး မမှတ်မိဘူးလား .... "

"အဲဒီအပိုင်းအထိတော့ ရေးတေးတေး မှတ်မိပါတယ် .... ဒါကြောင့်လည်း ကျွန်တော့်အဖြစ်အပျက်တွေကို ပြန်ပြောနိုင်ခဲ့တာပေါ့"

ယိဖျောင်းရှမ်းက ဝမ်းနည်းစွာ ပြော၏။

"ရှင် မှတ်မိတဲ့အပိုင်းမှာ ယိထင်းဟောင်ဆိုတာ မပါဘူးဆိုတော့ ကျွန်မဦးလေး ယန်ချင်ထန်နဲ့ သူ့သားသမီးတွေ သိဖို့တော့ ပိုဝေးသွားတာပေါ့လေ .... ကျွန်မရဲ့ ကုသိုလ်ကံလို့ ဆိုရတော့မှာပေါ့"

ဟန်ချုံဖု ခေါင်းခါယမ်းရင်း ....

"ကျွန်တော်မသိလို့ မပြောနိုင်တာကို ခွင့်လွှတ်ပါဗျာ"

ယိဖျောင်းရှမ်း ငြိမ်နေလိုက်ရတော့သည်။

ထိုစဉ် တာမိုက နားမလည်နိုင်သော လေသံဖြင့် ....

"နေစမ်းပါဦး .... အရိုးဖြူဂိုဏ်းချုပ် ရေအေးကန်ထဲ ထိုင်နေ



တာက ဘာသဘောလဲ .... သိုင်းပညာ လေ့ကျင့်နေတာလား"

ဟန်ချုံဖုက သူ မသိကြောင်း ပြော၏။

ထိုစဉ် ကင်းစီးပွမ်က ဝင်ပြောလာ၏။

"အင်း .... ဖြစ်နိုင်တာတစ်ခုတော့ ရှိတယ်"

"ပြောစမ်းပါဦး .... ဘာများလဲဗျာ .... "

"သူက အအေးသိုင်းပညာကို လေ့ကျင့်နေသလားမှ မသိတာ"

သူ၏စကားကြားရလျှင် တာမို မျက်လုံးပြူးသွား၏။ ထိတ်လန့်သောအသံဖြင့် ....

"ဒီပညာ သိုင်းလောကက ကွယ်ပျောက်သွားတာ ကြာလှပြီပဲ .... "

ကင်းစီးပွမ် ခေါင်းညိတ်ကာ ....

"ဟုတ်တယ် .... သူဟာ ဒီပညာကို လေ့ကျင့်တယ်ဆိုရင်တော့ တော်တော် ကြောက်စရာကောင်းနေပြီ .... တကယ်လို့ လေ့ကျင့်မှု အောင်မြင်သွားခဲ့ရင် မတွေးဝံ့စရာပဲဗျ၊ သိုင်းလောကတစ်ခုလုံး သူ့လက်အောက် ရောက်ပြီသာမှတ်ပေတော့ နံပါတ်တစ် .... "

တာမို ငေးငိုင်သွား၏။

တာမိုနှင့် ကင်းစီးပွမ်တို့ ထိတ်လန့်နေကြသည်ကို တွေ့ရသောအခါ မောင်စန်းတောင် သူရဲကောင်းကျုံဖေက ဝင်၍အကြံပေးလေ၏။

"သူ ဒီပညာကို လေ့ကျင့်နေတယ်ဆိုရင် အောင်မြင်မှုမရခင် ကျွန်တော်တို့ ဝင်တိုက်ခိုက်ကြရင် မကောင်းဘူးလား .... "

အမှန်တော့ သူသည် အရိုးဖြူနန်းတော်ကို ရှာဖွေကာ ဖျက်

www.burmeseclassic.com

www.burmeseclassic.com



သီးပစ်လိုခြင်းသာ ဖြစ်သည်။ ညဏ်ကို လှာသုံးပြီး ဖျက်ဆီးပါက ရှုံး သည်ဟု ကျုံဖေ ယူဆသည်။

ထို့ပြင် သူ့မိတ်ဆွေဖြစ်သူ ယန်ချင်ထန်တို့ မိသားစုကို ကယ် တင်ရမည့်ကိစ္စက ရှိသေးသည် မဟုတ်ပါလော။

ဤလူ့ထူးလူဆန်း သုံးယောက်၏ အကူအညီရလျှင် အောင်မြ ကောင်း အောင်မြင်နိုင်သည်ဟု ကျုံဖေ ယူဆသည်။

"မကြာခင် မိုးလင်းတော့မယ် .... အဲဒီတော့မှ မိစ္ဆာကျွန်း ကူးမယ် .... နေ့လယ်ကြီး ကျူပ်တို့ ပြန်လာလိမ့်မယ်လို့ သူတို့ ထင် မဟုတ်ဘူး .... အငိုက်ဝင်စီးတဲ့သဘောပေါ့ .... "

ကင်စီးဝှမ်က ထိုသို့ ပြောလိုက်ခြင်းကြောင့် မိစ္ဆာကျွန်းသို့ ပြ သွားရန်ကိစ္စသည် အတည်ပြုပြီး ဖြစ်သွားလေတော့၏။ ယိဖျောင်းရှ မှာ ဝမ်းသာ၍ မဆုံးတော့ပေ။

နံနက်မိုးမလင်းမီ သွားသည်ဖြစ်စေ၊ မိုးလင်းမှသွားသည်ဖြ စေ မည်သည့်အချိန်သွားသွား၊ သွားရန်သာ အဓိကဟု သူမ ယူဆထာ ၏။

ထိုသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်မှသာ သူ၏ သွေးသားများ ကို ရှာဖွေနိုင်မည် မဟုတ်ပါလား။

ထိုစဉ် ကင်စီးဝှမ်က ....

"ကဲ .... တို့တစ်တွေ သွားဖို့ သဘောတူကြပြီဆိုရင် မသွား ဆုတ်ခွာဖို့ လမ်းကြောင်းကိုလည်း ကြိုတင်စဉ်းစားကြမှ ဖြစ်မယ်"

ဟာန်ဝို မျက်မှောင်ကြုတ်ပြီး မေး၏။



"ခင်ဗျားက ဘယ်လိုစီစဉ်ချင်လို့လဲ .... "

ကင်စီးဝှမ်က တည်ကြည်သော မျက်နှာထားဖြင့် ....

"တို့ဘက်က သုံးယောက်သာ တိုက်ပွဲမဝင်နိုင်ဘူးဆိုတာ အား လုံး သိသားပဲ .... "

သူ၏စကား မှန်ကန်နေပါသည်။

ယူဆန်ဖုံတို့ သားအဖသည် သိုင်းပညာ တတ်မြောက်ခြင်းမရှိ ချေ။

ဟာန်ချုံဖုသည် စိတ်မှန်သွားပြီဖြစ်သော်လည်း အတွင်းဒဏ်ရာ ရထား၏။ ဟာန်ချုံဖုကို အားကိုး၍မရနိုင်ပါ။

ကင်စီးဝှမ်က ....

"သိုင်းပညာမတတ်တဲ့ ယူဆန်ဖုံတို့သားအဖနဲ့ ဟာန်ချုံဖုတို့ဟာ တိုက်ပွဲဖြစ်ရင် ရန်သူ့လက်ချက်နဲ့ အချောင်အသက်ဆုံးရလိမ့်မယ်"

ယိဖျောင်းရှမ်းက ခေါင်းညိတ်ကာ ထောက်ခံ၏။

"မှန်ပါတယ် .... ဘဘတ ဘယ်လိုစီစဉ်ချင်ပါသလဲရှင်"

"တို့ မိစ္ဆာကျွန်းပေါ် မတက်ခင် သူတို့ကို ပြန်လွှတ်ရလိမ့်မယ်"

ဟာန်ချုံဖုသည် ကင်စီးဝှမ်အား လေးစားသောမျက်လုံးများဖြင့် ကြည့်မိ၏။

ယူဆန်ဖုံတို့သားအဖလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလေ၏။

ကင်စီးဝှမ်က ရှည်လျားစွာ ပြောသည်။

"တို့လှေကို တွဲလာတာ သိပ်မှန်သွားတယ် .... ဒို့လှေကို

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာကျွန်းနဲ့ ကျောက်ဆောင်တွေကြားမှာ ဝှက်ထားရမယ် .... အဲ့ အထိတော့ ယူဆန်ဖုံတို့က လိုက်လုပ်ပေးရမယ် .... တို့ ကမ်းပေါ် မတက်ခင် ယူဆန်ဖုံတို့သားအဖရယ်၊ ဟန်ချုံဖုရယ်၊ တံငါလှေနဲ့ ပြန် ထွက်ကြမယ် .... တိုက်ပွဲမှာ ငါတို့နိုင်လို့ အသက်ရှင်ကျန်မယ်ဆိုရင် မီးပုံမီးဖိုပြီး အချက်ပြမယ် .... ယူဆန်ဖုံတို့ ဒီကျွန်းကို ပြန်လာခဲ့ကြ ပါ .... ဘယ်လိုလဲ .... ဖြစ်နိုင်ပါ့မလား .... ”

ယူဆန်ဖုံ ခေါင်းညိတ်လိုက်သည်။

“စိတ်ချပါ ခင်ဗျာ .... ကျွန်တော်တို့ ပြန်လာပါ့မယ်၊ ကတိပေး ပါတယ် .... ”

“ကောင်းပြီ .... ကျုပ် အစီအစဉ်ကို အားလုံးသဘောတူတယ် ဆိုရင် ပြင်ဆင်စရာရှိတာ အခုကတည်းကစပြီး လုပ်မှဖြစ်မယ်”

သူ၏ တိုက်တွန်းလိုက်သော စကားကြောင့် အားလုံး လှုပ်လှုပ် ရှားရှား ဖြစ်သွားကြလေသည်။ ယူဆန်ဖုံတို့ထံမှ ရိက္ခာအချို့ ထပ်မံ ခွဲယူကြသည်။

ကျုံဖေကမူ ကျွန်းပေါ်မှ မာကျောသော သစ်ကိုင်းအချို့ကို ခုတ်ဖြတ်ပြီး သပ်သဘော၊ စုံသဘော သစ်သားချွန်များ ပြုလုပ်စေ၏ တစ်ဦးလျှင် အနည်းဆုံး လေးချောင်းစီ ယူထားစေ၏။

“ကျုပ်က အဲဒီဂူကို ဓားနဲ့ ဖောက်ထွင်းပြီး အသက်ဘေးက လွတ်လာတဲ့လူဗျ .... ခင်ဗျားတို့ဆီမှာ ဘာလက်နက်မှ မရှိရင် အဲဒီ သစ်သားချွန်တွေက ခင်ဗျားတို့ရဲ့အသက်ကို ကယ်လိမ့်မယ် .... နောက်တစ်ချက်က ဒီဂူတွေကို ကျုပ်တို့ မကျွမ်းဘူး .... ကြမ်းပြင်မှာ



ချည်း နေနေရင် သူတို့ညွှတ်ကွင်းထဲ ဝင်သလို ဖြစ်နေလိမ့်မယ် .... ဝှန်ရဲ့ ခပ်မြင့်မြင့်မှာ သစ်သားချွန်တွေ ထိုးစိုက်ပြီး တွဲခိုနေရင် ရန်သူ မျက်စိလည်မှာ သေချာတယ် .... ခင်ဗျားတို့ သဘောပေါက်ပါတယ် နော် .... ”

လူထူးလူဆန်း သုံးဖော်သည် ကျုံဖေ၏ စိတ်ကူးစိတ်သန်းကို အားပါးတရ ချီးကျူးကြလေ၏။

ယိဖျောင်းရှမ်းသည် သစ်သားချွန်ငါးခုကို ခါးပတ်လည်၌ ထိုး စိုက်သိမ်းဆည်းလိုက်၏။ ပင်လယ်ထဲ ပြန်ထွက်မည့် ယူဆန်ဖုံတို့ သား အဖနှင့် ဟန်ချုံဖုတို့ပင် သစ်သားချွန်များစွာကို လှေပေါ်တင်ကြ၏။

ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်ပြီးသောအခါ အရှေ့ဆီမှ ရောင်နီပျိုးလာတော့သည်။

“ကဲ .... မိစ္ဆာကျွန်း ကမ်းခြေကို ကူးကြမယ်၊ အားလုံး ယူဆန် ဖုံ မဲ့ကိုင်တာကို အတုယူလှေလှော်လာထားကြပါ .... သူက ဒီမှာရှိတဲ့ ရေ ကြောနဲ့ ဓါကတော့အကြောင်းကို အတော်သိနေပြီ .... ”

ယူဆန်ဖုံတို့သားအဖသည် မိစ္ဆာကျွန်းကမ်းခြေသို့ အောင်မြင် စွာ ချဉ်းကပ်နိုင်ခဲ့ကြပြန်သည်။ လူထူးလူဆန်း သုံးဦး၏ လှေကိုလည်း ကျောက်ဆောင်နှစ်ခုအကြား၌ ထားပေးနိုင်ခဲ့သည်။

အခက်အခဲကြုံလျှင် ကင်စီးဝှမ်၊ တာမို၊ ဟန်ကို၊ ကျုံဖေနှင့် ယိ ဖျောင်းရှမ်းတို့သည် ထိုလှေကိုအသုံးပြုပြီး ထွက်ပြေးနိုင်ခွင့်ရကြပေလိမ့် မည်။

ကင်စီးဝှမ်က ....

“ကဲ .... ယူဆန်ဖုံ၊ ခင်ဗျားတို့ သွားကြပေတော့”

www.burmeseclassic.com

www.burmeseclassic.com



ယူဆန်ဖုံတို့သားအဖက အားလုံးကို ဂါရဝပြုသည်။ ဟန်ချိုမှ သည် ဟန်ဝိုကို ရှိခိုးကန်တော့ပြီး ကျန်လူများကို ဦးညွှတ်ဂါရဝပြုသည်။

ထို့နောက် ယူဆန်ဖုံတို့ လှေကလေးသည် မိစ္ဆာကျွန်းမှ ထွက်ခွာသွားလေတော့၏။



အခန်း(၃၉)

## အရိုးပြုဂိုဏ်း၏ နန်းတော်

နေရောင်လင်းလာသည်နှင့်အမျှ မိစ္ဆာကျွန်းပေါ်မှ အအေး
ဓာတ်သည် တဖြည်းဖြည်း လျော့ပါးသွားလေတော့သည်။

ယူဆန်ဖုံတို့၏ လှေကလေး ကွယ်ပျောက်သွားသည်နှင့် လူထူး
ူဆန်းရဲသုံးဖော်၊ ကျုံဖေနှင့် ယိဖျောင်းရှမ်းတို့သည် မိစ္ဆာကျွန်းပေါ်သို့
က်လာခဲ့ကြလေတော့၏။

လမ်းခရီးတွင် သစ်ပင်ဟူ၍ မတွေ့ရဘဲ ကျောက်တုံးကျောက်ခဲ
သော တွေ့ရသည်။ အတန်ကြာ သွားမိသောအခါမှ ကျောက်တောင်
တစ်ခုကို တွေ့ရ၏။

ယင်းကျောက်တောင်အောက်ကို လှေ့လာသောအခါ သျှို့ဝှက်
ဖြစ်နိုင်သည့် မသင်္ကာဖွယ်ရာ အချက်များကို တွေ့ကြရသည်။

ကင်စီးဝွမ်က ကျုံဖေကို မေး၏။

"ခင်ဗျားရောက်ခဲ့တာ ဒီကျောက်တောင်လား ...."

ကျုံဖေက ခေါင်းခါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ .... ဒါ ကျွန်းတစ်ဘက်ဗျ .... ကျုပ်တို့ ပထမ တက်ကြတာက ဟိုတစ်ဘက်မှာ .... ဟိုဘက်ကတက်ရင် ဒီကောင်တွေက ကျုပ်တို့ကို အရင်တွေ့သွားမှာပေါ့ .... "

သူတို့အားလုံး လျှင်မြန်စွာ လှမ်းသွားကြသည်။

အနီးသို့ရောက်သော် တာမိုက ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ်ကြည့်ပြီး ....

"အလင်းရောင်ထွက်ပေါ်လာလို့ အပေါက်ပိတ်ထားလိုက်တာပဲ .... လူဝင်မခံဘူးလေ၊ ကျုပ်ပြောတာ မှန်တယ်မဟုတ်လား"

ကင်စီးဂွမ်က ခေါင်းညိတ်ကာ ....

"မှန်တယ် .... ကဲ .... တို့လိုဏ်ဂူအပေါက်ကို ဖွင့်နိုင်အောင် ကြိုးစားကြစို့"

ယိဖျောင်းရှမ်းမှတစ်ပါး ကျန်လူအားလုံးသည် လှိုဏ်ဂူပေါက်တံခါး ဖွင့်နိုင်မည့်နည်းလမ်းကို ရှာကြတော့၏။

ကင်စီးဂွမ်က တီးတိုးပြော၏။

"နောင်ကြီးကျုံဖေ .... ခင်ဗျား ဝင်ခဲ့တဲ့ ဂူပေါက်တွေနဲ့ ဒီဂူပေါက် တစ်ဆက်တည်းဖြစ်နေမလား မသိဘူး .... "

ကျုံဖေက ခေါင်းညိတ်၏။

"ဖြစ်နိုင်တာပဲ .... ဒါပေမယ့် ကျုပ်ဝင်တဲ့ဂူပေါက်က မသေးနားလှဘူး .... မကျယ်ပြန့်လှဘူးဗျ၊ ဟန်ချုံဖု ပြောတဲ့ဂူက တယ်ကြီးကျယ်တာပဲ .... ပြောလို့တော့ မရဘူးပေါ့ဗျာ .... ဒီဂူပေါက်က အရိုးဖြူနန်းတော် ဖြစ်ချင်ဖြစ်နေမှာပေါ့ .... "



ဟန်ဂိုသည် ကျောက်တောင်ပေါ်သို့ ကုတ်ကပ်တက်သွား၏။ သူသည် တစ်နေရာ၌ ထူးခြားသော အမှတ်အသားတစ်ခုကို သတိပြုမိသောကြောင့် ဖြစ်သည်။ သူ မျက်စိလျင်၍သာ မြင်ခြင်းဖြစ်၏။ ကျန်လူများ တစ်ယောက်မှမမြင်ကြချေ။

ထိုအမှတ်အသားကား လက်ဖျံရိုးသဏ္ဌာန် ကျောက်ထွင်းပုံသဏ္ဌာန်တစ်ခုသာ ဖြစ်ပါ၏။ ထိုထွင်းထားသော ပုံသဏ္ဌာန်ကို ရုတ်တရက် မည်သူမျှ အရိုးချောင်းပမာ တွေ့မြင်ကြမည်မဟုတ်ချေ။ ဟန်ဂိုမှာ အမြင်စူးရှလွန်းသောကြောင့်သာ တွေ့သွားခြင်းဖြစ်သည်။

သူသည် ထိုကျောက်ထွင်းခွက်ထဲ လက်နှိုက်လိုက်သောအခါ ခလုတ်တစ်ခုကို သွားတွေ့၏။

ဟန်ဂိုက မတိုးမကျယ် အော်ပြော၏။

"ခလုတ်တစ်ခု တွေ့ပြီဗျို့ .... "

အားလုံး ဝမ်းသာသွား၏။

"ဆွဲချလိုက်ပေါ့ကွ .... မင်းက ဘာစောင့်နေတာလဲ၊ မင်းရဲ့ မွေးနေ့ကို စောင့်နေတာလား"

ကင်စီးဂွမ်က စိတ်မရှည်ဘဲ ပြောလိုက်သည်။

ဟန်ဂို စိတ်မဆိုးပါ။

"ခင်ဗျားတို့ကို အရင် သတိပေးထားမှ အသင့်ပြင်ထားနိုင်မှာပေါ့ .... ခလုတ်ဆွဲလိုက်လို့ ကျောက်တောင်ကြီးတစ်ခုလုံး ပြိုကျလာရင် ဘယ်နှယ်လုပ်မလဲ .... "

အားလုံး ခေါင်းတညိတ်ညိတ် ဖြစ်ကုန်၏။

ကျုံဖေက လက်သီးဆုပ်ပြပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီးဟန်ကို ကျုပ်တို့ အသင့်ဖြစ်နေပြီ .... ခလုတ်ကို ဆွဲပေတော့ .... "

"ဂျစ် .... ဂျစ် .... ဂျစ် .... ကျွီ .... ကျွီ .... ကျွီ"

ကျောက်တံခါးကြီးသည် တဖြည်းဖြည်း ရွေ့လျားပြီး ပွင့်သွားလေ၏။

လိုဏ်ဂူအပေါက်ဝ ပေါ်လာလေပြီ။ အရိုးဖြူနန်းတော် ဖြစ်သည်ကား သေချာနေလေပြီ။ လျှို့ဝှက်ခလုတ်ဖြင့် တံခါးတပ်ဆင်ထားခြင်းက သက်သေပြနေခြင်းပင် မဟုတ်ပါလော။

အပေါက်ဖြစ်ပေါ်လာသည်နှင့် ကင်းစီးဂွမ်က ရှေ့ဆုံးမှ လှမ်းဝင်သွားတော့၏။

သူ၏နောက်မှ ကျန်လူများ တစ်ယောက်ပြီးတစ်ယောက် ဝင်သွားကြသည်။

ယိဖျောင်းရှမ်းက ကျူဖေအား မေးသည်။

"ဘဘ သွားခဲ့တဲ့ဂူတွေဟာ ဒီဂူနဲ့ ပုံသဏ္ဌာန်တူသလား"

ကျူဖေ ခေါင်းခါယမ်းလိုက်ပြီး ....

"ငါ သေသေချာချာ မမှတ်မိတော့ပါဘူး .... ဒါပေမယ့် ငါထွက်တဲ့ အပေါက်ရှေ့မှာ ကျောက်တုံးနှစ်ခု ရှိတာတော့ သတိထားမိတယ် .... "

ယိဖျောင်းရှမ်းက ....

"အခု ကျွန်မတို့လာတာ သူတို့ကို ဝင်တိုက်ဖို့လား .... လူကယ်ဖို့လား .... "



"လူကယ်ဖို့ အဓိကပေါ့ .... ဒါပေမယ့် ကျွဲကူးရေပါ ဆိုတာလို
တို့ကို ဖျက်ဆီးနိုင်ရင်လည်း ဖျက်ဆီးခဲ့ရမယ် .... "

"မှန်တယ် .... ကျားဂူထဲဝင်မှ ကျားပေါက်ကလေး ရတော့မှာ .... "

ကြားဝင်ပြောလာသူမှာ ကင်းစီးဂွမ် ဖြစ်လေသည်။

သူတို့လူစု အတွင်းဘက်သို့ တရွေ့ရွေ့ ရောက်ရှိသွားကြသည်။ တို့ လူဖြန့်မသွားချေ။ တစ်ယောက်နောက်မှ တစ်ယောက်တန်းစီ ိက်ကြလေ၏။

ဂူပေါက်ဝတွင် အလင်းရောင်ရှိသော်လည်း လိုဏ်ဂူအတွင်း က်သို့ ရောက်လာသောအခါ တစ်စထက်တစ်စ မှောင်မည်းလာလေ ည်။ သို့သော် အလင်းရောင် အချို့ကား ရှိသေး၏။ မကြာမီ သံချွန် ်ပါရှိရာ လိုဏ်ဂူခန်းမထဲသို့ ရောက်ရှိလာ၏။ ထိုဝင်းပါထဲ မဝင်ရ သးမီ တာမိုက အားလုံးစုရန် အချက်ပေးလိုက်သဖြင့် အားလုံး စု ိုက်ကြ၏။

"သံချွန်တစ်ခုကို ကျုပ်ကော်ထုတ်ပစ်မယ် .... ဘယ်လိုသဘော ကြသလဲ .... "

ကင်းစီးဂွမ်က သဘောတူသဖြင့် တာမိုသည် ရှေ့လှမ်းထွက် ကာ သံချွန်တစ်ခုကို သူ့ဂေါ်ပြားလက်နက်ဖြင့် ကော်ထုတ်ဖြစ် ည်။

"ဝုန်း .... "

ကျယ်လောင်သော အသံကြီး ပေါ်ထွက်လာပြီးနောက် သံချွန်

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ထွက်သွားသည့်နေရာမှ အနိုးအငွေ့များ ထွက်လာသည်။

"အဆိပ်ငွေ့ဟေ့ .... မြန်မြန် နောက်ဆုတ်လိုက်ကြ"

တာမိုက သတိပေးရင်း လျှင်မြန်စွာ နောက်ဆုတ်သွားသ

ကျန်လူများသည်လည်း လွတ်ကင်းရာသို့ ခုန်ဆုတ်သွား

သည်။

လိုဏ်ဂူအတွင်း ဖြစ်သောကြောင့် အဆိပ်ငွေ့များ လွယ်လွ

နှင့် လွင့်ပြယ်သွားမည်မဟုတ်ချေ။ ဤသည်ကို ရိပ်မိသော ကင်စီး

က သူညီတော် တာမိုကို လှမ်း၍ သတိပေး၏။

"ဟေ့ .... နံပါတ်နှစ်၊ မင်းဆီမှာ ဆေးရှိတယ်မဟုတ်လား။

ကွယ်ရေးလေး ဘာလေး လုပ်ပေးဦးလေကွာ၊ တော်ကြာ ရန်သ

မတိုက်ရသေးခင် အားလုံး သူတို့ အကျဉ်းသား ဖြစ်ရာန်မယ် ....

"ဟုတ်တယ် .... ဆေးသောက်ထားရင် အဆိပ်ငွေ့ကို ကြော

စရာ မလိုဘူး .... "

ပြောပြောဆိုဆို တာမိုက အင်္ကျီအိတ်အတွင်းမှ ပုလင်းတစ်

ထုတ်ယူပြီး ဆေးလုံးတစ်ယောက်တစ်လုံးစီ ပေးစေသည်။

ယင်းဆေးလုံးမှာ ပန်းပေါင်းတစ်ရာဆေးလုံးဟု ခေါ်ပါသည်

ပန်းအမျိုးပေါင်းတစ်ရာကို အကြိမ်တစ်ရာပေါင်းကာ ဆေး

ဖော်စပ်ထားခြင်းဖြစ်သည်။ အဆိပ်ဖြေဆေးဖြစ်ပြီး အဆိပ်ရှိ သတ္တ

များသည်ပင် ထိုဆေးလုံးနားသို့ ကပ်လေ့မရှိပေ။

အားလုံးသည် ဆေးလုံးတစ်ယောက်တစ်လုံးယူကာ ငုံထား

လိုက်ကြသည်။



အဆိပ်ကို ကြောက်စရာ မလိုတော့သဖြင့် အားတက်လာကြ

ရှေ့ဆက်တိုးသွားကြသည်။ ထိုစဉ် ....

"ဗွစ် .... ဗွစ် .... ဗွစ် .... "

ရှေ့ဆက်လျှောက်စဉ် နောက်ဘက်မှ လေတိုးသံများ ထွက်

ါလာသည်။ လက်နက်ပုန်းများ၏ အသံသာတည်း။

ကျုံဖေက နောက်ဆုံးမှ လိုက်လာရာ ထိုလက်နက်ပုန်းများကို

၏ ဓားဖြင့် ရိုက်ချပစ်လိုက်လေ၏။

"ထန်း .... ထန်း .... ထန်း .... "

နောက်ဘက်မှ အခြေအနေကို သိလိုက်ရသော ကင်စီးဂွမ်သည်

ပ်တစ်ပြက် ကျုံဖေ၏ ဘေးသို့ ရောက်လာ၏။

"နောင်ကြီး ကျုံဖေ .... ဒီကောင်တွေကို ကျုပ်ရှင်းမယ်"

ကျုံဖေ အသာနောက်ဆုတ်ပေးလိုက်၏။ သူ ဆုတ်ပေးသည်

မှန်ပါသည်။ လက်နက်ပုန်းနှင့် လှမ်းပစ်သူ နှစ်ဦးမှာ ဝတ်စုံနီများ

ပါသည်။ သူတို့သည် နောက်မှ တိတ်တဆိတ် လာရောက်လုပ်ကြ

ခြင်းဖြစ်၏။

"မင်းတို့ ဒီလိုလုပ်လို့ ဘယ်ရမလဲ .... "

ဝတ်စုံနီနှစ်ယောက်သည် ကိုယ်ယောင်ဖျောက်ရန် ကြံကြသော်

ည်း ကင်စီးဂွမ်က ကြိုပြောလိုက်သဖြင့် ကိုယ်ယောင်မဖျောက်တော့

ကင်စီးဂွမ်ကို ဝင်တိုက်ကြတော့သည်။

"အဲဒီလိုမှ ငါက ကြိုက်တာကွ .... "

ကင်စီးဂွမ်က အော်ရင်း ထိုအနီရောင် လူရိပ်များထံသို့ ခုန်ဝင်

က်နိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလည်း ဓားကောက်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ကြလေ၏။

အမှန်တော့ သူတို့သည် ဓားကောက်အရိုးများတွင် ကြိုးများချည်နှောင်ပြီး ကင်းစီးငွမ်၏ ဓားကို ရစ်ပတ်ကာ ဆွဲယူရန် ကြိုးစားကြခြင်း ဖြစ်ကြပေသည်။

ကင်းစီးငွမ်မှာ အတွေ့အကြုံ ရင့်ကျက်လှသူဖြစ်၍ ထိုကြိုးများကို ကောင်းစွာ ရှောင်တိမ်းနိုင်သည်။

ဝတ်စုံနီများသည် ကင်းစီးငွမ်ထံမှ ဓားယူ၍ မရမှန်းသိသောအခါ ဆုတ်ပြေးရန် ဟန်ပြင်ကြတော့၏။ သို့သော် ကင်းစီးငွမ်က သူတို့အား ဆုတ်ခွာခွင့် မပေးချေ။ တရကြမ်းပင် ထိုးခုတ်တိုက်ခိုက်တော့သည်။

ထိုစဉ် ဂူအတွင်းပိုင်းမှ တဟားဟား ရယ်သံကြီး ထွက်ပေါ်လာရာ ကင်းစီးငွမ်မှာ ရုတ်တရက် အာရုံပျက်သွားပြီး တုံ့ဆိုင်းသွားလေတော့၏။ ကင်းစီးငွမ် နည်းတူပင် အားလုံး၏ အာရုံများသည် ဂူအတွင်းပိုင်းသို့သာ ရောက်ရှိနေကြသည်။ ကင်းစီးငွမ်၏ ရုတ်တရက် တုံ့ဆိုင်းမှုကို အခွင့်အရေးယူပြီး နောက်ဝတ်စုံနီနှစ်ယောက် လှစ်ခနဲ ထွက်ပြေးသွားကြတော့သည်။

ထိုသူများ အမှောင်ထုထဲသို့ ပျောက်ကွယ်သွားသဖြင့် ကင်းစီးငွမ် လိုက်လံတိုက်ခိုက်နိုင်ခြင်း မရှိတော့ချေ။

“ဝှစ် .... ဝှစ် .... ဝှစ် ....”

လက်နက်ပုန်း ပစ်ခတ်သံများသည် တဝှစ်ဝှစ် ထွက်ပေါ်လာရာ ကင်းစီးငွမ်သာမက ကျုံဖေပါ ဓားကို ဝှေ့ယမ်းပြီး ကာကွယ်ရတော့၏။



“ထန်း .... ထန်း .... ထန်း”

ကျုံဖေက အရေးတကြီး အော်လိုက်၏။

“အားလုံး တုတ်ချွန်သုံးကြ ....”

တုတ်ချွန်ကို မည်သို့သုံးရမည်ဖြစ်ကြောင်း တစ်ဘက်ကျွန်း၌ ရှိစဉ်ကပင် ပြောပြထားခဲ့ပြီးဖြစ်ရာ အကျယ်ချဲ့ ရှင်းပြနေရန် မလိုတော့ပေ။ ကျုံဖေ အော်လိုက်သည်နှင့်တစ်ပြိုင်နက် ကင်းစီးငွမ်နှင့် ကျုံဖေမှ အပ ကျန်သုံးဦးသည် ဂူနံရံအမြင့်၌ တွယ်ကပ်နေလိုက်ကြ၏။

ထိုအခါ ကျုံဖေနှင့် ကင်းစီးငွမ်တို့ ကျောချင်းကပ်ပြီး လက်နက်ပုန်းများကို လွယ်လွယ်ကူကူ ရိုက်ထုတ်နိုင်တော့၏။

တစ်ကြိမ်တွင် ကျုံဖေသည် လူရိပ်တစ်ရိပ် တွေ့လိုက်သဖြင့် ခုန်ဝင်တိုက်ခိုက်လိုက်သည်။

ကင်းစီးငွမ်က လိုက်ကူမည်ပြုစဉ် ဗိုးခနဲ အသံကြားလိုက်သဖြင့် အမြင့်သို့ ခုန်ရှောင်လိုက်၏။

ထိုအခါ သူ၏ခါးအောက်မှ ရဲတင်းနှစ်လက် ဖြတ်ကျော်သွားသည်ကို တွေ့ရသည်။

ကင်းစီးငွမ် အရှောင်မြန်၍သာ အသက်ချမ်းသာရာ ရသွားခြင်းပင်။

ရဲတင်းများသည် ကင်းစီးငွမ်အား ဖြတ်ကျော်ပြီး ကျောက်နံရံနှင့်ထိကာ တချွင်ချွင်မြည်သွားသည့်အပြင် မီးပွင့်ကလေးများပါ ထွက်လာသည်။

ကင်းစီးငွမ် မဲ့ပြုံး ပြုံးပြီး ....

www.burmeseclassic.com



“မဆိုးဘူးဟေ့ .... ”

ဟု ချီးကျူးလိုက်၏။

တစ်ဖန် အင်္ကျီအိတ်ထဲသို့ လက်နှိုက်ကာ ရဲတင်းများ ပစ်လွှတ်လာရာဘက်သို့ ဝှေ့ယမ်းလိုက်လေသည်။

သူကလည်း လက်နက်ပုန်းဖြင့် ပြန်လည်ပစ်ခတ်ခြင်း ဖြစ်သည်။

သူ၏လက်နက်ပုန်းမှာ ရွှေပိုက်ဆံပြား ဖြစ်သည်။

သူ၏လက်နက်ပုန်းပညာသည် ကျူဖေထက် သာနေပြန်ရာ သူသည် ကျူဖေထက် အစစအရာရာ အဆင့်မြင့်သူမှန်း ထင်ရှားသွားလေတော့၏။

‘ပစ်မလွဲရွှေပိုက်ဆံ’ ဟု ကျော်ကြားသော သူ့ရွှေပြားသည် တစ်ခါပစ် တစ်ယောက်ထိသော လက်နက်ဖြစ်၏။

အမှောင်ထဲမှ ညည်းတွားသံတစ်သံ ကြားလိုက်ရခြင်းကြောင့် ကင်းစီးဂွမ်၏ ရွှေပြားသည် ရန်သူတစ်ယောက်ကို ထိမှန်သွားစေခဲ့ကြောင်း ဖော်ပြနေပြန်၏။ ဝုန်းခနဲ လဲကျသံလည်း ထွက်ပေါ်လာ၏။

ရဲတင်းဖြင့် ချောင်းမြောင်းပစ်သူသည် ကင်းစီးဂွမ်၏ ပစ်မလွဲရွှေပိုက်ဆံလက်နက်ပုန်းလက်ချက် မိသွားချေပြီ။

သူက အသံဗလံများ ထွက်ပေါ်လာရာဘက်သို့ ကြည့်နေစဉ် ရုတ်တရက် ....

“ဝှစ် .... ဝှစ် .... ဝှစ် .... ”

လက်နက်ပုန်းများ ထွက်လာပြန်သည်။



ကင်းစီးဂွမ်မှာ ဝမ်းသာ၍ မဆုံးနိုင်သေးမီ မြေပေါ် ခြေတစ်ချက်ဆောင့်ကာ အပေါ်သို့ခုန်တက်၍ ရှောင်တိမ်းပေးရပြန်တော့၏။

မြားအတိုက်လေးသုံးချောင်း သူ၏ ခြေထောက်အောက်မှ ဖြတ်ကျော်သွားကြပြန်၏။

“သောက်ကျိုးနဲ့ .... ဝိုင်းပစ်နေကြတာ မဆုံးနိုင်ပါလားဟေ့”

ကင်းစီးဂွမ်က အော်လိုက်ပြီး သူ့ရွှေပြား လက်နက်ပုန်းတစ်ပြားကို အသံကြားရာသို့ လှမ်းပစ်လိုက်၏။

သို့သော် မည်သည့်အသံမျှ မကြားရသဖြင့် သူ့ရွှေပြားလက်နက်သည် ရန်သူကို မထိကြောင်း သိလိုက်ရပေသည်။

မကြာမီ သူတို့ပတ်ဝန်းကျင်ကို ရန်သူများ ရိပ်ခနဲ ရောက်ရှိလာကြရာ ဂူနံရံ၌ တွယ်ကပ်နေသော တာမို၊ ဟန်ဂိုနှင့် ယိဖျောင်းရှမ်းတို့လည်း တုတ်ချွန်များကို ဆွဲနှုတ်ပြီး မြေပေါ် ခုန်ဆင်းလာကြရ၏။ ဝတ်လည်ဝိုင်းလာသော ရန်သူများကို တိုက်ခိုက်ကြရတော့သည်။

တာမိုက ဂေါ်ပြားအသုံးပြုကာ တိုက်ခိုက်သည်။

ဟန်ဂိုမှာမူ လက်နက်မဲ့ တိုက်ခိုက်သည်။

သူတို့နှစ်ယောက်သည် ဝတ်စုံနီသုံးယောက်နှင့် တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

ရန်သူများသည် တာမို၊ ဟန်ဂိုနှင့် ကင်းစီးဂွမ်တို့ကို သံချွန်ဝက်ပါအတွင်းသို့ မျှားခေါ်ပြီး တိုက်၏။ ကင်းစီးဂွမ်တို့သည် သံချွန်ဝက်ပါကို ရှုမစိုက်ကြချေ။ ဝင်လိုက်ပြီး တိုက်၏။ ဝတ်စုံနီများမှာ သူတို့ပိုင်နက်အတွင်း သူတို့ထောင်ချောက်အတွင်း တိုက်ခိုက်ခြင်းဖြစ်၍ အသာစီးမှ တိုက်ခိုက်နေကြ၏။ ကင်းစီးဂွမ်တို့သုံးယောက်မှာ သိုင်းပညာကောင်း

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဝတ်စုံနီများကို မကြောက်မရွံ့ပင် ပြန်တိုက်နေကြ၏။

ထို့ကြောင့် သူတို့၏တိုက်ပွဲသည် သရေပွဲပမာ ဖြစ်နေတော့၏။

တိုက်ပွဲများ ဖြစ်ပွားလာသောကြောင့် ယိဖျောင်းရှမ်း မနေနိုင်တော့ဘဲ ကျုံဖေအား လှမ်းပြောသည်။

"ဘာဘ .... ကျွန်မလည်း ဝင်တိုက်မယ်"

သို့သော် ကျုံဖေက ဟန့်တားလိုက်သည်။

"မင်း သွားလို့မဖြစ်ဘူး .... "

"ဘာဖြစ်လို့လဲ .... ကျွန်မတို့ ဝင်ကူမှဖြစ်မှာပေါ့"

"ကူဖို့ မလိုသေးပါဘူး .... နောက်ပြီး သံချွန်ဝက်ပါက ရှိသေးတယ် .... ဟိုလူတွေက သံချွန်ဝက်ပါကို ကျွမ်းကျင်ကြတယ် — ဒါကြောင့် သူတို့တိုက်နေတာ .... "

"ကိစ္စမရှိပါဘူး .... ကြိုးစားကြည့်လို့ အရှုံးရှိမယ် မထင်ပါဘူး"

ကျုံဖေသည် လွန်စွာစိတ်ပျက်သွား၏။ ဤကလေးမသည် သိုင်းလောကအကြောင်းလည်း မသိ။ သိုင်းပညာလည်း မကျွမ်းကျင်ပါရင့်သူများ၏ စကားကိုလည်း နားမထောင်။ သူက နှမ်းနယ်စွာ ပြောလိုက်၏။

"မိန်းကလေး.... မင်း သေချင်တယ်ဆိုရင်တော့ ဝင်သာတိုက်ပေတော့ .... "

ကျုံဖေ ဒါပဲ ပြောတော့သည်။

"ဘာလဲ၊ သူတို့ထောင်ချောက်ဆင်ထားတဲ့ ဝက်ပါက ကြောက်စရာကောင်းနေလို့လား ဘာဘ .... "



"မှန်တယ် .... ဝက်ပါပညာ နားလည်တတ်ကျွမ်းတဲ့လူတောင် မနည်းသတိထားနေရတယ် .... တကယ်လို့များ မင်း ဝင်မိရင် မင်းကို ဘယ်သူမှ ကူညီနိုင်မှာမဟုတ်ဘူး .... မကူညီနိုင်တဲ့အပြင် မင်းကို ကယ်ဆယ်ရေး လုပ်နေရတာနဲ့ အဲဒီလူတွေတောင် ရှုံးသွားနိုင်တယ်၊ နားလည်ရဲ့လား .... "

ယိဖျောင်းရှမ်း ငြိမ်နေလိုက်ရတော့သည်။ ကျုံဖေ စိတ်ဆိုးသွားသည်ကိုလည်း ရိပ်မိလိုက်လေ၏။

ကျုံဖေသည် လူထူးလူဆန်း ရဲသုံးဘော်၏ တိုက်ခိုက်ပုံကို ကြည့်ပြီး ကြိတ်၍ ချီးကျူးမိလေ၏။

"အင်း .... ဒီလူတွေရောက်လာတာ ငါ့အဖို့ အတော်ကောင်းတယ် .... သူတို့ဟာ တော်သလောက် နာမည်မကျော်ကြားဘူး .... လူတို့အဆင့်နဲ့ဆိုရင် အခုထက်ပိုပြီး ကျော်ကြားသင့်တယ် .... "

ယိဖျောင်းရှမ်းက တိုက်ပွဲကို စိတ်ပူစွာကြည့်ပြီး ....

"ဘာဘကော ဘာဖြစ်လို့ ဝင်မကူတာလဲ .... "

ကျုံဖေ ရယ်လေတော့၏။

"ငါ ဘာဖြစ်လို့ ဝင်မကူသလဲဆိုတာ ငါ ကြိုပြောသင့်တာကို မေ့သွားတယ် .... ဒီလိုပေါ့ ငါ ဝင်ကူရင် သူတို့သုံးဦး ပေါင်းတိုက်နေတဲ့ တိုက်ကွက်ပျက်သွားမှာစိုးလို့ .... ငါ့ကြောင့် .... သူတို့ အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ သိပလား .... "

ယိဖျောင်းရှမ်းမှာ ရှက်သွေးဖြာသွား၏။

သူမသည် မသိသာ၊ ဆိုးရွားစွာ ကူညီမည်တကဲကဲလုပ်ခဲ့သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲမေသည် ယိဖျောင်းရှမ်းအား ဖိနိပ်ပြောဆိုရာ ရောက်သွားပြီလားဟု ကြင်နာသနားစိတ် ဝင်သွားပြန်၏။

ထို့ကြောင့် ....

"မင်း ကူညီချင်တယ်ဆိုရင် ကိုယ်တိုင်ဝင်တိုက်မှ မဟုတ်ဘူး။ ရန်သူကို လက်နက်ပုန်းနဲ့လည်း ရှင်းလို့ရတာပဲ .... အဲဒီအချက်ကိုတော့ မမေ့နဲ့ပေါ့ .... "

ထိုစကား ကြားရသောအခါ ယိဖျောင်းရှမ်း ဝမ်းသာသွားတော့သည်။

"ဟာ .... ဟုတ်သားပဲ၊ ကျွန်မတို့ လက်နက်ပုန်း သုံးကြတာပေါ့ .... "

သူတို့နှစ်ယောက် ဝဲယာခွဲကာ တာမိုတို့နှင့် တိုက်ခိုက်နေကြသော ဝတ်စုံနီသုံးယောက်ဆီသို့ လက်နက်ပုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်ကြတော့သည်။

ဝတ်စုံနီများမှာ နားပါးသူများ ဖြစ်သော်လည်း သေးငယ်သော ရွှေအပ်ကလေးများကို မရှောင်နိုင်ကြချေ။

တစ်ယောက်ကိုမူ လက်မောင်းကို တည့်မတ်စွာ ထိမှန်သွားလေ၏။

တစ်ယောက်မှာမူ နဖူးပြင်ကို ထိသော်လည်း မျက်နှာဖုံးခံနေ၍ ဒဏ်ရာရခြင်း မရှိချေ။

ကျန်တစ်ယောက်ကား အရှောင်မြန်၍ မထိချေ။

သို့သော် သူတို့သုံးယောက်စလုံး အကြီးအကျယ် ထိတ်လန့်သွားကြသည်။



မသဲမကွဲ အသံပြုကာ အချင်းချင်း အချက်ပေးလိုက်ပြီး လျှင်မြန်စွာ နောက်ဆုတ်သွားကြ၏။

ဟန်ကိုက ....

'မလွှတ်စေနဲ့' ဟု ညာသံပေးသော်လည်း လူက လိုက်မသွားချေ။

တမင် ချောက်လှန့်လိုက်ခြင်း ဖြစ်၏။

ဝတ်စုံနီသုံးယောက် အမှောင်ထု အတွင်းသို့ဝင်ကာ ကွယ်ပျောက်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



### အခန်း(၄၀)

### အရိုးဖြူကိုက်းချုပ်၏ ခြိမ်းခြောက်သံ

ဝတ်စုံနီများ ထွက်ပြေးသွားကြပြီးနောက် ချောင်းမြောင်းတိုက်ခိုက်သူလည်း ပေါ်မလာတော့ချေ။ ကင်းစီးဂွမ်တို့ အတော်ကလေး အနားရသွား၏။

ရန်သူများ ထွက်ပြေးသွားခြင်းသည် ကင်းစီးဂွမ်တို့ ပထမအကြိမ် အောင်ပွဲရခြင်းပင်တည်း။ သံချောင်းဝက်ပါအတွင်း၌ ရန်သူများကို ထွက်ပြေးအောင် တိုက်နိုင်ခြင်းမှာ နည်းနည်းနောနော အခြေအနေမဟုတ်ပေ။

ထိုဝက်ပါမှာ ပေငါးဆယ်ခန့် အကျယ်အဝန်း ရှိလေသည်။

သံချွန်များသည် တစ်ချောင်းနှင့်တစ်ချောင်း နီးကပ်စွာ စိုက်ထားပြီး ခြေတစ်ဖဝါး ချစရာမျှသာ ဝေးကွာသည်မဟုတ်လား။

တိုက်ပွဲ ပြီးဆုံးသွားသောအခါ ကင်းစီးဂွမ်က ....

"တို့တစ်တွေ ဒီဝက်ပါကို အမြန်ဆုံးဖြတ်ကျော်မှ ဖြစ်မယ် .... မဟုတ်ရင် နောက်ထပ်လာပြီး ဒုက္ခပေးကြဦးမှာ .... "



ပြောပြောဆိုဆို ရှေ့မှ ဦးဆောင်သွား၏။ ကျန်လူများ နောက်မှ လိုက်သွားကြသည်။

ကင်းစီးဂွမ်၏ ဦးဆောင်မှုကြောင့် ခက်ခဲရှုပ်ထွေးသော ဝက်ပါ၏ တစ်ဘက်သို့ ရောက်သောအခါ အမှောင်ကြီးစိုးလာ၏။

ထိုအခါ တာမိုက ....

"ကျုပ်တို့ မီးတုတ်ထွန်းဖို့ အချိန်တန်ပြီ .... "

ကျုံဖေက ခေါင်းညိတ်ပြီး မီးတုတ် ထွန်းညှိလိုက်သည်။

ယိဖျောင်းရှမ်းကလည်း သူ့မီးတုတ်ကို ထွန်းညှိလိုက်သဖြင့် အတော်ကလေး လင်းလင်းချင်းချင်း ဖြစ်သွားသည်။

သို့သော် မီးတုတ်ထွန်းညှိလိုက်သည်နှင့် အမှောင်ထုအတွင်းမှ တစ်စုံတစ်ရာ ပစ်လွှင့်လာကာ မီးတုတ်ထိပ်ဖျားကို ရိုက်ခတ်သွား၏။

"ဖုတ် .... ဖုတ် .... "

မီးတုတ်ကို ထိမှန်ပြီး မီးငြိမ်းသွား၏။

ကင်းစီးဂွမ်နှင့် တာမိုတို့ မျက်မှောင်ကြုတ်သွားကြ၏။

အမှောင်ထုအတွင်းသို့ လှမ်းကြည့်ကြသော်လည်း မည်သူ့ကိုမျှ မတွေ့ကြရချေ။

ကင်းစီးဂွမ် သက်ပြင်းချကာ ကြိတ်၍ရေရွတ်မိ၏။

"အင်း .... အတွင်းအား အင်မတန်ကောင်းတဲ့လူနဲ့ တိုးပြီနဲ့ တူတယ် .... "

မီးထွန်းရန် မဖြစ်နိုင်ကြောင်း ရိပ်မိလိုက်ခြင်းကြောင့် သူသည် တာမိုအား လက်ကုတ်အချက်ပြရင်း ရှေ့တိုးသွား၏။ တစ်ဦးနှင့်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



လက်ဘုတ်အချက်ပေးကြသည်။ မီးထပ်မံမထွန်းညှိကြတော့ပေ။

တာမိုနှင့် ဟန်ဂိုတို့က ဝဲယာနှစ်ဘက်ခွဲကာ ကင်းစီးဂွမ်၏နောက်မှ လိုက်သွားကြသည်။

"ဟား .... ဟား .... ဟား .... "

သူတို့၏ ခေါင်းပေါ်မှ ထွက်ပေါ်လာသည့် ရယ်မောသံကြောင့် အားလုံး ရင်ထိတ်သွားသည်။

ရယ်သံမှာ ငှက်ဆိုးထိုးသံအလား စူးရှကျယ်လောင်လှသည်။

ထို့အပြင် ရယ်သံနှင့်မတူဘဲ ခိုညည်းသံနှင့် ခပ်ဆင်ဆင် တူ၍ ကြားရသူများ စိတ်ချောက်ချားသွားစေနိုင်လောက်ပေသည်။

ကင်းစီးဂွမ် လှမ်းအော်လိုက်၏။

"ဘယ်သူလဲဟေ့ .... သတ္တိရှိရင် ထွက်ခဲ့၊ ခိုးကြောင်ခိုးဝှက် ရယ်မနေနဲ့ .... "

သူ၏မေးခွန်းကို မည်သူကမျှ ပြန်မဖြေချေ။

ရယ်မောသံသည်သာ ဆထက်ထမ်းပိုး တိုး၍ ကျယ်လောင်လာလေသည်။

ကင်းစီးဂွမ် ဒေါသထွက်လာလေပြီ။

"ဟေ့ .... မိစ္ဆာကျွန်းက အရိုးဖြူ မင်း သတ္တိရှိရင် ထွက်လာစမ်း .... "

သူ ထပ်၍စိန်ခေါ်ပြန်၏။

ထိုအခါ ရယ်မောသံသည် ရုတ်တရက် ကွယ်ပျောက်သွားတော့၏။

သို့သော် ရယ်သံအစား စကားသံ ထွက်ပေါ်လာသည်။



"သိပ်မှန်တာပေါ့ .... မင်းတို့ တွေ့ချင်တဲ့လူကို အချိန်တန်တော့ တွေ့ရစေမပေါ့ကွယ် .... "

ယင်းသို့ အသံထွက်ပေါ်လာသဖြင့် ကင်းစီးဂွမ် ကျေနပ်သွားသည်။

ကင်းစီးဂွမ်တို့ ဘာမျှမပြောသဖြင့် အပေါ်မှအသံ ဆက်လက်ထွက်ပေါ်လာပြန်သည်။

"ဟဲ .... ဟဲ .... ဟဲ .... ဒီတစ်ခါ မင်းတို့အလှည့်ပဲ .... မင်းတို့က ငါ သေသွားပြီထင်နေကြတယ် မဟုတ်လား .... မင်းတို့ အခုဝင်လာတာ ကိုယ့်သေတွင်းကိုယ်တူးတာပဲ .... ဒီနေရာဟာ လာလမ်းရှိတယ် .... ပြန်လမ်းမရှိဘူးဆိုတာတော့ မင်းတို့ မြဲမြဲမှတ်ထားကြ"

ထိုစကားကို ခြိမ်းခြောက်ရုံသက်သက်စကားဟု သူတို့ မယူဆကြပါ။

အမှန်တကယ်ပြောနေခြင်းဖြစ်ကြောင်း အားလုံး နားလည်လိုက်ကြပါသည်။

ယိဖျောင်းရှမ်းမှာ ထိတ်လန့်ပြီး ကြက်သီးများပင်ထလာသည်။

ကင်းစီးဂွမ်ကမူ ကျယ်လောင်အသံဖြင့် ပြန်အော်၏။

"မင်း ဒီလိုမဟုတ်တယုတ် အလုပ်တွေ ဘယ်အချိန်အထိ လုပ်နိုင်ဦးမှာလဲ .... သတ္တိရှိရင် ထွက်လာခဲ့စမ်း .... "

တာမိုကလည်း ဖြည့်စွက်အော်ပြန်၏။

"မင်းပညာ ဘယ်လောက်စွမ်းသလဲ .... ငါတို့ သိချင်တယ်၊ ထွက်ခဲ့စမ်းပါ .... မင်းသာ တကယ့်သိုင်းပညာရှင်တစ်ယောက်ဆိုရင် ဘာဖြစ်လို့ မထွက်ရဲရမှာလဲ .... "

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏စကားအဆုံးတွင် ....

"ဟဲ ဟဲ .... မင်းတို့က ငါနဲ့ တိုက်ခိုက်ချင်ကြလို့လား"

ကင်စီးဂွမ်က ....

"ဟုတ်တယ် .... မင်း သတ္တိရှိရင် ထွက်လာခဲ့ပါ"

"မင်းတို့က သိုင်းကွက်ဘယ်နှစ်ကွက် ခုခံနိုင်မှာလဲ .... ရှေ စရာတော့ ဖြစ်အောင်မလုပ်ကြနဲ့နော် .... "

"အပိုတွေ ပြောမနေနဲ့ .... ထွက်လာမလား မလာဘူးလာ ပြောစမ်း .... "

ကင်စီးဂွမ် ဟိန်းဟောက်လိုက်၏။

တာမိုကလည်း ထပ်အော်ပြန်သည်။

"ဟုတ်တယ် .... မင်း ထွက်မလာရင် ငါတို့ ဝင်လာရလိမ့်မေ

ထိုအခါ ဟူရှန်ဖုံက ရယ်မောလေတော့၏။

"ဟား ဟား .... မင်းတို့ ငါ့အကြောင်းသိအောင် ပြရဦးမေ မင်းတို့မသေခင် မှာစရာရှိတာ မှာထားကြ .... ရေးစရာရှိတာ ရေးထာ ကြ .... မင်းတို့သတင်းကို အိမ်ပြန်ရောက်တဲ့အထိ ငါ ပြန်ပို့ပေးမေ ဟား ဟား .... "

လူထူးလူဆန်းသုံးယောက်မှာ စိတ်မထိန်းနိုင်အောင် ဒေါ ထွက်လာကြလေသည်။

ကင်စီးဂွမ်က ....

"ငါတို့ .... ဒီတျွန်းပေါ်တက်လာကတည်းက သေရမှာ မကြောက်လို့ဆိုတာ မှတ်ထားလိုက်ဟေ့ .... တို့က အလုပ်တစ် လုပ်ရင် ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးမှလုပ်တာ .... "



တာမိုက နောက်ဆုံးပိတ် စကားကို ပြောလိုက်သည်။

"ငါတို့လာတာ မင်းကိုသုတ်သင်ဖို့ကွ .... အပိုမပြောနဲ့၊ သတ္တိ ရှိရင် ထွက်လာခဲ့ .... သူသေကိုယ်သေ တိုက်ကြတာပေါ့ .... "

ကင်စီးဂွမ်နှင့် တာမိုတို့က ဤမျှ ရှည်ရှည်ဝေးဝေး ပြောဆိုနေ ခြင်းမှာ အသံဘယ်ကလာသည်ကို မှတ်သားနေခြင်းသာ ဖြစ်၏။

အသံထွက်ပေါ်လာသည့်နေရာကို မှန်းဆနေခြင်းသာ ဖြစ်၏။

အသံမှာ ကြည်လင်ပြတ်သားစွာကြားရသလို နီးနီးကပ်ကပ် ရှိနေသည်ဟုလည်း ထင်မှတ်နေရသည်။

အသံသည် ဦးခေါင်းထက်မှ ထွက်ပေါ်နေသည်ကား အသေ အချာပင်။ သို့သော် ဂူအမိုးသာရှိကြောင်း သူတို့ သိမြင်ထားပြီးဖြစ်၏။

ကျုံဖေကမူ ဟူရှန်ဖုံ ထွက်ပေါ်လာသည်နှင့် လက်နက်ပုန်းဖြင့် တိုက်ခိုက်ရန် အသင့်ပြင်ထားသည်။

သို့သော် အသံသာကြားရပြီး လူမမြင်ရသဖြင့် ကျုံဖေမှာ မချင့် မရဲ ဖြစ်နေရတော့သည်။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံသည် ကြောက်မက်ဖွယ်ရာ သိုင်း လောကနတ်ဆိုး ဖြစ်သော်လည်း သူနှင့် လူထူးလူဆန်းရဲသုံးဘော်တို့ အသေခံတိုက်ခိုက်ကြလျှင် ဟူရှန်ဖုံကို နှိမ်နင်းသုတ်သင်နိုင်မည်ဟု ကျုံဖေ ယုံကြည်သည်။ သူသည် ကင်စီးဂွမ်တို့ထက် သိုင်းပညာအဆင့် နိမ့်သေးကြောင်း သိရှိသော်လည်း ဟူရှန်ဖုံကို အဆုံးစီရင်ရန်ကိစ္စ၌မူ လွန်စွာစိတ်ထက်သန်သည်။ သူ့အသက် သေသည်မှာ အကြောင်း မဟုတ် သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်စေမည့်လူကို သုတ်သင် ခြင်းသာ အကြောင်းဖြစ်သည်ဟု သူ ယူဆပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဝိုက ကျုံဖေအား တီးတိုးမေး၏။

"နောင်ကြီးကျုံဖေ အသံကို ခန့်မှန်းလို့ ရသလား"

"ကျုပ်တို့ ခေါင်းပေါ်ကပဲလေ .... "

"အဲဒါ မထူးဆန်းဘူးလား .... "

"ထူးဆန်းတယ် .... "

ကျုံဖေ ခေတ္တမျှ စဉ်းစားလိုက်၏။

"တစ်ခုတော့ ရှိတယ်ဗျာ .... "

"ဘာလဲ .... ခင်ဗျား ဘာတွေးမိလို့လဲ .... "

"ကျုပ် လွတ်မြောက်တဲ့ဂူကို စဉ်းစားမိလို့ပါ .... အဲဒီမှာ ဂူ တစ်ပေါက်တည်းမဟုတ်ဘူးဗျ .... ကြွက်တွင်းတွေ အထပ်ထပ် ဖြစ်နေတာ .... ကျုပ်ဝင်တာက တစ်လမ်း၊ မြေအောက် ရောက်တာ က တစ်လမ်း၊ ဂူနံရံကို ဖောက်ထွက် လွတ်လာတာကတစ်လမ်း — ဒီတော့ ကျုပ်တို့ ခေါင်းပေါ်မှာလည်း ဂူလမ်းတစ်လမ်း ရှိနေပုံရတယ် ဟူရှန်ဖုံဟာ အဲဒီအပေါ် ဂူလမ်းကနေ ကျုပ်တို့ကို စကားပြောတာ ဖြစ်နိုင်တယ် .... "

ကျုံဖေ၏ ရှင်းပြချက်ကို ဖြစ်နိုင်သည်ဟု အားလုံးက လက်ခံ ကြ၏။

မြေလွှာတစ်ထပ်သာခြားပြီး အပေါ်နှင့်အောက် လမ်းနှစ်သွယ် ဖောက်လုပ်ထားခြင်း ဖြစ်နိုင်သည် မဟုတ်ပါလား။

ကင်စီးဝွမ်က သူ့ပေါင်ကို ပုတ်ပြီး အတည်ပြု၏။

"ဟုတ်ပြီ .... ကျုပ်တို့အပေါ်ဘက်မှာ မြေလွှာတစ်ထပ် ခြား ပြီး နောက်ထပ်လမ်းကြောင်းတစ်ခု ရှိနေဦးမှာ သေချာတယ် ....



သူတို့ ပြောနေသည့်စကားသံမှာ တိုးညင်းသဖြင့် အပေါ်ထပ် ဟူရှန်ဖုံ ကြားနိုင်မည်မဟုတ်ပါချေ။ သို့သော် ဟူရှန်ဖုံ၏ အသံကား ‌ဝတိတ်ဆိတ်သွားလေပြီ။

ကင်စီးဝွမ်၊ တာ်မိုနှင့် ကျုံဖေတို့က .... တစ်ယောက်ကို တစ်ယောက် လက်ကုတ်လိုက်ကြ၏။

ထိုစဉ် အရှေ့ဘက် မလှမ်းမကမ်းမှ ထူးခြားသော မီးရောင် တစ်ခု ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ကြရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၁)

## မျောက်ခသာသူရှာလျှင်တွေ့

အရှေ့ဘက် မလှမ်းမကမ်းတွင် မီးရောင်များ ထွက်ပေါ်လာသည်။

အနီရောင် မီးပွင့်ကလေးနှစ်ခုက မှိတ်တုတ်မှိတ်တုတ်ဖြင့် ကင်းစီးဂွမ်တို့ကို လက်ယပ်ခေါ်သကဲ့သို့ ရှိနေ၏။ ကင်းစီးဂွမ်က သူ့လူများ ရှေ့မတိုးစေရန် လက်ဖြင့် တားထားသည်။

တာမိုမှာ အကဲခတ်ကြည့်ရင်း စိတ်မရှည်နိုင်တော့ချေ။

"နောင်ကြီး .... ကျုပ် စုံစမ်းမယ်ဗျာ"

သူသည် ဂေါ်ပြားကို တိတ်တဆိတ် ဆွဲယူလိုက်၏။ တစ်ဖန် ကိုယ်ဖျောက်ပညာ အသုံးပြုပြီး ရှေ့သို့ ပြေးထွက်သွား၏။ ထို့နောက် မီးပွင့်များကို ရိုက်ချလိုက်လေတော့သည်။

အမှန်တော့ မီးပွင့်ကလေးများမှာ သေးငယ်သော မီးအိမ်ကလေးများကို ကိုင်ဆောင်ထားကြသော လူပုကလေးနှစ်ယောက်ထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

---



ထိုလူပုကလေးနှစ်ယောက်သည် ကလေးငယ်များပမာ ပုပုသေးသေးကလေးများ ဖြစ်ကြ၏။ မျက်နှာဖုံးစွပ်ထား၍ မည်သူမည်ဝါဖြစ်ကြောင်း မသိရချေ။

တာမိုလည်း လူပုကလေးများကိုပင် ချင့်သာမပေးဘဲ ဂေါ်ပြားဖြင့် ရိုက်ချမှစ်လိုက်၏။ ဂေါ်ပြားလက်နက်သည် တဗိုးဗိုး တဝှစ်ဝှစ် မြည်သွား၏။

သူက ဂေါ်ပြားဖြင့် ရိုက်ချလိုက်သည်နှင့် ....

"အမယ်လေး .... "

"မလုပ်ပါနဲ့ .... "

လူပုကလေးများက ကြောက်ရွံ့သယောင် အော်ကြသော်လည်း သူတို့၏ လှုပ်ရှားမှုမှာ အံ့သြဖွယ်ကောင်းလောက်အောင် မြန်ဆန်နေသည်။

တစ်ဖန် ....

တာမိုအား လျှာထုတ်ပြ၍လည်းကောင်း၊ မျက်စိမှိတ်ပြ၍လည်းကောင်း နောက်ပြောင်ကြသည်။

တာမိုကား လူဝသလောက် ဒေါသကြီးသူဖြစ်ရာ ထိုလူပုကလေးများကို သုတ်သင်ပစ်မည်ဟု ဆုံးဖြတ်လိုက်လေတော့၏။

"သေပေတော့ .... "

သူ၏ဂေါ်ပြားလက်နက်သည် တဗိုးဗိုး တဝှစ်ဝှစ် မြည်သွားပြန်၏။ သို့သော် ရှေးနည်းတူ ထိအောင်မတိုက်နိုင်ပြန်ချေ။

ဝတ်စုံနီများကို အနိုင်တိုက်ခိုက်နိုင်ခဲ့သော တာမိုသည် လူပု

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်ကို မနိုင်ဘဲ ဖြစ်နေသည်။

ထိုအချက်ကိုကြည့်ခြင်းဖြင့် ထိုလူပုကလေးနှစ်ယောက်သည် ဝတ်စုံနီများထက် သိုင်းပညာသာလွန်ကြောင်း သိနိုင်ပေသည်။

လူပုကလေးများက တာမိအား ဒေါသထွက်အောင် ဆွပေးနိုင်ခဲ့ကြပေသည်။

တာမိသည် တရကြမ်း တိုက်ခိုက်နေပေသည်။

လူပုကလေးများ မနောက်ပြောင်တော့ပေ။ တဖြည်းဖြည်း နောက်ဆုတ်သွားသည်။

တာမိသည် ဒေါသဖြစ်နေသည့်အလျောက် သူတို့နောက်သို့ လိုက်သွားရာ ကင်စီးဂွမ်တို့နှင့် ဝေးကွာသွားတော့၏။ ကင်စီးဂွမ်က လှမ်း၍အော်လေ၏။

"နံပါတ်နှစ် .... ငါပါ လိုက်ခဲ့မယ်ဟေ့"

သူသည် အော်ဟစ်ရင်း တာမိနောက်သို့ ပြေးလိုက်သွားလေတော့၏။

စင်စစ် တာမိသည် ထိုလူပုကလေးနှစ်ယောက်အား အမီလိုက်နိုင်သည်။

သို့သော် ....

လူပုကလေးများက လမ်းကျွမ်းသဖြင့် ကွေ့ပတ်ပြေးနေခြင်းကြောင့် မမီနိုင်ခြင်း ဖြစ်ပေသည်။

တာမိသာမက ကင်စီးဂွမ်ပါ လိုက်လာသဖြင့် လူပုကလေးများသည် ပို၍ ဂရုစိုက်ပြေးကြ၏။



ထိုအခါ သူတို့၏နောက်မှ ကျန်လူများလည်း ပြေးလိုက်ကြရတော့သည်။

မကြာမီ ....

အကွေ့အကောက်များကို ပတ်ကာ ကွေ့ကာ ပြေးလွှားမိကြပြီးနောက် အရှေ့ဘက် ပေသုံးဆယ်ခန့် အကွာတွင် နေရောင်ခြည်များ ဖြာကျနေသည်ကို တွေ့မြင်လိုက်ရလေသတည်း။

နေရောင်ခြည်များ ဖြာကျနေသည်။

လူပုကလေးများသည် .... နေရောင်ခြည်များ တိုးဝင်လာရာ အပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ပြေးထွက်ကာ ကွယ်ပျောက်သွားကြသည်။

တာမိတို့လည်း တရကြမ်း ပြေးလိုက်သွားရာ လိုဏ်ဂူပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ရောက်သွားကြ၏။

အပြင်ဘက်မှာ တောင်ကုန်းနှစ်ခုအကြားရှိ ချိုင့်ဝှမ်းတစ်ခုရှိနေသည်။

ထိုချိုင့်ဝှမ်းသည် ဂူပေါက်ရှေ့တွင် ကမ္ဘလာကဲ့သို့ တည်ရှိနေပါသည်။

ကမ္ဘလာဆို၍ မြကမ္ဘလာဟု မထင်လိုက်ပါနှင့်၊ အဝါရောင်သန်းနေသော ကမ္ဘလာသာ ဖြစ်ပါသည်။

နေရောင်ခြည်များကြောင့် ဝါထိန်နေခြင်း မဟုတ်ချေ။ အဝါရောင်ဝတ်ဆင်ထားသူများ အတုံးအရုံး လဲလျောင်းလျက် ရှိနေခြင်းကြောင့် ဝါထိန်နေခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တာမိုတို့လူစု ရပ်တန့်သွားလေ၏။

မြေပေါ်တွင် လဲလျောင်းနေကြသော အဝါရောင်ဝတ်ဆင်ထားသောသူများမှာ လူတစ်ရာခန့်ရှိသည်။

ရှည်လျားသော ဆံပင်များနှင့် အဝါရောင်ဝတ်စားထားသည်ကို ကြည့်ပါက အဆင့်နိမ့် မိစ္ဆာကောင်ပမာ စေစားခံရသူများဖြစ်ကြောင်း သိသာပေသည်။

မမျှော်လင့်သော မြင်ကွင်းကြောင့် ယိဖျောင်းရှမ်း ထိတ်လန့်သွား၏။

"အား ...."

သူမ လဲကျမည်ကဲ့သို့ ဖြစ်သွား၏။

သူမအား ကျူံဖေက ဖေးမထားလိုက်နိုင်သဖြင့် လဲမကျတော့ချေ။

"ဘာမှမကြောက်နဲ့ .... ဒါ မကောင်းဆိုးရွားတွေမဟုတ်ဘူး၊ လူတွေပါ .... သူတို့အကြောင်း တူမလေး သိနေသားပဲဥစ္စာ" ဟု ကျူံဖေက နှစ်သိမ့်လိုက်ရ၏။

မြေပေါ်တွင် လဲလျောင်းနေသူများ၏ အနေအထားမှာလည်း ထူးခြားနေပါ၏။

ထိုလူများသည် ရှစ်ယောက်တစ်ဖွဲ့၊ ကိုးယောက်တစ်ဖွဲ့၊ ဆယ်ယောက်တစ်ဖွဲ့ စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လဲလျောင်းနေကြခြင်းဖြစ်သည်။

အချို့အုပ်စုများ လေးထောင့်ပုံရှိပြီး အချို့က စက်ဝိုင်းပုံရှိသည်။



ပုံသဏ္ဌာန်များ မတူညီသော်လည်း တူညီသည့်အချက်တစ်ခုကား ရှိ၏။

ထိုအချက်မှာ အားလုံးသည် မြေပေါ်မျက်နှာအပ်ကာ မှောက်လျက်အိပ်နေကြခြင်းဖြစ်သည်။

တာမို၊ ကင်စီးဝွမ်၊ ကျူံဖေ၊ ဟန်ကိုနှင့် ယိဖျောင်းရှမ်းတို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ တစ်ဦးကိုတစ်ဦး မေးခွန်းထုတ်သလို ကြည့်ကြ၏။

ထူးခြားသော မြင်ကွင်းသည် သူတို့အားလုံး၏ စိတ်ကို အနည်းနှင့်အများတော့ ချောက်ချားစေခဲ့သည် မဟုတ်ပါလား။

ထိုစဉ် ....

"တုံ .... တုံ .... တုံ ...."

တုံးခေါက်အချက်ပေးသံများ ထွက်ပေါ်လာလေတော့သည်။

အချက်ပေးသံ ဆုံးသောအခါ မြေပေါ်မှ အဝါရောင်လူများ လှုပ်လှုပ်ရှားရှား ဖြစ်လာကြတော့၏။

အားလုံး မတ်တတ်ရပ်လိုက်ကြပြီး ဝါးလုံးများ ထောင်ထားသကဲ့သို့ တောင့်တောင့်ကြီး ရပ်လာကြသည်။

သူတို့လှုပ်ရှားမှုကို တာမိုတို့လူစုက မျက်တောင်မခတ် စိုက်ကြည့်နေမိကြ၏။

အဝါရောင်မိစ္ဆာကောင်များ၏ လှုပ်ရှားမှုကို သူတို့လူစု ငေးနေစဉ် လက်ဝဲဘက် တောင်ကုန်းထက်မှ လူတစ်စု ရိပ်ခနဲ ဆင်းလာသည်ကို တွေ့ရ၏။

ထိုလူစုထဲတွင် ကျူံဖေ တိုက်ခိုက်ခဲ့ရသည့် ဝတ်စုံနီ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ကြောင်း ကျုံဖေ သိလိုက်၏။ ဆင်းလာသူ ကိုးယောက်ရှိသည်။

ထိုဝတ်စုံနီကိုးယောက် ဘာလုပ်မည်ကို ကျုံဖေတို့ မခန့်မှန်းတတ်ချေ။

သို့သော် မကြာခင် သူတို့ သိခွင့်ရတော့သည်။ ထိုသူများကား အဝါရောင်ဝတ်စုံများကို ဦးစီးကွပ်ကဲမည့်သူများပေတည်း။

ရှေ့ဆုံးမှ ဇတ်စုံနီက လက်ခုပ်သုံးချက်တီးလိုက်ရာ အဝါရောင်များသည် အစုလိုက် အစုလိုက် ကွဲသွားလေတော့၏။

လူတစ်ရာခန့် စုရုံးနေရာမှ ဆယ်ယောက်တစ်အုပ်စု၊ ကိုးယောက်တစ်အုပ်စုဆီ ပြန်လည်ခွဲလိုက်ကြခြင်း ဖြစ်လေသည်။

ထိုလူများသည် မိမိတို့အုပ်စုအတွင်းရှိသူအချင်းချင်း လက်ချင်းချိတ်ဆက်ထားကြသည်။

လက်တွဲထားသော အစုများသည် ကဏန်းကောင်များကဲ့သို့ တဖြည်းဖြည်း ဘေးတိုက်သွားကြ၏။ တာမိုတို့အုပ်စုသည် အဝါရောင်ဝတ်စုံဝတ်များ၏ လှုပ်ရှားမှုများကို မှင်တက်ငေးကြည့်မိကြ၏။

ထိုသို့ အငေးကောင်းနေကြသဖြင့် အဝါရောင်ဝတ်စုံဝတ်များ၏ ဝိုင်းပတ်ခြင်းကို ခံလိုက်ကြရသည်။

ကျောချမ်း တုန်ပြမှန်းသိဟူသော စကားအတိုင်း အဝိုင်းခံရပြီးမှ သူတို့အတွက် အန္တရာယ် အလွန်ကြီးနေကြောင်း ရိပ်မိကြတော့သည်။

ဝိုင်းထားသည် ဆိုသော်လည်း စက်ဝိုင်းပုံသဏ္ဌာန် ဝိုင်းထားခြင်းမဟုတ်ပေ။

လေးထောင့်ပုံသဏ္ဌာန် ဝိုင်းထားခြင်း ဖြစ်၏။



တာမိုနှင့် ကင်စီးဂွမ်တို့မှာ သိုင်းလောကအတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်ကြပါသော်လည်း ယခုကဲ့သို့ စတုရန်းတံတိုင်းကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးကြပေ။

သည့်တစ်ကြိမ်တွင် ကျုံဖေက သာသွား၏။ ကျုံဖေသည် စတုရန်း လူတံတိုင်းပုံစံကို တွေ့ခဲ့ဖူးပေသည်။

ထို့ကြောင့် ....

သူက တစ်ဘက်လူများကို စိတ်ထဲမှ အပြေးအလွှား ရေတွက်ကြည့်သည်။

အဝါရောင်လူများ စုစုပေါင်း တစ်ရာ့ရှစ်ယောက်ရှိကြောင်း ရေတွက်မိသည်။

"ဒါ ဝက်ပါပါဗျာ .... နောင်ကြီးတာမို ခင်ဗျားက ဝက်ပါကျွမ်းကျင်တယ်မဟုတ်လား .... ဒီဝက်ပါကို မသိဘူးလား ...."

"မသိပါဘူးဗျာ .... ကျုပ် တစ်ခါမှ မတွေ့ဖူးဘူး"

"မြွေနဲ့ဖား ဝက်ပါဆိုတာ ဒါပဲဗျ .... "

ထိုစဉ် ဝတ်စုံနီကိုးယောက်သည် အဝါရောင်လူများအကြားသို့ တစ်ယောက်တစ်နေရာစီခွဲကာ တိုးဝင်သွားကြသည်ကို တွေ့မြင်လိုက်ကြရ၏။

မကြာမီ ကိုးယောက်ထဲမှ တစ်ယောက်က အော်ပြောလာလေ၏။

"ရှင်တို့ လက်နက်ချပါ .... မဟုတ်ရင် အားလုံး သေကုန်လိမ့်မယ် ...."

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... လွယ်ပါတယ်၊ တို့လက်ထဲက လက်နက်တွေကို ယူနိုင်ရင် လက်နက်ချမယ် ... "

တာမိုက တဟားဟားရယ်ရင်း ပြောလိုက်လေ၏။

"ရှင်တို့ ကျွန်မတို့ရဲ့ ဝက်ပါကို မကြောက်ဘူးလား ... "

"ကြောက်ရင် ကျုပ်တို့ ဒီကို ရောက်မလာဘူး ... "

"ကောင်းပြီ ... သတိထားပေတော့"

စကားဆုံးလျှင် လေချွန်သံတစ်ချက် ထွက်ပေါ်လာ၏။

လေချွန်သံအဆုံးတွင် အဝါရောင်လူများ ရှေ့သို့ တရကြမ်းတိုးလာကြသည်။

တာမိုက ဂေါ်ပြားကို ဆွဲကိုင်ရင်း ရှေ့ဆုံးမှ ခုခံသည်။

"တိုက်ကြ ... "

မြွေနှင့်ဖား ဝက်ပါနှင့် တာမိုတို့အုပ်စု တိုက်ကြလေပြီ။ မည်သူမြွေဖြစ်၍ မည်သူ ဖားဖြစ်မည်ကိုကား မသိနိုင်သေးပေ။

တိုက်ပွဲကား ပြင်းထန်လှ၏။

အဝါရောင်လူများသည် ထူးခြားသော ကိုယ်ကျပ်အကျႌများဝတ်ထားသဖြင့် တော်ရုံတန်ရုံလက်နက်ဖြင့် ထိခိုက်ဒဏ်ရာရအောင် မတိုက်နိုင်ဘဲ ရှိနေ၏။

ထိုသူများမှာ လူများသာ ဖြစ်ခြင်းကြောင့် တာမိုတို့မှာ ရက်စက်စွာ မတိုက်လိုကြချေ။ တာမိုတို့ လူထူးဆန်းရဲသုံးဘော်သည် အထက်လမ်း ဂိုဏ်းသားများ ဖြစ်ကြ၏။

သို့သော် သူတို့က မတိုက်လျှင် သေရမည်ဖြစ်နေပြန်သော အခါ



တွင်မူ ရက်ရက်စက်စက် မတိုက်ဘဲနေ၍ မရတော့ပေ။

ယင်းသို့တိုက်ခိုက်သော်လည်း ထိုးဖောက်နိုင်ခြင်းမရှိဘဲ အဝိုင်းခံမြဲ အဝိုင်းခံနေရသည်။

အနီရောင်ဝတ်ထားသူများက အဝါရောင်လူများအား ရှေ့တက်ခြင်း နောက်ဆုတ်ခြင်းကို အကွက်ကျကျ အမိန့်ပေးနေသည်။

ထိုအချိန်တွင် ယိဖျောင်းရှမ်းမှာလည်း ရန်သူများ ဝိုင်းထားခြင်း ခံနေရသည်။ အသေအလဲ ခုခံနေရသည်။

သူမ၏ သိုင်းပညာမှာ အနိမ့်ဆုံးဖြစ်၍ ဤသို့ ခုခံရခြင်းမှာ အဆန်းမဟုတ်ချေ။ သူ့ထက် အဆမတန် အဆင့်မြင့်သော ကင်စီးဂွမ်တို့ ညီနောင်သုံးဖော်ပင် ခံစစ်ဖြင့် ခုခံနေရသည်မဟုတ်ပါလား။

ယိဖျောင်းရှမ်းမှာ အဝါရောင် အုပ်စုတစ်စု၏ ဝိုင်းတိုက်ခြင်းကို ခံနေရသည်။ သူမ အလူးအလဲ ခုခံနေရသော်လည်း သေဘေးမရောက်လောက်အောင်တော့ မဖြစ်ချေ။ ကင်စီးဂွမ်တို့ကား တကယ့်ကို သဲသဲမဲမဲ အတိုက်ခံနေရသည်။ တကယ့်ကို အသေအကြေ ခုခံနေရခြင်းဖြစ်သည်။

ယိဖျောင်းရှမ်း သက်သာနေရခြင်း၏ အဓိကအချက်မှာ အဝါရောင်ဝတ် လူများကို စီမံညွှန်ကြားနေသည့် ဝတ်စုံနီကြောင့် ဖြစ်ပေ၏။

ဝတ်စုံဝါများက အရှိန်တက်ပြီး ရှေ့ဆက်တက်သောအခါ ... တစ်ဟုန်ထိုး ပြေးနေသော မြင်းဇက်ကို တုံ့ဆွဲသကဲ့သို့ ဝတ်စုံနီက သူ့လူများအား ချက်ချင်း ပြန်ဆုတ်စေပြန်၏။ ယိဖျောင်းရှမ်းမှာ အကျဉ်းအကျပ်ထဲရောက်ပြီး သေလုနီးပါး ဖြစ်တိုင်း အသက်ရှူခွင့်ရ

www.burmeseclassic.com

ကာ အသက်ဘေးမှ လွတ်မြောက်ခွင့်ရသွားသည်။

တိုက်ပွဲအချိန်ကြာမြင့်သောအခါ ယိဖျောင်းရှမ်းသည် ထိုဝတ်စုံနီက သူမအား ညှာညှာတာတာ လုပ်နေကြောင်း ရိပ်မိလာတော့၏။

"ထူးတယ် .... သိပ်ထူးတယ်၊ အဲဒီဝတ်စုံနီက ဘာဖြစ်လို့ ငါ သေမှာစိုးနေရတာလဲ မသိဘူး ...."

ယိဖျောင်းရှမ်း စိတ်ထဲမှ ပြောမိ၏။ ထို့နောက် တိုက်နေရင်း မူးမေ့လဲကျသွားလေတော့၏။ တကယ်တော့ သူမ မမေ့ပါ။ ပရိယာယ် ဆင်ခြင်းသာ ဖြစ်ပါသည်။ သူမ ထင်ထားသည့်အတိုင်း ဝတ်စုံနီက အဝါရောင်ဝတ်စုံဝတ်သူများကို ချက်ချင်း တိုက်ပွဲရပ်စေတော့၏။

ဝတ်စုံနီသည် ရှေ့သို့ ခုန်ဝင်လာ၏။ ယိဖျောင်းရှမ်းသည် လူး တစ်ပြက် ခုန်ထကာ ဝတ်စုံနီအား ထိုးခုတ်တိုက်ခိုက်တော့သည်။

ဝတ်စုံနီမှာ သိုင်းပညာအဆင့်မြင့်လှသဖြင့် ယိဖျောင်းရှမ်း၏ ဓားချက်ကို သုံးကွက်အထိ လျင်မြန်စွာ ခုခံလိုက်သည်။ ထိုအခါ ယိဖျောင်းရှမ်း အကြီးအကျယ် ထိတ်လန့်ပြီး အော်ဟစ်မိလေတော့သည်။

"ဖေဖေ ...."

အဘယ်ကြောင့် သူမ ဤသို့အော်ရသနည်း။ အကြောင်းရှိသည်။ ထိုဝတ်စုံနီခုခံသည့် သိုင်းကွက်သည် သူမ၏ဖခင် ယိထင်းဟောင်၏ သိုင်းကွက်ဖြစ်နေသောကြောင့်တည်း။

ယိဖျောင်းရှမ်း မတိုက်တော့ပေ။ ဝတ်စုံနီထံ အတင်းချဉ်းကပ်လေတော့ရာ ထိုဝတ်စုံနီသည် ထူးဆန်းလှစွာ ခုန်ဆုတ်ပြေးထွက်သွားလေတော့၏။



"ဖေဖေ .... ဖေဖေက အရိုးဖြူဂိုဏ်းထဲ ရောက်နေပြီလား"

ယိဖျောင်းရှမ်း၏ အော်သံကြောင့် .... ယိထင်းဟောင်သည် ပျောက်ဆုံးသွားရာမှ အရိုးဖြူဂိုဏ်းထဲသို့ ရောက်နေပြီဖြစ်ကြောင်း ကျုံဖေနှင့်တကွ ကျန်လူအားလုံး ရိပ်မိသိရှိကြတော့၏။

ထိုစဉ် အခြားဝတ်စုံနီတစ်ယောက် ပြေးဝင်လာပြီး ယိဖျောင်းရှမ်းကို တား၏။

"ဟေ့ .... ဒါ နင့်အဖေမဟုတ်ဘူး ...."

ယိဖျောင်းရှမ်းမှာ ထိုကြားဖြတ်ရန်သူအား တိုက်ခိုက်ရတော့သည်။

"ရှင် ဖယ်စမ်း .... ဝင်မရှုပ်နဲ့"

သူမသည် ဖခင်ကို တွေ့ရပြီဟု တစ်ထစ်ချ ယုံမှတ်ထားသည့်အလျောက် ထိုဝတ်စုံနီအား သူသေကိုယ်သေ တရကြမ်းတိုက်ခိုက်တော့၏။ ထိုကြားဖြတ်ရန်သူသည် တဖြည်းဖြည်း နောက်ဆုတ်သွားရာ ယိဖျောင်းရှမ်းကလည်း လိုက်လံတိုက်ခိုက်၏။ သူမအား အုပ်စုနှင့် ဝေးသထက်ဝေးအောင် မျှားခေါ်သွားခြင်းသာ ဖြစ်ပေသည်။

ယခုတစ်ကြိမ် သူမ စွန့်စားလိုက်ခြင်းသည် မဟာအမှားဖြစ်သွားရသည်။

သံလက်နက် ကိုင်ဆောင်ထားသော ဝတ်စုံနီသည် လက်နက်ဖြင့် အယောင်ပြပြီး လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ရာ ယိဖျောင်းရှမ်း ဗုန်းခနဲထိပြီး လွင့်စဉ်သွားလေတော့၏။ သို့သော် သူမ သတိလစ်ပါ။ ကုန်းရုန်း၍ ပြန်ထလိုက်သည်။

www.burmeseclassic.com



သို့သော် ....

ယိဖျောင်းရှမ်းတော့ မလွယ်တော့ချေ။ အဘယ်ကြောင့်ဆို သော် သူမ၏ နှာခေါင်းတွင်းသို့ စူးရှသောရနံ့ တိုးဝင်လာပြီး သူမ ပြန် လည်သတိလစ်မေ့မြောသွားသောကြောင့် ဖြစ်ပေသတည်း။



## အခန်း(၄၂)

## သံယောဇဉ်နှောင်ကြိုးတစ်မျှင်

ယိဖျောင်းရှမ်း၏ အော်သံကြောင့် ကျူ့ဖေ ရင်ထိတ်သွားပြီး လှမ်းကြည့်မိ၏။

ရန်သူနယ်ပယ်အတွင်းပိုင်း၌ အဖမ်းခံလိုက်ရသော ယိဖျောင်း ရှမ်းကို တွေ့လိုက်ရသောအခါ ကျူ့ဖေမှာ အစိုးရိမ်ကြီး စိုးရိမ်သွားတော့ ၏။ သူမ၏ လုံခြုံရေးသည် ကင်းစီးဌမ်တို့နှင့် မဆိုင်ပေ။ သူနှင့်သာ ဆိုင်သည်။

သူမသည် သူ၏ တပည့်တစ်ဦးကဲ့သို့ သူ့ထံမှ သိုင်းပညာသင်ခဲ့ သည် မဟုတ်ပါလား။

သူသည် ကင်းစီးဌမ်တို့အုပ်စု တိုက်သကဲ့သို့ပင် တိုက်ခဲ့သည်။ ရက်ရက်စက်စက် မလုပ်ခဲ့ပေ။ ယခု ယိဖျောင်းရှမ်း ရန်သူ့လက်ထဲ ကျသွားသည်ကို မြင်သည့်အခါတွင်မူ သူ၏လက်နက်ပုန်းများကို အဝါ ရောင်ဝတ်စုံဝတ်များ၏ မျက်လုံးများဆီသို့ ပစ်ခတ်လေတော့၏။

"အား ...."

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ...."

"အွန် ...."

စူးရှသော အော်သံများ ထွက်ပေါ်လာပြီး အဝါရောင်လူများ မြေပေါ်သို့ အတုံးအရုံး လဲကျကုန်၏။

အဝါရောင်လူများ၏ ခန္ဓာကိုယ်အား တိုက်ခိုက်၍ မထိရောက်သော်လည်း မျက်နှာနှင့် လက်တံတောင်ကွေးကို တိုက်ခိုက်သောအခါ ထိရောက်ကြောင်း တွေ့ရသောကြောင့် တာမိုတို့သည် လွန်စွာ ဝမ်းသာသွား၏။ ကျုံ့ဇူဖကိုပင် ချီးကျူးလိုက်ပေသေးသည်။

အဝါရောင်ဝတ်စုံဝတ် အချို့ လဲကျကုန်သောအခါ ကျုံ့ဖေ၏ အခေါ်အဝေါ်အရ မြွေနှင့်ဖား ဝင်ပါလည်း ပျက်စပြုလေတော့၏ ဝတ်စုံနီများလည်း ထိန်းကွပ်၍မရတော့ပေ။

တာမိုနှင့် တင်စီးဂွမ်တို့သည် သူတို့တစ်သက်၌ အကြမ်းတမ်းဆုံး အပြင်းထန်ဆုံးသော တိုက်ကွက်များဖြင့် စတုရန်းလူတံတိုင်းကို ဖြိုဖျက်ပစ်လေတော့၏။ ကျုံ့ဖေနှင့် ဟန်ဂိုတို့က ယိဖျောင်းရှမ်းအား ကယ်တင်ရန် ကြိုးစားနေကြသည်။ သို့သော် သူတို့ ယိဖျောင်းရှမ်းအား မကယ်တင်နိုင်ပါ။

ရန်သူများသည် အခြေအနေမဟန်ကြောင်း တွေ့ရသည်နှင့် ယိဖျောင်းရှမ်းအား ပွေ့ချီပြီး ထွက်ပြေးသွားကြလေတော့၏။

ရန်သူများသည် တောင်ကုန်းများဘက်သို့ မပြေးပေ။ တာမိုတို့ အုပ်စုထွက်လာခဲ့သော ဂူပေါက်ထဲသို့ ပြေးဝင်သွားကြ၏။

ကင်စီးဂွမ်သည် အားရတက်ကြွစွာ အော်လိုက်၏။



"ဒီတစ်ပွဲ တို့နိုင်ပြီ .... လိုက်ကြစမ်း၊ မိသမျှ သတ်၊ ဒါမှ ဟိုကောင် တို့အကြောင်းသိမယ်"

ကင်စီးဂွမ် ပြောသည့် ဟိုကောင်ဆိုသည်မှာ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံကို ဆိုလိုခြင်းဖြစ်သည်။

လူဝကြီးတာမိုသည် အားလုံးထက် ကိုယ်ဖော့ဝညာ ကောင်းသဖြင့် ရန်သူများထံသို့ အမြန်ဆုံး ရောက်သွားခဲ့သည်။

မကြာမီ ဝုန်းခနဲမြည်သံနှင့်အတူ ယင်းလိုဏ်ဂူအပေါက်၌ တံခါးကျလာပြီး ပိတ်ဆို့ပြီး ဖြစ်သွားလေတော့၏။

"သွားပါပြီကွာ ...."

ကင်စီးဂွမ်က ညည်းလိုက်၏။

တာမိုက သူ့လက်ထဲမှ ဝတ်စုံနီတစ်ယောက်ကို မြှောက်ပြပြီး အော်လိုက်၏။

"ဘယ်သွားရမှာလဲ .... ဒီမှာတစ်ယောက် မိထားပြီးပြီ"

ဝတ်စုံနီမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်။

တာမိုက မျက်နှာဖုံးကို ဆွဲချွတ်လိုက်၏။ ထိုအခါ မျက်နှာတစ်ခြမ်းမှာ ဖြူဖွေးနူးညံ့နေသော်လည်း ကျန်မျက်နှာတစ်ခြမ်းမှာ မီးလောင်ထားသည့်အလား ညိုမည်းရှုံ့တွနေသည်။

ဟန်ဂို ငိုင်သွား၏။ အဘယ့်ကြောင့်ဆိုသော် သူသည် သူ့သမီးကို ရုတ်တရက် သတိရလိုက်သောကြောင့်ပေတည်း။ သူ့သမီးသာ ဤအဖြစ်ဆိုးနှင့် ကြုံနေရလျှင် သူ မည်မျှရင်နာရလိမ့်မည်နည်း။

သူတို့သည် ယိထင်းဟောင်ကို အရိုးဖြူဂိုဏ်းသား ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိခဲ့ရပြီး သူနှင့်အတူပါလာသော ယိဖျောင်းရှမ်းလည်း အဖမ်း
ခံရပြီမဟုတ်ပါလား။

ကျောက်တံခါးကြီးကို ဝိုင်းဝန်းဖြိုဖျက်ကြသော်လည်း ခိုင်ခ
လွန်းလှ၍ ဖွင့်မရချေ။

အားလုံး အကျပ်ရိုက်နေစဉ် ဟန်ဂိုက အကြံပေးလေ၏။

"ဒီလိုလုပ်ရင် မကောင်းဘူးလား .... လိုဏ်ဂူထဲ ဝင်လို့မရ
အဆုံး ဒီလိုဏ်ဂူပေါ်ကက်ကြည့်လို့ အရှုံးမရှိနိုင်ပါဘူး .... "

ထိုအကြံကို အားလုံးက သဘောတူသည်။

တာမို ဖမ်းမိခဲ့သော အနီရောင်မိန်းကလေးမှာ လက်တစ်ဖ
ပြတ်နေပြီး သံမဏိလက်အတု ဆက်ထားပြန်သဖြင့် အားလုံးပင် က
ဏာသက်သွားကြသည်။ သူမကို ထိန်းသိမ်းရန် ကျုံဖေအား တာဝ
ပေးလိုက်သဖြင့် ကျုံဖေက ထမ်းခေါ်လာခဲ့ရသည်။ သူမကို တာမို
အကြောပိတ်ထားခဲ့ပြီး ဖြစ်ပေသည်။

ကျောက်တောင်ပေါ် တက်မည်ပြုသောအခါ အခက်ကြုံကြ
တော့၏။

ကျောက်တောင်သည် ချောမွတ်ပြီး ရေညှိများ ကပ်ငြိနေသည်
မဟုတ်ပါလား။

"ကျုပ်တို့တော့ သောက်ကျိုးနည်းပြီ .... ဘာကြိုးမှ မရှိဘဲ
ဒီလိုဏ်ဂူအပေါ် ရောက်အောင် ဘယ်လိုတက်ကြမလဲ .... ကျုပ်
မှာ အတောင်မပါဘူးဗျ .... "

ကင်စီးဝွမ်က .... စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။ သူ
စကားကြောင့် အားလုံး စိတ်ညစ်သွားသည်။



ထိုစဉ် တာမိုက ....

"ကဲ .... ကျုပ် တစ်ချက်တော့ စမ်းကြည့်လိုက်ချင်တယ်"

ကင်စီးဝွမ်သည် တာမိုကို လှမ်းကြည့်၏။ တာမိုသည် သူတို့
ထဲတွင် ကိုယ်ဖော့ပညာ အကောင်းဆုံးဖြစ်၏။ ကံကောင်းထောက်မ
ပြီး သူ တက်သွားနိုင်လျှင် တစ်စုံတစ်ခုတော့ အကျိုးဖြစ်ထွန်းမည်မှာ
သေချာသည်။ ထိုသို့ တွေးမိလိုက်သဖြင့် ကင်စီးဝွမ်က ခေါင်းညိတ်၏။

"စမ်းလေ .... အရှုံးတော့ မရှိပါဘူး"

တာမိုသည် လျှပ်တစ်ပြက်ပင် လိုဏ်ဂူတစ်လျှောက် ပြေးတက်
လိုက်၏။ ဆယ်လှမ်းမျှ တက်ပြီးနောက် ပြန်ကျလာသည်။ သူ သုံးကြိမ်
တိတိ ကြိုးစားသော်လည်း မအောင်မြင်ပေ။

"တကယ့်ပြဿနာပဲ .... "

တာမို ညည်းညူလိုက်လေ၏။

ကင်စီးဝွမ်က ....

"ဘယ်လိုလုပ်ကြမလဲ .... ဒီဂူပေါ် မတက်ဘဲနဲ့ ဟိုဘက်တောင်
ကုန်းတွေကို ကျော်တက်ပြီး ပြေးကြမလား .... "

"ဟာ .... ဒီလိုတော့ မလုပ်သင့်ပါဘူးဗျာ .... "

ကျုံဖေက ခါးသီးစွာ ကန့်ကွက်လိုက်၏။

ကင်စီးဝွမ်က မျက်မှောင်ကြုတ်၍ ပြော၏။

"ကျုပ်က ပြေးချင်လွန်းလို့ မဟုတ်ဘူးဗျ .... လမ်းက ဒီတစ်
လမ်းတည်း ရှိတော့လို့ ပြောတာ .... "

"ဒီအတွက်တော့ မပူပါနဲ့ဗျ .... လိုဏ်ဂူထိပ်ကို ရောက်နိုင်တဲ့
နည်းလမ်းကို ကျုပ် တွေးမိပါပြီ"

www.burmeseclassic.com



ကျုံဖေ၏ စကားကြောင့် အားလုံးပင် တက်ကြွလန်းဆန်းသွားကြ၏။

"ဟုတ်လား .... မြန်မြန်ပြောဗျာ"

ကျုံဖေက ....

"ခင်ဗျားတို့ဆီမှာ တုတ်ချွန်တွေ ရှိကြသေးရဲ့လား"

"ရှိတယ် ရှိတယ် .... ကျုပ်တို့ တစ်ခုမှ ပစ်ခတ်မသုံးခဲ့ရသေးဘူး .... "

အားလုံးပင် တုတ်ချွန်များကို ဆွဲထုတ်လိုက်ကြ၏။ ဟန်ဂို၊ တာမို၊ ကင်စီးဂွမ်နှင့် ကျုံဖေတို့ လေးယောက်လက်ထဲ၌ တုတ်ချွန် စုစုပေါင်း ဆယ့်ခြောက်ချောင်း ရှိနေ၏။

"ရော့ဗျာ နောင်ကြီးကင်စီးဂွမ် .... ခင်ဗျား အားလုံးကို ယူ လိုဏ်ဂူမျက်နှာပြင်ကို ဒီတုတ်ချွန်တွေနဲ့ ထိုးစိုက်ပြီး လှေကားထစ် လုပ်စမ်းပါ .... ခင်ဗျားရဲ့ အတွင်းအားနဲ့ဆိုရင် ဒီတုတ်ချွန်တွေ လှေကားထက်တောင် စိတ်ချရဦးမယ် .... "

ကင်စီးဂွမ်မှာ မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားတော့၏။

"ဟား ဟား ဟား .... နောင်ကြီးကျုံဖေတို့များ တယ်ပြီး အကွက်မြင်တာပဲ .... တုတ်ချွန်တွေဟာ ခုမှ တကယ်အသုံးကျတော့တာပဲ .... စိတ်ချ စိတ်ချ၊ ဒါတွေကို အကောင်းဆုံး လှေကားထစ်ဖြစ်အောင် ကျုပ် လုပ်ပေးမယ် .... ခင်ဗျားတို့သာ နင်းတက်လာခဲ့ကြပေတော့ .... "

ကင်စီးဂွမ်သည် လူတစ်ရပ်ကျော်ကျော်၌ ပထမဦးဆုံးတုတ်ချွန်တွေကို ခုန်စိုက်လိုက်၏။



"တုတ် .... "

သူ၏ အတွင်းအားသည် ထိပ်တန်းအဆင့်၌ ရှိ၏။

ထို့ကြောင့် တုတ်ချွန်သည် လိုဏ်ဂူမျက်နှာပြင်ပေါ်သို့ တစ်ဝက်ခန့် တိုးဝင်သွားသည်။ ဤတုတ်ချွန်ကို ဆင်သတ္တဝါ တက်နင်းမိလျှင်ပင် ကျိုးကောင်းမှ ကျိုးပေလိမ့်မည်။

ကင်စီးဂွမ်သည် ပေ့ပါးဖျတ်လတ်စွာ တစ်ခုပြီးတစ်ခု ထိုးစိုက်သွား၏။

ကင်စီးဂွမ် နောက်မှ တာမို၊ တာမိုနောက်မှာ ဝတ်စုံနီ မိန်းကလေးအား ထမ်းလာသော ကျုံဖေ၊ ကျုံဖေနောက်မှ ဟန်ဂို လိုက်သည်။

ဤသို့ဖြင့် သူတို့အားလုံး လိုဏ်ဂူ၏ထိပ်ဆီသို့ တဖြည်းဖြည်း တက်လာကြလေတော့၏။

ဟန်ဂိုသည် ကျုံဖေအား အောက်မှ ဖေးမ,ပေးသဖြင့် လူကို ထမ်းပြီးတက်ရသော်လည်း ကျုံဖေအဖို့ သိပ်ပင်ပန်းတကြီး မရှိလှပေ။

ထိုစဉ် ကင်စီးဂွမ်၏ သတိပေးသံ ပေါ်လာလေ၏။

"ဟေ့ ဟေ့ .... သတိထားကြ ....၊ လိုဏ်ဂူထိပ်မှာ လူရိပ်မြင်တယ် .... "

အားလုံးပင် အပေါ်သို့ ကြည့်ကြသည်။ မှန်သည်။ လိုဏ်ဂူထိပ်၌ လူများရှိနေသည်။

"ဝုန်း .... ဒလုံး .... ဒုန်း .... "

ကြီးမားသော ကျောက်တုံးကြီးများသည် လိုဏ်ဂူထိပ်မှ ကျလိမ့် လိမ့် ကျလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"သေနက်ကျိုးနည်းတာပဲဟေ့ .... ဒီကောင်တွေက အပေါ်က ကြိုစောင့်နေတာကိုး .... ကိုယ်ကို ဂူမျက်နှာပြင်မှာ အတတ်နိုင်ဆုံး ကပ်ထားကြ၊ ကိုယ့်ဆီ တည့်တည့်ကျလာတဲ့ ကျောက်တုံးတွေကိုတော့ အားဖြောင်းအားလျှ သိုင်းနဲ့ ဘေးကိုဖယ်ပစ် .... နံပါတ်နှစ်မင်း အရေးကြီးတယ် .... နောင်ကြီးကျုံဖေအပေါ် ကျောက်တုံးမကျအောင် မင်း တာဝန်ယူပေါ့"

ကင်းစီးငွမ်သည် တဂါယ်ပင် ခေါင်းဆောင်ပီသလှ၏။ တခဏအတွင်း ပိုင်နိုင်စွာ ဆုံးဖြတ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို အမိန့်ပေးနိုင်သည်။

ကျောက်တုံးကြီးများ၊ ခဲလုံးကြီးများသည် တစ်လုံးပြီးတစ်လုံး တဝုန်းဝုန်း ကျလာနေသည်။

တည့်တည့်ကျလာသော ခဲများမှာ ကင်းစီးငွမ်၏ လက်ဝါးရိုက်ချက်ကြောင့် လည်းကောင်း၊ တာမို၏ တွန်းဖယ်ချက်များကြောင့်လည်းကောင်း ဘေးသို့ လွင့်စဉ်ကုန်၏။

ကင်းစီးငွမ်သည် ကျောက်တုံးများကို ဖယ်ရှားရင်း တုတ်ချွန်ကိုထိုးစိုက်ရင်း နီးသထက် နီးရန် ကြိုးစား၍ တက်နေသည်။

သူ့တာဝန်ကား လွန်စွာကြီးမားလှသည်။ သို့သော် သူသည် တစ်ထစ်ပြီးတစ်ထစ် အပေါ်သို့ တက်နိုင်စွမ်းရှိနေပေသည်။

အောက်ဆုံးမှ ဟန်ဂိုသည် ကျောက်တုံးများကို မကာကွယ်ရသော်လည်း ကျုံဖေကို များစွာပင်ပန်းကြီးစွာ အထောက်အကူပြုပေးနေရသည်။

ဤသို့ဖြင့် သူတို့အားလုံး အခက်အခဲကြားမှ ဂူထိပ်ပိုင်းသို့



ရောက်ရှိရန် နီးကပ်လာတော့သည်။

သူတို့အားလုံး အပေါ်သို့ရောက်ရန် ဆယ့်ငါးပေခန့်သာ လိုတော့၏။

ထိုစဉ် အပေါ်မှ ကျောက်တုံးများ ထပ်မံပစ်ချရန် ဟန်ပြင်နေသည်ကို တွေ့မြင်လိုက်ရသည်။

"ဝှစ် .... ဝှစ် .... "

ကင်းစီးငွမ်က လက်ဦးမှုယူကာ လက်နက်ပုန်းနှင့် ပစ်လိုက်၏။

မိစ္ဆာကောင်နှစ်ကောင်မှာ ကျောက်တုံးပစ်ချရန်သာ စိတ်စောနေသောကြောင့် ကင်စီးငွမ်၏ လက်နက်ပုန်းကို မရှောင်နိုင်တော့ချေ။

"အား .... အား .... "

မိစ္ဆာကောင်နှစ်ကောင်သည် ရူးရှစွာ အော်ဟစ်ရင်း ပြုတ်ကျသွားလေတော့၏။

ကျောက်တုံးများမှာလည်း အကျရပ်သွား၏။

ကင်းစီးငွမ်က အပေါ်သို့ အမြန်ဆုံး ပြေးတက်လိုက်၏။

သူ အပေါ်သို့ရောက်သောအခါ မိစ္ဆာကောင်ငါးကောင်ခန့်နှင့် ဝတ်စုံနီနှစ်ယောက်ကို တွေ့လိုက်ရသည်။

ကင်းစီးငွမ်သည် မာန်သွင်းအော်ဟစ်ပြီး တရကြမ်း ဝင်တိုက်လေတော့၏။

သူ အပြင်းအထန် တိုက်ခိုက်ပါမှ အောက်ကလူများ ဂူထိပ်မျက်နှာပြင်သို့ လွယ်လွယ်ကူကူ ခြေချနိုင်မည် မဟုတ်ပါလား။

ကင်းစီးငွမ်က စတင်တိုက်ခိုက်သည်နှင့် သူ၏ ထက်မြက်သောသိုင်းကွက်များကို ဖော်ထုတ်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနီနှစ်ယောက်သည် ပြင်းထန်သော သိုင်းကွက်များကို တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားကြလေ၏။

ချက်ချင်း ဓားသို့ ခုန်ရှောင်ကာ လက်နက်ကိုယ်စီ ဆွဲထုတ်ရန် ကြိုးစားကြ၏။

သို့သော် ကင်းစီးဂွမ်က ပိုမိုလျှင်မြန်၏။

ထိုဝတ်စုံနီနှစ်ယောက်အား လက်နက်ထုတ်ခွင့် မပေးပါ။ တရကြမ်း ဝင်တိုက်ခိုက်လိုက်သည်။

ဝတ်စုံနီများမှာ သတိကြီးစွာဖြင့် ရှောင်တိမ်းနေကြရတော့သည်။

သို့သော် ကြာကြာမရှောင်တိမ်းနိုင်ပါ။ ဝတ်စုံနီတစ်ယောက်သည် ကင်းစီးဂွမ်၏ လက်ဝါးမိကာ တောင်အောက်သို့ ပြုတ်ကျသွားလေတော့သည်။

ထိုစဉ် ....

"ရှမ်း ...."

ကျာပွတ်တစ်ချောင်းက ကင်းစီးဂွမ်၏ နောက်ကျောဆီသို့ ရိုက်ချလာ၏။

ကင်းစီးဂွမ်မှာ ကျာပွတ်သံကြားသဖြင့် ရင်ထိတ်သွားလေ၏။

ထို့ကြောင့် ကမန်းကတန်း ဓားထုတ်ကာ ခံပေးလိုက်ရလေသည်။

ကင်းစီးဂွမ်က လှည့်ကြည့်လိုက်ရာ ကျန်သောဝတ်စုံနီသည် သူ၏ ကင်းကျာပွတ်လက်နက်ကို ဆွဲဖြုတ်ပြီး သူ့အား တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရှိသွားလေတော့၏။



"ဟား ဟား ဟား .... ရပါတယ်၊ ငါက နယ်မရွေးဘူး .... လက်နက်မရွေးဘူး ...."

ကင်းစီးဂွမ်သည် ဓားနှင့် တရကြမ်း ထိုးခုတ်တိုက်ခိုက်တော့သည်။

မကြာမီ တာမို ခုန်တက်ရောက်ရှိလာလေသည်။

သူ အပေါ်သို့ ရောက်သောအခါ ကင်းစီးဂွမ်နှင့် ကင်းကျာပွတ် ဝတ်စုံနီတို့ တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသည်။ ဝတ်စုံဝါ ငါးယောက်က ကင်းစီးဂွမ်ကို ဓားမှ တိုက်ခိုက်ရန် ကြိုးပမ်းနေကြသည်။

"မင်းတို့ သေပေတော့ .... ငါ လာပြီဟေ့၊ တာမို လာပြီ"

လူဝကြီး တာမိုသည် အားရပါးရ အော်ဟစ်ပြီးနောက် ဂေါ်ပြားလက်နက်ဖြင့် တဝုန်းဝုန်း တဖုန်းဖုန်း တိုက်ခိုက်လေရာ ဝတ်စုံဝါဝယ် မိစ္ဆာကောင် ဟန်ဆောင်သူများမှာ တစ်ယောက်ပြီးတစ်ယောက် လိုဏ်ဂူထိပ်မှ လွင့်စဉ်ကျသွားကြလေတော့၏။

သူ့ရန်သူများ ရှင်းသွားသောအခါ တာမိုသည် ကင်းစီးဂွမ်ကို ဝင်ကူညီလေ၏။

"နံပါတ်တစ် .... ကျုပ် လာပြီဗျို့"

"လာဟေ့ .... မြန်မြန်ပွဲသိမ်းရင် မြန်မြန်အေးတာပဲ"

ကင်းစီးဂွမ်က လှမ်းခေါ်၏ ....။ သူသည် သိုင်းလောကထုံးစံအတိုင်း လုပ်မနေတော့ချေ။ နှစ်ယောက်တစ်ယောက်ပင် တိုက်ခိုက်တော့၏။

သူတို့ အံ့သြကြရသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့နှစ်ဦးအား ကျာပွတ်ဖြင့် ဟန့်တားထားနိုင်သည့် ဝတ်စုံနီသည် မိန်းမတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်နေသောကြောင့်ပေတည်း။

အတွင်းအားမှာလည်း အတော်မြင့်မားပေသည်။ သိုင်းပညာလည်း အဆင့်မြင့်၏။

အဘယ်ကြောင့် အရိုးဖြူဂိုဏ်းချုပ် ဟူရန်ဖုံ လက်အောက်၌ အမှုထမ်းနေသည်ကို သူတို့ နားမလည်ဘဲ ရှိနေကြသည်။

တာမို၏ တိုက်ခိုက်မှုတိုင်းသည် ဝတ်စုံနီ၏ အဓိကကျသော သွေးကြောများသို့သာ ဦးတည်နေပေသည်။

ဝတ်စုံနီသည် ကင်စီးဂွမ်နှင့် တာမိုတို့ကို ကြံ့ကြံ့ခံ ခုခံနေသည်။ အာဂ အမျိုးသမီးပါပေ။

သို့သော် မကြာမီ နောက်သို့ဆုတ်ပေးလာရတော့၏။ တာမိုက တစ်ချက်ပြုံးလိုက်သည်။ သူ့ တိုက်ခိုက်မှုကို ပို၍ တိုးလိုက်၏။

ဝတ်စုံနီအား နောက်သို့ဆုတ်စေကာ ဂူပေါ်မှ အောက်သို့ ချော်ကျသွားစေရန် တိုက်ကွက်အားကို မြှင့်လိုက်ခြင်း ဖြစ်တော့သည်။

သူက တရကြမ်းတိုက်ခိုက်ရာ ဝတ်စုံနီမှာ နောက်ထပ်တစ်လှမ်း ဆုတ်သွားရပြန်၏။

ထိုဝတ်စုံနီအတွက် ထပ်ဆုတ်ရန် သိပ်မကျန်တော့ပါ။

ခြေတစ်လှမ်းစာမျှပင် ရှိတော့၏။

ကျုံဖေနှင့် ဟန်ဂိုတို့လည်း အပေါ်သို့ ရောက်ရှိလာ၏။

ကင်းကျားပွတ်ဝတ်စုံနီသည် ကျုံဖေအား တွေ့လိုက်ရသော အခါ မျက်လုံးများ ညို့မှိုင်းသွားတော့၏။

ကျုံဖေ၏ ပခုံးပေါ်၌ ဝတ်စုံနီဖာစ်ယောက် ထမ်းထားသည် မဟုတ်ပါလား။



ကင်းကျားပွတ် ဝတ်စုံနီသည် ကြောက်စရာကောင်းလောက်အောင် မာန်သွင်းအော်ဟစ်ပြီး တရကြမ်း တိုက်ခိုက်လိုက်ရာ ကျားပွတ်သည် စက်ဝိုင်းပြားကြီးကဲ့သို့ ထင်မှတ်သွားရတော့၏။ ကင်စီးဂွမ်နှင့် တာမိုတို့ပင် နောက်ဆုတ်သွားကြရသည်။ ထိုအခါ ကင်းကျားပွတ် ဝတ်စုံနီသည် ကင်စီးဂွမ်တို့နှစ်ယောက်ကြားမှ သူ့ဆောက်ိုယ်သေ တိုက်ကွက်ဖြင့် ထိုးဖောက်ထွက်လာ၏။ ကင်စီးဂွမ်ရော တာမိုပါ အသေမခံနိုင်ကြပေ။ သူတို့၌ ဆက်ရန်တာဝန်များ ရှိနေသေးသည်။ ထို့ကြောင့် ဘေးသို့ ရှောင်ပေးလိုက်ရသည်။

ထိုအခါ ကင်းကျားပွတ်ဝတ်စုံနီသည် ကျုံဖေအား လျှပ်တစ်ပြက် တိုက်ခိုက်တော့၏။

“ရှင် .... သေပေတော့”

ကျုံဖေသည် လွန်စွာ အကင်းပါး၏။ ထိုကင်းကျားပွတ်ဝတ်စုံနီနှင့် သူဖမ်းထားသော သံ့ပန်းတို့သည် အဆက်အစပ်ရှိရမည်ဟု တွက်လိုက်မိ၏။ ထို့ကြောင့် ကင်းကျားပွတ် ဝတ်စုံနီက ကျားပွတ်နှင့် လှမ်းရိုက်လိုက်သည့်အခါ သူ့ပခုံးပေါ်မှ သံ့ပန်းနှင့် လှမ်း၍ခံပေးလိုက်၏။

“ရှမ်း .... ”

ကျားပွတ်သည် နဂါးအမြီးအလား ကျုံဖေဆီသို့ ကွေ့ဝိုက်တက်လာရာမှ ရုတ်တရက် နောက်ကြောင်းပြန်လှည့်သွား၏။ ပြန်လှည့်သွားလျှင်လည်း သံ့ပန်းဝတ်စုံနီ ရိုက်မိမည်သာ ဖြစ်သည်။

ကျုံဖေသည် ကင်းကျားပွတ် ဝတ်စုံနီ၏ ပျော့ကွက်ကို သိသွား သူမသည် သူ့ပခုံးထက်မှ သံ့ပန်းကို လုံးဝဒဏ်ရာ မရစေသိုပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤနှစ်ယောက်၏ သံယောဇဉ်ကို ရိပ်မိပြီးဖြစ်၍ သူသည် သုံ့ပန်းဝတ်စုံနီကို ဒိုင်းသဖွယ်ခုခံရင်း ကင်းစီးဌမ်တို့နှင့်အတူ ကင်းကျားပွတ် ဝတ်စုံနီကို ပူးတွဲတိုက်ခိုက်လေတော့၏။

"ရှင် .... သိပ်ယုတ်မာတာပဲ၊ ကြားလူကို ဒုက္ခမရောက်ပါစေနဲ့ .... သတ္တိရှိရင် ရှင်ကိုယ်တိုင်တိုက်ပါ .... "

"ဟား .... ဟား .... ဟား .... ကြားလူဟာ ငါ့လူမှ မဟုတ်တာ .... မင်းတို့ အုပ်စုဝင်ပဲ .... သူ ဒဏ်ရာရလို့ ငါတို့ တစ်ပြားမှ မနစ်နာပါဘူး .... မင်းသာ ရဲရဲတိုက်စမ်းပါ .... "

ကျုံဖေက အော်ဟစ်ရယ်မောပြီး စိန်ခေါ်လိုက်လေ၏။

"ကျွန်မသမီးကို အောက်ချထားလိုက် .... ရှင်တို့သုံးယောက်နဲ့ သူသေကိုယ်သေတိုက်ဖို့ ကျွန်မ ကတိပေးတယ် .... "

ထိုစကားသံကြောင့် အားလုံးထိတ်လန့် သွားမိတော့သည်။

"ဘာ .... ဘယ်လို .... "

ကျုံဖေက ထစ်ထစ်ငေါ့ငေါ့ မေးလိုက်၏။

"မင်းရဲ့သမီး ဟုတ်လား .... "

ထိုစဉ် ကျားပွတ်သည် ကျုံဖေထံသို့ ဝေ့ပျံလာ၏။

"ရှမ်း .... "

ကျားပွတ်လာပုံမှာ ထူးဆန်း၏။

စက်ဝိုင်းပုံ ကွင်းကလေးများသဖွယ် ကျုံဖေ၏မျက်နှာဆီသို့ ပြေးလာခြင်းဖြစ်သည်။

ကျားပွတ်ထိပ်၌လည်း ပဝါဖြူတစ်စပါ၏။



ပဝါဖြူမှ မေ့ဆေးငွေ့များက ကျုံဖေ၏မျက်နှာဆီသို့ ပြေးဝင်ရိုက်ခတ်လာသည်။

ကျုံဖေသည် တာမို၏ အဆိပ်ဖြေဆေးကို ကြိုတင်သောက်ပြီးဖြစ်သည်။ ကင်းကျားပွတ် ဝတ်စုံနီ၏ မေ့ဆေးကို မမှုပါ၊ မကြောက်ရွံ့ပါ။ သို့သော် သူသည် မူးမေ့ချင်ဟန်ဆောင်ပြီး သုံ့ပန်းဝတ်စုံနီနှင့်အတူ ခွေချလိုက်၏။

ကင်စီးဌမ်မှာ ထိတ်လန့်သွားသည်။

ထိုစဉ် ကင်းကျားပွတ်က သူ့ဦးခေါင်းကို ရစ်ပတ်မည် လုပ်လာသဖြင့် ခုန်ရှောင်ပေးရပြန်သည်။

ကင်းကျားပွတ် ဝတ်စုံနီသည် သုံ့ပန်းဝတ်စုံကို ကယ်တင်ရန် အနီးသို့ ကပ်လာ၏။

"ဝုန်း .... "

ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ကင်းကျားပွတ်ဝတ်စုံနီသည် လွင့်ထွက်သွား၏။ ကျုံဖေက လျှပ်တစ်ပြက်ထပြီး သိမ်းငှက်လက်ဝါး သိုင်းကွက်ဖြင့် အပိုင်ရိုက်ချလိုက်ခြင်းသာ ဖြစ်တော့သည်။

ကင်စီးဌမ်နှင့် တာမိုတို့သည် ကျုံဖေ၏ ပရိယာယ်ကို မရိပ်မိကြသဖြင့် ကင်းကျားပွတ် ဝတ်စုံနီကို ချက်ချင်းလိုက်မဖမ်းနိုင်ကြချေ။ သူမသည် ချက်ချင်းလူးလဲထပြီး လိုဏ်ဂူပေါ်မှ လျှောချထွက်ပြေးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၃)

ဟူရှန်ဖုံ၏ မြုပ်ကွက်

တစ်နေ့လုံး၊ တစ်ညလုံး တိုက်ခိုက်ခဲ့ရသော တိုက်ပွဲသည် ယခု ငြိမ်သက်သွားခဲ့ချေပြီ။ မိုးသောက်လုလုအချိန်တွင် တိုက်ပွဲပြီးသွားခြင်း ဖြစ်၏။ ဤတိုက်ပွဲသည် ကင်းစီးဝှမ်တို့၏ ဒုတိယအကြိမ် အောင်ပွဲဖြစ်သည်။

ဤလိုဏ်ဂူထိပ်သို့ တက်ရောက်နိုင်သဖြင့် ဝတ်စုံနီနှင့် အဝါ ရောင်ဝတ် မိစ္ဆာကောင် ဟန်ဆောင်သူများ၏ တက်လမ်း၊ ဆုတ်လမ်း ကို သိနိုင်ခွင့်ရလိုက်ကြပေပြီ။ သူတို့အားလုံးလည်း ပင်ပန်းနေကြလေ ပြီ။ အရှေ့ဆီမှ ရောင်နီလည်း ပျိုးလာပေပြီ။

ကျုံးဖေက ....

"အဲဒီဝတ်စုံနီကို အမိမဖမ်းနိုင်တာ အတော်နာတာဘဲ .... အဲဒီ ဝတ်စုံနီနဲ့ မိန်းကလေးဟာ သားအမိတော်နေတယ် .... တော်တော့် ကို အံ့သြစရာကောင်းတာပဲ .... "



ကင်စီးဝှမ်က ခေါင်းခါလိုက်၏။

"ဒါ .... အံ့သြစရာ မဟုတ်ပါဘူးဗျာ .... "

"ဗျာ .... "

"ဟုတ်တယ်လေ .... စောစောက အဖြစ်ကိုပဲကြည့်လေ .... ထင်းဟောင်လို့ ထင်ရတဲ့လူကို ကျုပ်တို့တွေ့ပြီးပြီ .... ဟော .... ခုယိဖျောင်ရှမ်း အဖမ်းခံသွားရပြီ .... ယိဖျောင်းရှမ်းရော ယိထင်း သင်ရော အရိုးဖြူဂိုဏ်းသားတွေ ဖြစ်ပြီပေါ့ဗျ .... အခု ဒီဝတ်စုံနီ ယောက်လည်း ဒီပုံစံမျိုးပဲ ဖြစ်မှာပါပဲ .... "

ကျုံးဖေ လက်ခံလိုက်ရသည်။ အဖေရော အမေပါ ဖမ်းပြီး အရိုး ဂိုဏ်းထဲ ဝင်ခိုင်းခြင်းသာ ဖြစ်ရပေလိမ့်မည်။

ကင်စီးဝှမ်က ....

"ဘာပဲပြောပြောဗျာ .... ဒီမိန်းကလေး ကျုပ်တို့လက်ထဲမှာ နေတာကတော့ အတော့်ကို ကောင်းတယ်ဗျာ .... အရိုးဖြူနန်းတော် ကြောင်း၊ ဟူရှန်ဖုံအကြောင်း၊ ဒီဂိုဏ်းအကြောင်း သေသေချာချာ းရမယ် .... ဒီဂူထိပ်ပေါ်မှာဆိုတော့ ရန်သူဘယ်ကလာလာ ဆီးဖြင့် တာမို့ ကျုပ်တို့ အေးအေးဆေးဆေး စစ်ဆေးကြည့်ကြတာပေါ့"

အားလုံးကပင် ခေါင်းညိတ်လိုက်ကြ၏။

ထို့နောက် ကင်စီးဝှမ်က သုံ့ပန်းဝတ်စုံနီ မိန်းကလေးအား သွေး ကြာ ဖွင့်ပေးလိုက်လေ၏။ စကားပြောနိုင်စေရန်သာ သွေးကြောဖွင့် းခြင်းဖြစ်သည်။

"မိန်းကလေး မင်းဘယ်သူလဲ .... "

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနီ မိန်းကလေးက ဘာမှပြန်မဖြေပါ။ နှုတ်ပိတ်ငြိမ်သ
နေပါသည်။

ကင်းစီးဂွမ်က ဆက်မေးလိုက်သည်။

"အရိုးဖြူဂိုဏ်းချုပ် ဘယ်မှာလဲ .... "

ဝတ်စုံနီက ပြန်မဖြေပါ နှုတ်ပိတ်နေမြဲသာ။

"အင်အားလယ်လောက်ရှိသလဲ .... မိစ္ဆာကောင်ပုံစံတွေ အ
ကြောင့်လုပ်နေတာလဲ မှန်မှန်ပြောစမ်း .... "

ဝတ်စုံနီက တုတ်တုတ်မျှပင် မလှုပ်ပါ။

ကင်းစီးဂွမ် စိတ်တိုလာတော့သည်။

"မင်း ဘယ်ပြီး ခေါင်းမာတာကိုး .... မင်း ဘယ်လောက်ခေါ
မာနိုင်သလဲဆိုတာ ငါ ကြည့်ရဦးမယ် .... "

သူသည် မိန်းကလေး၏ လက်ကောက်ဝတ်ကို ကိုင်လိုက်၏
ထို့နောက် အတွင်းအားဖြင့် မိန်းကလေးအား ညှစ်လိုက်၏

ဝတ်စုံနီမိန်းကလေး မျက်နှာပျက်သွားသည်။ သူမသည် အ
မိန်းကလေးဖြစ်ပါသည်။ အတွင်းအားနှင့် ပြန်ခုခံသည်။

ကင်းစီးဂွမ်ထံမှ အတွင်းအား ပို၍ ပို၍ ညှစ်လာသည်။

ဝတ်စုံနီ မိန်းကလေးမှာ ကင်းစီးဂွမ်အား မည်သို့မျှ မယှဉ်နိုင်ပ

ကင်းစီးဂွမ်သည် ထိပ်သီးသိုင်းဆရာကြီးတစ်ယောက် ဖြစ်
သည်။

ထို့ကြောင့် မိန်းကလေးသည် ချွေးများလည်း ပိုစီးကျလာ
တော့သည်။



နောက်ဆုံး မခုခံနိုင်တော့ပါ။

"ကျွန်မ .... ပြော .... ပြောပါတော့မယ် .... "

သူမက စူးရှစွာ အော်ဟစ်ပြောလေ၏။

ကင်းစီးဂွမ်က ပြုံးလိုက်ပြီး ....

"ဒါဟာ အတွင်းအားနဲ့ အကြောကိုင်တဲ့နည်းပဲ .... စောစောက
ည်းက တို့မေးတာပြောရင် ဒီလိုဘယ်ဖြစ်ပါ့မလဲကွယ် .... "

သို့သော် စကားသံမျှ ထွက်မလာတော့ချေ။

ကင်းစီးဂွမ် ဒေါပွသွား၏။ ကောင်းပြီကောင်းရဲ့ လုပ်သဖြင့် သူ
လျှော့ပေးလိုက်ခြင်းသာဖြစ်ရာ သူသည် မိန်းကလေး၏ လက်
ကာက်ဝတ်အရိုးကို နောက်တစ်ကြိမ် ထပ်ကိုင်လိုက်ရပြန်သည်။

နောက်ဆုံး ဝတ်စုံနီ မိန်းကလေးမှာ မည်သို့မျှ တောင့်မခံနိုင်
တော့ပါ။ စကားပြောရန် သဘောတူလိုက်ရတော့သည်။

"လွှတ်ပါတော့ .... ရှင်တို့ သိချင်တာ ပြောပါ့မယ် .... "

ကင်းစီးဂွမ်က သန်မှန်စွာပြော၏။

"မိန်းကလေး .... မင်း စမ်းကြည့်ချင် စမ်းကြည့်ပါ .... နောက်
စ်ကြိမ် ဒီနည်းမျိုးနဲ့ အကြောကိုင်ခံရရင် မင်း လေဖြတ်ပြီး ဒုက္ခိတ
ဝရောက်ပြီသာ မှတ်ပေတော့ .... "

ဝတ်စုံနီ မိန်းကလေးမှာ အကြီးအကျယ် ထိတ်လန့်သွားသည်။
သေရမည်ကို သူ မကြောက်ပါ။ မသေမရှင် ဖြစ်နေရမည့် ဘဝကိုတော့
မ ကြောက်ပါသည်။

"ဒီနည်းနဲ့ အနိုင်ကျင့်လို့ ရှင်တို့ကို ဘယ်သူကမှ မချီးကျူးဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ကြောက်ပင် ကြောက်သော်လည်း နှုတ်လှ
တိုးသည်။

"အရိုးဖြူဂိုဏ်းသားတွေကို ဒီနည်းနဲ့ နှိပ်စက်လို့ ဘယ်သိုင်း လောကသားကမှ ငါတို့ကို မရှုတ်ချ မကန့်ကွက်ဘူးဆိုတာလည်း မင်း သိထားစမ်းပါ မိန်းကလေး .... တကယ်တော့ အရိုးဖြူဂိုဏ်းဆိုတာ သိုင်းလောကရဲ့ အမုန်းတရားကို အပြည့်အဝ ခံယူထားရတဲ့ မကောင်း ဆိုးဝါးဂိုဏ်းပဲ .... "

"အပိုတွေ ပြောမနေပါနဲ့ .... ရှင်တို့ ဘာသိချင်သလဲ .... "

ကင်စီးဝွမ်က ....

"မိန်းကလေးအဖေက ဘယ်သူလဲ .... "

"ဟူရှန်ဖုံ .... "

အားလုံးမှာ မိန်းကလေး၏ စကားကြောင့် ပါးစပ်အဟောင်း သား ဖြစ်သွားကြလေ၏။ လူယုတ်မာ ဟူရှန်ဖုံ၌ သမီးရှိသည်ဆိုသော စကားမှာ သူတို့အတွက် ထူးဆန်းနေသည် မဟုတ်ပါလား။

မိန်းကလေးက စကားဆက်လိုက်သည်။

"ဟူရှန်ဖုံဟာ ကျွန်မအဖေ ဆိုပေမယ့် သူက ကျွန်မကို သမီးလို့ မခေါ်ဘူး .... သူ့ကို သိပ်မုန်းတယ် .... "

ဟန်ဂိုက ကြင်နာစွာ ဝင်မေးသည်။

"ဒါနဲ့ .... ကင်းကျာပွတ် ဝတ်စုံနီက မင်းအမေလား .... "

"ဟုတ်တယ် .... "

ကျုံဖေက ....



"ဒါထက် မိန်းကလေးနာမည်က .... "

"ဝါဝီရှာ .... "

"မိန်းကလေးက ဒီကို ဘယ်လိုရောက်နေတာလဲ .... "

ဝါဝီရှာက ကျုံဖေတို့အား ကြည့်ကာ မေးလိုက်၏။

"ရှင်တို့ သိချင်တာ ဒီကိစ္စလား .... "

ကင်စီးဝွမ်က ....

"မဟုတ်ပါဘူး .... "

"မဟုတ်ဘူးဆိုရင် သိချင်တဲ့အကြောင်းပဲ မေးပါ .... "

ကင်စီးဝွမ်က ....

"ဟူရှန်ဖုံဟာ မီးကျွန်းမှာ မသေဘဲ ဘယ်လိုလုပ် ဒီကိုရောက် လာတာလဲ .... သူက ဘာကြောင့် ဒီလို မိစ္ဆာကောင်တွေ လုပ်နေရ တာလဲ .... မင်းသိသလား .... "

ဝါဝီရှာက ခေါင်းညိတ်လိုက်၏။ ပြီးမှ သက်ပြင်းချကာ ....

"ဒီအကြောင်းက အတော်ရှည်တယ် .... ရှင်တို့ နားထောင်ဖို့ အချိန်ရပါ့မလား .... "

ကင်စီးဝွမ်က ....

"ကိစ္စမရှိပါဘူး .... ပြောမှသာ ပြောပါ .... ရန်သူလာတော့ လည်း တိုက်ခိုက်လိုက်ရုံပါပဲ .... "

ဝါဝီရှာက ခေါင်းညိတ်ကာ ....

"ဒါဆိုလည်း ပြီးတာပဲ .... အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံကို ဂိုဏ်း ငါးဂိုဏ်းက လူတွေလာပြီး တိုက်ခိုက်တာကို ရှင်တို့သိမှာပေါ့ .... "

"သိပါတယ် .... "

www.burmeseclassic.com

www.burmeseclassic.com



ဝါပီရှာက ....

"ဂိုဏ်းငါးဂိုဏ်းက လူတွေဟာ မီးကျွန်းတစ်ခုလုံး ပြာကျအောင် မီးရှို့ခဲ့တယ် .... ပြီးတော့ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ သေပြီလို့ ယူဆပြီး ပြန်သွားခဲ့ကြတယ် .... တကယ်တော့ ဟူရှန်ဖုံဟာ အများထင်သလို မသေဘူး .... "

သူမက အတိတ်မှ မြုပ်ကွက်တစ်ခုကို ပြန်ပြောင်းပြောပြလိုက်လေတော့သည်။



ဟူရှန်ဖုံသည် သူ ပြုလုပ်ထားသည့် လှို့ဝှက်ဂူပေါက် မြေအောက်လမ်းကြောင်းမှ ပင်ပန်းကြီးစွာ ပြေးလွှားလျက် ရှိနေပေသည်။ လူယုံတော် တပည့်နှစ်ယောက်က သူ့ကို တွဲချီပြေးလွှားပေးနေ၍သာ ဤမျှအထိ ပြေးနိုင်ခြင်းဖြစ်သည်။ ဟူရှန်ဖုံအတွက် ကံဆိုးသော နေ့တစ်နေ့ပင် ဖြစ်လေတော့သည်။

သူသည် ယခင်က လွန်စွာအရုပ်ဆိုး အကျည်းတန်ခဲ့သဖြင့် လောကကြီးတစ်ခုလုံးကို စိတ်နာခဲ့သည်။ ယခုတစ်ဖန် သိုင်းဂိုဏ်းကြီးငါးဂိုဏ်းက သူ၏မီးကျွန်းကို မီးရှို့ဖျက်ဆီးပြန်သဖြင့် မီးကျွန်းသခင် ဟူရှန်ဖုံသည် သိုင်းလောကသားမှန်သမျှကို သတ်ပစ်ချင်လောက်အောင် ဖြစ်လာတော့သည်။ ယခု တိုက်ပွဲသည် ဒဏ်ရာအကြီးအကျယ် ထပ်မံရရှိရုံမျှမက ဆံပင်များ မျက်ခုံးမွေးများပါ မီးလောင်ခံရသဖြင့် လူရုပ်မပီအောင် ဖြစ်လာရပြန်သည်။

ထို့ကြောင့် သူ၏ နာကျည်းမှုမှာ ဆယ်သက်ဆယ်ကမ္ဘာ မမေ့ပျောက်နိုင်သော နာကျည်းမှု ဖြစ်လာလေတော့၏။

သူသည် .... လှို့ဝှက်ဂယ်ပေါက်၏အဆုံး ပင်လယ်ကမ်းခြေ ကျောက်ဂူ၌ လှေမြန်တစ်စင်းနှင့် အဝါရောင်ဝတ်စုံဝတ် အရိုးဖြူဂိုဏ်း

www.burmeseclassic.com



သားနှစ်ဦးကို အမြဲတမ်း ချထားခဲ့၏။ ထိုသို့ သတိဝီရိယ ရှိခဲ့ခြင်း၏ အကျိုးကို သူ ယခု ခံစားရခြင်း ဖြစ်တော့သည်။

ကမ်းခြေသို့ ရောက်သောအခါ တွဲလာသော တပည့်နှစ်ဦးက သူတို့၏ ဂိုဏ်းချုပ်ကြီးကို လှေမြန်ပေါ်သို့ အသာအယာတင်ပေးလိုက်၏။ သူတို့လည်း တက်သည်။ လူယုံနှစ်ယောက်သည် အဝါရောင်ဝတ်စုံ ဝတ်လူများကို အရိုးဖြူနန်းတော်သို့ ပြန်သွားရန် အမိန့်ပေးပြီး လှေမြန်ကို လှော်ထွက်လာခဲ့ကြတော့၏။ လှေဝမ်းထဲ၌ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံမှာ လဲလျောင်းနေသည်။

သူ၏ ဒဏ်ရာများမှာ ပြင်းထန်လှသည်။ ပြေးလာရသောကြောင့်လည်း မောပန်းနေ၏။

လှေပေါ်အရောက်ဝယ် လူက မလှုပ်ချင်အောင် ဖြစ်လာလေသည်။

ထိုနေ့က ထိုလှေကလေးနှင့် မီးကျွန်းမှ ပြေးထွက်လွတ်မြောက်လာကြောင်းကို မည်သည့်သိုင်းလောကသားမျှ မသိခဲ့ကြပေ။

ယီချင်နှင့် ကျင်အီ။

ယီချင်နှင့် ကျင်အီမှာ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ အားထားရသော လူယုံတော်နှစ်ယောက် ဖြစ်ပေသည်။ ထိုနှစ်ယောက်၏ အကူအညီဖြင့်ပင် သူ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။

သူတို့၏ သိုင်းပညာများမှာလည်း အဆင့်မြင့်၏။ ဝတ်စုံနီများထက် ပို၍ အဆင့်မြင့်သည်။ သူတို့နှစ်ယောက်သည် အောက်လမ်းသိုင်းလောက၌ ဟိုးဟိုးကျော်ခဲ့သူများ ဖြစ်သော်လည်း ဟူရှန်ဖုံကိုတော့ ကျော်လွန်နိုင်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် နောက်ဆုံး၌ ဟူရှန်ဖုံ လက်



အောက်သို့ ခိုဝင်လာခြင်း ဖြစ်၏။ နှစ်ဦးစလုံးမှာ စိတ်ထားကောက်ကျစ်သူများ ဖြစ်ကြသည်။

ချွေးမြီးကောက်သည် ကျည်တောက်စွပ်ထားစဉ် ခဏသာ ဖြောင့်သကဲ့သို့ သူတို့၏ ဟန်ဆောင်မျက်နှာဖုံး ကွာကျသွားသည့် တစ်ခဏ၌ သူတို့၏ စိတ်ဆိုး စိတ်ယုတ်များသည် ပြန်လည်ထွက်ပေါ်လာလေတော့သည်။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ မိန်းမောနေစဉ် သူတို့သည် တွေ့သော ကျွန်းတစ်ကျွန်း၌ လှေကို ကပ်လိုက်ကြသည်။ ယခုအချိန်၌ ဟူရှန်ဖုံ ဘာမျှ မသိတော့ပေ။ ထို့ကြောင့် သူတို့စိတ် သူတို့သဘော အတိုင်းသာ ဖြစ်တော့သည်။

ထိုကျွန်းမှာ မိစ္ဆာကျွန်းပင် ဖြစ်လေတော့၏။

ယီချင်သည် ဟူရှန်ဖုံထံ ရောက်မလာမီက နဂါးနက်ဂိုဏ်းသား ဖြစ်ခဲ့ဖူးသည်။

သို့သော် သူသည် ယုတ်မာသူဖြစ်၏။ နဂါးနက်ဂိုဏ်းသည် သူ၏ အကျင့်ကို သိသောအခါ ဂိုဏ်းထဲမှ မောင်းထုတ်ခံခဲ့ရသူဖြစ်၏။

သူ မိစ္ဆာကျွန်းကို ရွေးချယ်ခဲ့ခြင်းမှာ သူ ကျင်လည်ကျက်စားခဲ့ဖူးသော ကျွန်းဖြစ်၍ ဤသို့ လှေမြန်ကို ဆိုက်ကပ်ခဲ့ခြင်းဖြစ်၏။

သူက ကျင်အီကိုခေါ်ကာ တိုင်ပင်သည်။

ကျင်အီမှာ ယီချင်ကဲ့သို့သော လူယုတ်မာတစ်ယောက်ဖြစ်ရာ မကောင်းမှု တိုင်ပင်ရာ၌ ခက်ခဲမှု မရှိပေ။ သူတော်ချင်းချင်း သင့်မြတ်လှ၏ ဟူသော စကားရှိသကဲ့သို့ လူယုတ်မာချင်းချင်းလည်း လွန်စွာ အလွမ်းသင့်လှပေ၏။

www.burmeseclassic.com



"ကျင်အိ .... ငါ မင်းကို ပြောစရာရှိတယ် .... "

ကျင်အိက ထူးဆန်းစွာကြည့်ပြီး ....

"ဘာလဲ .... ဘာပြောမလို့လဲ .... "

ယိချင်က ....

"မင်း ဂိုဏ်းချုပ်ရဲ့ သိုင်းပညာကို အကုန်တက်ချင်သလား ... ပြီးတော့ မချမ်းသာချင်ဘူးလား .... "

ကျင်အိက ပြုံးလိုက်ပြီး ....

"ဘာလဲ .... မင်းက ဂိုဏ်းချုပ်ကို လုပ်ကြံမလို့လား .... "

ယိချင်က ....

"ဟုတ်တယ် .... "

"လွယ်ပါ့မလား .... "

"လွယ်ပါတယ် .... မင်းနဲ့ ငါ နှစ်ယောက်ပေါင်းရင် မနိုင်စရာအကြောင်း မရှိဘူး .... သူက ဒဏ်ရာပြင်းနေတယ် မဟုတ်လား"

"အေး .... လုပ်ကြံလို့ရပြီ ထားပါတော့ .... သိုင်းကျမ်းနဲ့ ဘဏ္ဍာက ဘယ်မှာလဲ .... "

"သူ့ကို အသေမသတ်ဘူး .... နှိပ်စက်ပြီး မေးရမယ် .... သူလည်း လူပါပဲကွာ .... ဘယ်သူမဆို တကယ်အနှိပ်စက်ခံရရင် ထုတ်ပြောကြတာချည်းပါပဲ .... ဘယ်လူသားရဲ့ ခန္ဓာကိုယ်ကိုမှ သံမဏိနဲ့ တည်ဆောက်ထားတာ မဟုတ်ပါဘူး .... "

"ကောင်းပြီ .... ငါ သဘောတူတယ် .... "

ကျင်အိက လွယ်ကူစွာပင် သဘောတူလိုက်လေ၏။



ကျင်အိနှင့် ယိချင်တို့သည် မိစ္ဆာကျွန်းပေါ်ရှိ လိုဏ်ဂူတစ်ခုဆီသို့ ဟူရှန်ဖုံအား ဖေးမခေါ်ဆောင်သွားသည်။

ဟူရှန်ဖုံသည် ကျင်အိတို့၏ အကြံအစည်ကို မသိပါ။ သူ့ကို ဤသို့ဆက်ဆံရလိမ့်မည်ဟုလည်း မည်သည့်အခါကမျှ မထင်မှတ်ချေ။ လုံခြုံငြိမ်သက်သည့် ကျွန်းပေါ်ရောက်လာခဲ့သဖြင့် လူယုံတော်နှစ်ဦးကိုပင် ကျေးဇူးတင်နေသေးသည်။ ကျင်အိတို့ ခေါ်လာသော လိုဏ်ဂူမှာ ငြိမ်သက်အေးချမ်း၏။

ထို့ကြောင့် သူ၏ဒဏ်ရာကို ကုသရန် အသင့်တော်ဆုံးဟု ထင်၏။

သူတွေးတောစဉ်းစားနေစဉ်မှာပင် ကျင်အိ ရောက်ရှိလာသည်။

ကျင်အိ၏ လက်သည် လျှပ်တစ်ပြက် လှုပ်ရှားသွားလေသည်။

ထိုသိုင်းကွက်မှာ ကျင်အိ၏ အကျော်ကြားဆုံး သိုင်းကွက်ဖြစ်၏။

တစ်ကြိမ်တစ်ခါမျှ လွဲချော်ခြင်းလည်း မရှိခဲ့ပါချေ။

ဟူရှန်ဖုံမှာ မထင်မှတ်သော အချိန်၌ တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် မည်သို့မျှမတတ်နိုင်ဘဲ ဖြစ်သွားရသည်။ ဟူရှန်ဖုံတစ်ယောက် အကြောပိတ်ခံလိုက်ရပြီ။ လူယုံသတ်လျှင် သေတတ်သည်သာ ဖြစ်၏။

ကျင်အိက အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံအား ဖေးမထားရာမှ လွှတ်ချလိုက်၏။

ပြီးမှ အေးစက်စွာ ရယ်မောလေ၏။

"ကဲ .... ဟူရှန်ဖုံ .... ခင်ဗျားရဲ့ သိုင်းကျမ်းကို ကျုပ်တို့ကိုပေးပါ .... ပြီးတော့ ရွှေတွေငွေတွေ ထားတဲ့နေရာလည်း ပြောပြပါ ....

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် ခင်ဗျားအသက်ကို မသတ်ဘူး .... ခင်ဗျားဟာ ကျုပ်တို့အပေါ် ကောင်းခဲ့တာလည်းရှိတော့ ခင်ဗျားကို ကျုပ်တို့ သတ်လည်း မသတ်ချင်ဘူးဗျာ .... ”

ဤသည်မှာ လူယုတ်မာ၏ လိမ်ညာသော စကားသာဖြစ်လေ၏။ အိုးနှုတ်ခမ်းဝ၌ နတ်သုဒ္ဓာ ဖုံးလွှမ်းထားပြီး အိုးအတွင်း၌ အဆိပ်အပြည့်ရှိသော အိုးကဲ့သို့ ဖြစ်ပေသည်။ သူတို့၏ ချိုသာမှုမှာ အပေါ်ယံကလေးသာ ဖြစ်သည်။

ဟူရှန်ဖုံ ဒေါသများ ပွင့်ထွက်မတတ် ဖြစ်လာ၏။ သို့သော် သူ ထိန်းလိုက်နိုင်သည်။

သိုင်းကျမ်းနှင့် ရတနများ ထားမည့်နေရာ ပြောလိုက်လျှင် သူ အသက်ရှင်တော့မည် မဟုတ်ကြောင်းကို သူ သိပြီးဖြစ်လေ၏။

မြွေမြွေချင်း ခြေမြင်သလို လူယုတ်မာအချင်းချင်း အစင်းသိ အတွင်းသိ ဖြစ်ကြသည်။

ထို့ကြောင့် သူက ဘာမှ မပြောပါ။ တိတ်ဆိတ်စွာပင် နေလိုက်သည်။

ထိုအခါ ချင်ယိမှာ စိတ်မရှည်နိုင်ဘဲ ဖြစ်လာ၏။

“ဟူရှန်ဖုံ .... ခင်ဗျားမပြောရင် ကျုပ်တို့ကို အဆိုးမဆိုနဲ့နော်”

ဟူရှန်ဖုံက ပြုံးလိုက်၏။

သူ မပြောသေးသမျှ ကာလပတ်လုံး သူ့ကို သတ်မည်မဟုတ်ကြောင်း သူတို့ထက် အတွေ့အကြုံများသော ဟူရှန်ဖုံက သိ၏။

ထို့ကြောင့် သူက ဘာမှမပြောဘဲ နေလိုက်ခြင်း ဖြစ်သည်။ ခပ်ပြုံးပြုံးပင် နေသည်။



ယိချင်သည် သူ့ဒေါသကို မထိန်းနိုင်တော့သဖြင့် ဟူရှန်ဖုံအား ခြေထောက်နှင့် လိမ့်ကန်သည်။ ကိုကျားချုပ်ကြီးတစ်ယောက်လုံး ခြေထောက်နှင့် ပယ်ပယ်နယ်နယ်ကန်ခြင်းမှာ အစော်ကားဆုံးလုပ်ရပ်ဖြစ်တော့၏။

“ဖုန်း .... ”

ဟူရှန်ဖုံမှာ လိမ့်ဆင်းသွား၏။ သွေးကြောပိတ်ခံထားရသဖြင့် လုံးဝမလှုပ်နိုင်။ ယိချင် နှိပ်စက်သမျှ ခံရတော့သည်။ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာ၏။ သို့သော် သူ အပြုံးမပျက်ပါ။

နေသေးသပ ချုံထဲက ချိုသွေးလို့ တမြမြဟူသော စကားကဲ့သို့ပင် စိတ်ထဲမှ တေးမှတ်လိုက်၏။ ဤလုပ်ရပ်များအတွက် သူသည် အရင်းရော အတိုးပါ အကြွေးဆပ်ရမည်ဟု နှလုံးသားထက်၌ ခိုင်မြဲစွာ မှတ်သားထားလိုက်လေတော့၏။

သူတို့သည် ဟူရှန်ဖုံကို နည်းမျိုးစုံနှင့် အနှိပ်စက်ခံနေရသည်မှာ ခုနစ်နေ့ ခုနစ်ညရှိလေပြီ။ နည်းမျိုးစုံနှင့် လူမဆန်စွာ နှိပ်စက်ခံရသဖြင့် ယခင်က လူရုပ်မပေါ်သလို ဖြစ်နေခဲ့ရသော ဟူရှန်ဖုံမှာ ကြောက်မက်ဖွယ်ရာ သတ္တဝါဆန်းကဲ့သို့ ဖြစ်နေလေတော့၏။

သူ၏ ဒဏ်ရာများမှာ အလွန်ပြင်းထန်သော်လည်း ယခုအထိ မသေသေးချေ။

သူကား အလွန်အသက်ပြင်းသူဖြစ်၏။ အလွန်ခံနိုင်ရည်ရှိသူ ဖြစ်၏။

သူ၏ ဇွဲမာန်ကို အကောင်းဘက်၌သာ အသုံးချလိုက်လျှင် သူကဲ့သို့လူ ဇမ္ဗူမှာ ရှိနိုင်တော့မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကြာသော် ကျင်အီနှင့် ယိချင်တို့ စိတ်ပူလာလေ၏။

သူတို့က နည်းမျိုးစုံနှင့် နှိပ်စက်သော်လည်း ဟူရှန်ဖုံထံမှ စကား ပြန်မရနိုင်ပါ။

ထပ်မံ၍ နှိပ်စက်ပါက ဟူရှန်ဖုံ သေသွားမည်ကိုလည်း စိုးရိမ်ရ သေးသည်။

ထို့ကြောင့် လက်မှိုင်ချနေကြရတော့သည်။ ဟူရှန်ဖုံကား မှိန်းပြီး ပြီးနေလေ၏။

ရှစ်ရက်မြောက်နေ့၌ သူတို့ပါလာသော ရိက္ခာများမှာ အနည်း အကျဉ်းသာ ကျန်တော့သည်။

ထို့ကြောင့် ယိချင်က အပြင်ထွက်ကာ ရိက္ခာရှာဖွေ၏။

ကျင်အီတစ်ယောက်တည်း ဟူရှန်ဖုံအား စောင့်ကျန်ရစ်ခဲ့သည်။

ထိုစဉ် တိုးညင်းသော အသံတစ်သံ ထွက်ပေါ်လာသည်။

"ကျင်အီ ...."

အသံမှာ တိုးလွန်းလှသဖြင့် ကျင်အီ လန့်သွားသည်။ နောက် မှ ဟူရှန်ဖုံအသံဖြစ်ကြောင်း သိလိုက်၏။

ကျင်အီက ပီပီသသကြားရစေရန် ဟူရှန်ဖုံအနီးသို့ တိုးကပ်လာ ၏။

ဟူရှန်ဖုံက ....

"ကျင်အီ .... မင်းတို့ ငါ့ကို ဘာဖြစ်လို့ နှိပ်စက်နေကြတာလဲ"

"ရော် .... ခင်ဗျားကို ပြောထားပြီးပြီပဲဗျာ .... သိုင်းကျမ်းနဲ့ ရတနာတွေ လိုချင်လို့ဆိုတာ ရှင်းပြပြီးပြီပဲဗျာ .... "

"မင်းတို့က တစ်ထီးတစ်နန်း လုပ်ဦးမယ်ပေါ့ ဟုတ်လား"



"ခင်ဗျားက မလိုတာမှာ မပြောပါနဲ့ .... ခင်ဗျား လက်အောက် မဝင်တုန်းက ကျုပ်တို့နှစ်ယောက်ဟာ ကိုယ့်နာမည်နဲ့ကိုယ် ကျော် ကြားခဲ့ကြတဲ့ လူတွေဗျ .... "

"အေး .... လိုချင်တာရှိရင် ငါ့ကို တောင်းတောင်းပန်ပန်ပြော ပေါ့ကွာ .... ချော့ချော့မော့မော့ပြောတာကို ဘယ်သူမဆို နားဝင်ချို ပါတယ်ကွ .... "

ကျင်အီက ပြုံးကာ ....

"ခင်ဗျားဟာ ချော့လို့ရတဲ့ လူစားမှ မဟုတ်တာ .... "

ဟူရှန်ဖုံက ....

"မင်းတို့ အတွေးမှားသွားပြီ .... ငါ့ကို မာမာတောင်းတော့ ကော မင်းတို့ အခုရကြသလား .... ငါဟာ သေတော့မယ့်လူပါ .... မင်းတို့က ငါ့ကိုပြုစုရင် ငါသေတာနဲ့ ဒီသိုင်းကျမ်းနဲ့ ရတနာတွေကို မင်းတို့ပဲ ရမှာပဲ .... အခု မင်းတို့က လောဘကြီးတာကိုး .... ဒါပေမယ့် မင်းက ငါ့ကို အသေဖြောင့်အောင် လုပ်ပေးရင်တော့ ငါက မင်းကို သိုင်းကျမ်းပေးမယ်လို့ စိတ်ဆုံးဖြတ်လိုက်ပါပြီ .... ဒါကလည်း မီးကျွန်း က ငါ့ကို ကယ်တင်လာတဲ့ ကျေးဇူးကိုထောက်ပြီး ဆုံးဖြတ်တာပဲ"

ကျင်အီ၏ မျက်လုံးများ အရောင်တောက်ပသွား၏။

လောဘသည် အသိဉာဏ်ကို တိမ်သလွှာကဲ့သို့ ဖုံးအုပ်စေသည် မဟုတ်ပါလော။

ထို့ကြောင့် ကျင်အီက ချက်ချင်းပင်မေးမြန်းသည်။

"ကျုပ်က ဘယ်လိုအသေဖြောင့်အောင် လုပ်ပေးရမှာလဲ .... ခင်ဗျားကို လွှတ်ပေးလို့တော့ မဖြစ်ဘူး .... ကျုပ် ဒီလောက်မနုံဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံက ....

"မင်းကို လွှတ်ပေးဖို့ တောင်းဆိုလို့မရမှန်း ငါ နားလည်ပါတယ်၊ လူဟာ တစ်ခါပဲသေရမှာ .... သေတဲ့အခါ ညင်သာဖို့ပဲ အရေးကြီးတယ် .... ဒီတော့ မင်း ငါ့ရဲ့ပခုံးက အပ်ချောင်းကို နုတ်ပေးပါ .... ငါ မကြာခင်မှာပဲ သေရမှာပါ .... ဒီအပ်ဟာ ယိချင်ထိုးစိုက်သွားတဲ့အပ်ပါ .... ဒါနုတ်ပေးပြီး မကြာခင် ငါ သေမှာပါ .... ငါ အေးအေးချမ်းချမ်းပဲ သေချင်တယ် .... "

ကျင်အီ တွေဝေသွား၏။

ဟူရှန်ဖုံမှာ သိုင်းပညာရပ်တွင် အလွန်တော်၏။

သူက အဆင့်မြင့်သိုင်းသမား ဖြစ်သော်လည်း ဟူရှန်ဖုံကို မယှဉ်နိုင်ပါ။

သို့သော် ဟူရှန်ဖုံတစ်ယောက် ဒဏ်ရာပြင်းထန်စွာ ရရှိနေသဖြင့် တကယ်တမ်းတိုက်လျှင် သူနိုင်ခြေရှိသည်ကိုတော့ တွက်သည်။

ထို့ကြောင့် သူက ....

"ခင်ဗျား ပခုံးက အပ်ကိုနုတ်ရင် ခင်ဗျားရဲ့လက်က လှုပ်ရှားလို့ရလာမှာပေါ့ .... ဒီတော့ ကျုပ်ကိုတိုက်ခိုက်ရင် ဘယ်လိုလုပ်မလဲ"

ဟူရှန်ဖုံက ....

"ဒါဆိုလည်း မင်းကြိုက်တဲ့နေရာကသာ နှစ်ချောင်းလောက် နုတ်ပေးပါ .... တခြားနေရာတွေမှာလည်း ဟိုကောင် အပ်တွေစိုက်ခဲ့တာပါပဲ .... "

ကျင်အီက စဉ်းစားသည်။

ဟူရှန်ဖုံမှာ ဒဏ်ရာပြင်းထန်စွာ ရနေ၏။



ခြေထောက်ကို ကြိုးနှင့်ဆွဲကာ စောက်ထိုးဆွဲထားသည်။

ထို့ကြောင့် ကျောဘက်က အပ်နှစ်ချောင်း နုတ်ပေးလျှင် သူ၏လက်မှာ လှုပ်ရှားနိုင်မည် မဟုတ်ဟု ကျင်အီ တွက်ချက်သည်။

လက်ချည်းသက်သက်ကိုတော့ သူ ကာကွယ်နိုင်မည်ဟု ယူဆသည်။

ထို့ကြောင့် သူက သေချာအောင် ထပ်မံမေး၏။

"ကျုပ်က အပ်နှစ်ချောင်း နုတ်ပေးတာနဲ့ ခင်ဗျားက သိုင်းကျမ်းနဲ့ ရတနာတွေထားတဲ့နေရာ ပြောမှာလား .... "

ဟူရှန်ဖုံက ....

"စိတ်ချ .... ကျုပ် ပြောပါ့မယ် .... ဒါပေမယ့် ယိချင်တော့ မသိစေနဲ့ .... ဒီကောင်ဟာ ငါ့ကို အတော်ကလေး အခံရခက်အောင် လုပ်ခဲ့တယ် .... "

သူကလည်း ယိချင်ကို အသိပေးမည် မဟုတ်ပါ။

ကျင်အီက ....

"ဒါက ကျုပ်ကိစ္စပါ .... ခင်ဗျားသာ နေရာအမှားကို ပြောခဲ့ရင် ခင်ဗျားကို ကျုပ်သတ်မှာပဲ .... "

"မင်းသတ်စရာ မလိုပါဘူးကွာ .... ငါ့ဘာသာ ငါသေမှာပဲ .... ကျိန်းသေ သေမှာပါပဲ .... "

ကျင်အီက စကားဆက်မပြောတော့ပါ။

သူက နေရာသိရလျှင် သိရချင်း ဟူရှန်ဖုံကို အရင်ရှင်းပစ်မည်ဟု တွေးလိုက်၏။

ထို့နောက် သူက ဟူရှန်ဖုံထံသို့ ကပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် သူ မှားသွားပြီ ဖြစ်ကြောင်း ချက်ချင်းသိလိုက်လေတော့သည်။

သို့သော် သူ နောက်ကျသွားလေပြီ။ နောင်တဟူသည် နောင် မှရစမြဲပင်။

သူ၏လည်မျိုး၌ အပ်တစ်ချောင်းက စူးဝင်သွားလေ၏။

ကျင်အိတစ်ယောက် ဝုန်းခနဲ လဲကျသွားလေတော့သည်။

သူ၏ပါးစပ်ထဲ၌ အပ်ကလေးတစ်ချောင်းမှာ အမြဲအသင့်ရှိ၏။

သူက ထိုအပ်ကလေး မှုတ်ထုတ်ကာ ကျင်အိအား လုပ်ကြံ လိုက်ခြင်း ဖြစ်ပါသည်။

ဟူရှန်ဖုံက ကျင်အိလဲကျသွားသည်နှင့် ချက်ချင်း လှုပ်ရှားသည်။

ပခုံး၌ စိုက်ထားသော အပ်ကို ပါးစပ်နှင့် ကိုက်ကာ ဆွဲနှုတ်ရန် ကြိုးစားသည်။

အလွန်တရာခက်ခဲသော လုပ်ငန်းပင် ဖြစ်ပါလေ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ နောက်ဆုံး၌ ....

ဟူရှန်ဖုံ၏ ကြိုးစားမှု အောင်မြင်သွားသည်။

ပခုံး၏တစ်ဘက်၌ စိုက်ထားသော အပ်ကလေးကို သူပါးစပ် နှင့် ကိုက်ကာ ထုတ်လိုက်နိုင်ပြီ ဖြစ်ပါသည်။

ထို့ကြောင့် သူ၏ လက်တစ်ဘက်က လှုပ်ရှား၍ ရလာလေ သည်။ ထိုအပ်များသည် သူ့အကြောများကို ပိတ်ထားသည့်အပ်များ ဖြစ်သည်။

သူက ကောင်းလာသောလက်နှင့် ကျန်အပ်များကို ဆွဲနှုတ် လိုက်၏။



ထို့နောက် မာန်တင်းကာ ခြေထောက်မှ ကြိုးဆီသို့ ပြန်ကွေး ၍ တက်သည်။

ကြိုးကို အတွင်းအားထုတ် ဆွဲဖြတ်ပြီးသောအခါ ဟူရှန်ဖုံမှာ သေလုနီးပါး မောဟိုက်နေလေတော့သည်။ ၎င်းသည် လှေသေကောင် ပမာ ဆန့်ဆန့်ကြီး အိပ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယိချင်သည် ရိက္ခာများ ရှာဖွေပြီး ပြန်ရောက်လာ၏။

ဂူထဲသို့ သူ ဝင်လိုက်သောအခါ မည်သူ့ကိုမှ မတွေ့ရချေ။

ထို့ကြောင့် ရင်ထိတ်သွား၏။ သူသည် သတိကြီးစွာ ထားပြီး ဂူထဲ၌ လှည့်ပတ်ရှာဖွေသည်။ ဟော .... တွေ့ပါပြီ။ တွေ့ပါလေပြီ။

သေသေချာချာကြည့်လိုက်ရာ ကျောက်တုံးတစ်တုံး၏ဘေး၌ ကျင်အိမှာ လဲကျနေသည်ကို တွေ့လိုက်ရသည်။ သူ ခေါင်းနပန်းကြီး သွား၏။

ယိချင် ရင်ထဲ၌ လေးလံလာ၏။

ကျင်အိ သေဆုံးနေခြင်းဖြစ်ကြောင်း သူ သိသည်။ ဤသို့ဆိုလျှင် ဟူရှန်ဖုံ လွတ်သွားပြီပေါ့။ ဟူရှန်ဖုံ လွတ်သွားလျှင် သူ့အတွက် မချောင်ပါ။ ကျင်အိကိုတောင် သတ်နိုင်သေးလျှင် သူ့လိုလူမျိုးကို ဟူရှန်ဖုံက ပန်းပွင့်နုစ်ပွင့် ပစ်ပေါက်သတ်ဖြတ်နိုင်ပေလိမ့်မည်။

ထိုစဉ် သူ၏အနောက်ဘက်မှ အေးစက်သော ရယ်မောသံ ထွက်ပေါ်လာလေ၏။

"ဟား .... ဟား .... ဟား .... ဟား ...."



ယိချင် ထိတ်လန့်သွား၏။ လှည့်ကြည့်လိုက်ရာ ဟူရှန်ဖုံသည် သူ၏နောက်၌ ရောက်နေကြောင်း တွေ့လိုက်ရတော့သည်။

ယိချင်သည်လည်း အတွေ့အကြုံရှိသူ တစ်ယောက်ပေပဲ။ ဤအချိန်၌ လျှပ်တစ်ပြက် မတိုက်ခိုက်လျှင် သိုးငယ်တစ်ကောင်ကဲ့သို့ လည်စင်းခံရတော့မည်ဖြစ်ကြောင်း သူ သိသည်။ ထို့ကြောင့် လက်ဦးမှုရယူကာ စတင်တိုက်ခိုက်လိုက်တော့သည်။

သို့သော် ဟူရှန်ဖုံက သူ့ထက် လျင်မြန်လှသည်။

ယိချင် မတိုက်ခိုက်မီမှာပင် ယိချင်၏ ရင်ဝသို့ လက်ဝါးနှင့် ရိုက်ချလိုက်လေတော့သည်။

"ဝုန်း ...."

ယိချင်မှာ နောက်သို့ လွင့်စဉ်ကာ ဂုန်းရုံနှင့် ဆောင့်မိပြီး လဲကျသွား၏။

ယိချင်မှာ ပြန်လည်ထနိုင်စွမ်း မရှိတော့ပါ။ တစ်ချက်တည်းနှင့် သေသွားသည်။ ဟူရှန်ဖုံ၏ ပထမအစီအစဉ်မှာ ဤသို့သတ်ရန် မဟုတ်ပေ။ ဖမ်းဆီးပြီး အသားကို တစ်နေ့တစ်လက်မခန့် လှီးဖြတ်ကာ ကျီးစာ၊ ငှက်စာကျွေးရန် ဖြစ်သည်။ သို့သော် တကယ်တွေ့သောအခါ ဟူရှန်ဖုံ ဒေါသကို မထိန်းနိုင်တော့ပေ။ ထို့ကြောင့် ရိုက်သတ်မိသွားခြင်း ဖြစ်ပေသည်။

"ဟား .... ဟား .... ဟား ...."

ဟူရှန်ဖုံသည် အားရပါးရ ရယ်မောလိုက်၏။

ထို့နောက် ချက်ချင်းပင် ပျောခွေကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ဆောင်နေသည့် အတွက်သာ ယခုလို တိုက်ခိုက်နိုင်ခြင်း ဖြစ်ပါသည်။

သူရရှိထားသော ဒဏ်ရာများမှာ လနှင့်ချီ၍ ကုသရမည့် ဒဏ်ရာများ မဟုတ်ပါလား။

ဟူရှန်ဖုံသည် သူ့ဒဏ်ရာများကို ဆေးဝါးဖြင့်လည်းကောင်း၊ အတွင်းအားဖြင့်လည်းကောင်း ကုသ၏။ ဆေးဝါးမှာ မိစ္ဆာကျွန်းပေါ်မှ သစ်မြစ်သစ်ဥများသာ ဖြစ်၏။ နွယ်မြတ်သစ်ပင် ဆေးဖက်ဝင်သည်ဟု ဆိုရိုးစကားရှိသည် မဟုတ်ပါလော။

တစ်လခန့်ကြာပြီး ဒဏ်ရာအသင့်အတင့် သက်သာလာသည့်အခါ သူသည် ဂူထဲသို့ လျှောက်ကြည့်၏။ ထိုအခါ ဂူအတွင်းပိုင်း၌ နဂါးနက်ဂိုဏ်းသားများ၏ လက်ရာခြေရာများကို တွေ့လိုက်ရတော့၏။

ဟူရှန်ဖုံ ရင်ထိတ်သွား၏။ အဘယ့်ကြောင့်ဆိုသော် နဂါးနက်ဂိုဏ်းသည် အရိုးဖြူဂိုဏ်းထက် စောသော်လည်း အရိုးဖြူဂိုဏ်း၏ ကျော်ကြားမှုသည် နဂါးနက်ဂိုဏ်းကို မီလာပြီး ခေတ်ပြိုင်ကဲ့သို့ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ဤကျွန်းကို ချင်ကျားမင်းကျွန်းဟု အချို့ကခေါ်ပြီး အချို့က မိစ္ဆာကျွန်းဟုသာ ခေါ်ဝေါ်ကြတော့သည်။

ဤကျွန်းပေါ်၌ နဂါးနက်ကျွန်းသားများ ရှိမနေခြင်းမှာ သူတို့သည် မွန်ဂိုတော်လှန်ရေးနှင့် ပတ်သက်ပြီး တရုတ်ပြည်မ၌ သွားရောက်စုစည်းနေကြသောကြောင့်သာ ဖြစ်၏။



သူက လေ့လာကြည့်ရာ ဤအခန်းထဲ၌ နဂါးနက်ဂိုဏ်းသား ငါးထောင်ခန့်ရှိသောကြောင့် တိုက်ခိုက်ရန် စိတ်ကူးကို ဖယ်ရှားလိုက်သည်။ လူငါးထောင်ကို သူတစ်ယောက်တည်းက မည်သို့ တိုက်ခိုက်နိုင်ပါမည်နည်း။

ထို့နောက် သူက အထူးစီမံထားသော အဆိပ်ဖြင့် လုပ်ကြံလိုက်သည်။

နောက်ဆုံး နဂါးနက်ဂိုဏ်းမှာ အဆိပ်တုံ့မထင်ဘဲ ရောဂါဆိုးတစ်ခုဟုထင်ကာ ပြိုကွဲပျက်စီးပြီး ဤကျွန်းမှ ဆုတ်ခွာသွားကြလေတော့သည်။

အန္တရာယ်ပေးစရာ လူသူမရှိသောအခါမှ ဟူရှန်ဖုံက သူ၏ သိုင်းကျမ်းနှင့် ရတနာများကို သွားယူလာခဲ့သည်။

ထို့နောက် မိစ္ဆာကျွန်း၌ အခြေချနေခဲ့ပြီး သိုင်းပညာများကို ဆက်လက် လေ့ကျင့်နေခဲ့လေတော့သည်။

တစ်နေ့သောအခါ မိစ္ဆာကျွန်းဆီသို့ လှေကလေးတစ်စင်း မုန်တိုင်းမိပြီး ရောက်ရှိလာသည်။ လှေပေါ်ရှိ လူအားလုံးလိုလိုပင် မုန်တိုင်းဒဏ်ကြောင့် သတိမေ့မြော၍နေကြ၏။

လှေပေါ်၌ လူနှစ်ဆယ်ခန့်ပါသည်။ လှေသူကြီးမှလွဲ၍ အားလုံးမှာ လူငယ်များဖြစ်ကြသည်။

ထိုလူငယ်များထဲ၌ မိန်းကလေးသုံးယောက်ခန့်လည်းပါသည်။

ထိုလူအားလုံး ပြည်မသို့ သွားကြခြင်း ဖြစ်သည်။ မုန်တိုင်းမိ၍သာ ဤကျွန်းသို့ ရောက်လာခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူရန်ဖုံသည် ထိုလူနှစ်ဆယ်ခန့်အား တွေ့သောအခါ အကြံတစ်ခု ရလာသည်။ သူ၏ အရိုးဖြူဂိုဏ်းအား ပြန်လည်တည်ထောင်မည်။ သိုင်းလောကကို လက်စားချေမည်။ သူသည် အကြိတ်ပြီး အနာဂတ်ကို မျှော်လင့်လာမိပြန်လေ၏။

ထို့ကြောင့် ထိုလူအားလုံးကို သူက ဖမ်းဆီးပြီး လှေသူကြီးကိုမှ သုတ်သင်လိုက်၏။

ဟူရန်ဖုံမှာ လူငယ်များအား ဂိုဏ်းသားအဖြစ် သွတ်သွင်းမည်ဖြစ်သော်လည်း နဂိုစိတ်နေအတိုင်း လွှတ်ထားရန်တော့ မရည်ရွယ်ပေ။ ထို့ကြောင့် သူက အတိတ်မေ့ဆေးကို ကျွေးထားလိုက်သည်။

သို့သော် ထိုလူများထဲမှ ပါလာသော မိန်းမလှလေးတစ်ယောက်ကိုမူ သူက မတိုက်ကျွေးခဲ့ပါ။ ဇနီးအဖြစ် သိမ်းပိုက်လိုက်တော့သည်။

ဟူရန်ဖုံ၏ ဇနီးအမည်မှာ ဝါယိချန်ဖြစ်သည်။

ဝါယိချန်မှာ ဟူရန်ဖုံအား မနှစ်မြို့ပါ။

မည်သည့်မိန်းကလေးမဆို ဤမျှအကျည်းတန်သော လူကို နှစ်မြို့နိုင်မည် မဟုတ်ပါ။

သို့သော် မတတ်သာသည့်အတွက် လိုက်လျောခဲ့ရ၏။

ဝါယိချန်မှာ မိစ္ဆာကျွန်းပေါ်သို့ရောက်ပြီး နှစ်နှစ်မျှအကြာတွင် သမီးတစ်ယောက် မွေးဖွားခဲ့သည်။

ထိုသမီးလေးအား ဝါပိရှာဟု မှည့်ခေါ်ခဲ့သည်။

ဟူရန်ဖုံသည် ဝါပိရှာနှင့် ဝါယိချန်တို့အား သူ၏ သိုင်းပညာများ



ကို သင်ကြားပေး၏။ ထိုက်သင့်သလောက် ပေါက်မြောက်စေ၏။

အရွယ်ရောက်လာသောအခါ သူက အရိုးဖြူဂိုဏ်းအား ဦးစီးခိုင်းခဲ့သည်။ သူ့လက်ထောက်များအဖြစ် တာဝန်ပေးစေခိုင်းခဲ့သည်။

နှစ်သုံးဆယ့်နီးပါးမျှ ကြာသောအခါ အရိုးဖြူဂိုဏ်းသည် ပြန်လည် အင်အားစုမိလာတော့သည်။

ပတ်ဝန်းကျင်ရွာများသို့သွားကာ လူများကို ဖမ်းဆီးခဲ့သည်။

ထို့နောက် အတိတ်မေ့အဆိပ် တိုက်ကျွေးကာ မိစ္ဆာကောင်များသဏ္ဌာန် ဖန်ဆင်းပြုလုပ်ခဲ့၏။

တကယ့်မိစ္ဆာကောင်ကား မဟုတ်။ အယောင်ဆောင် မိစ္ဆာကောင်များသာ ဖြစ်၏။

ထို့နောက် တစ်စထက်တစ်စ အတင့်ရဲသည်ထက် ရဲလာလေတော့သည်။

ဝါပိရှာမှာ အရွယ်ရောက်လာသောအခါ ဂိုဏ်းထဲမှ လူငယ်တစ်ယောက်နှင့် ချစ်ကြိုက်မိသည်။

ထိုကိစ္စကို ဟူရန်ဖုံ သိသောအခါ ဒေါသထွက်ပြီး ထိုလူငယ်ကို ရက်စက်စွာ သုတ်သင်လိုက်၏။ ထို့နောက် ဝါပိရှာအား အပြစ်ဒဏ်ပေးခဲ့သည်။

သူမ၏ မျက်နှာအား ဖျက်စီးအောင်ပြုကာ လက်တစ်ဘက်ကို ဖြတ်ပစ်ခဲ့၏။

အလွန်တရာ လှပဆန်သော ဖခင်ပေတည်း။ သူ့၌ ဖခင်မေတ္တာဟူ၍ လုံးဝမရှိပေ။

www.burmeseclassic.com



သူမ၏ အမေ ဝါယီချန်က ဝင်ရောက်တောင်းပန်သောကြောင့်သာ မျက်နှာတစ်ခြမ်းတည်း ပျက်စီးခဲ့ရခြင်း ဖြစ်လေသည်။ ကံကောင်း၍သာ အသက်မသေခဲ့ရခြင်း ဖြစ်တော့သည်။



ဝါပီရှာ၏ လေသံမှာ ပြောရင်း ခက်ထန်လာ၏။

ကျုံဖေမှာ နားထောင်ရင်း လွန်စွာစိတ်မသက်မသာ ဖြစ်မိသည်။

"အင်း .... မိန်းကလေး .... မင်းရဲ့ ဘဝဟာ တကယ်ပဲ ဆိုးပါကလား .... ဒီတော့ မင်းအနေနဲ့ အမှောင်ထဲက ထွက်ဖို့သင့်ပါပြီ"

ဝါပီရှာက ....

"ကျွန်မကို အမှောင်ထဲကထွက်ဖို့သာ ရှင်တို့ပြောပေမယ့် ရှင်တို့ကော အန္တရာယ်ထဲက လွတ်မှာမို့လား .... "

ဟန်ဂိုက ....

"မိန်းကလေးက ကျုပ်တို့ကို အထင်သေးတာကိုး .... ကျုပ်တို့ မိစ္ဆာကျွန်းပေါ်ရောက်တာ နှစ်ရက်ရှိပြီ .... မင်းတို့ရဲ့ ဝက်ပါတွေကကော ငါတို့ကို ဟန့်တားနိုင်လို့လား .... သတ်နိုင်လို့လား .... အခုတောင် သူတို့အက်တော်သားတွေ အတော်သေကုန်ပြီပဲ"

ဝါပီရှာက ....

"စောပါသေးတယ် .... ဟူရှန်ဖုံကိုယ်တိုင် ထွက်လာရင် ရှင်တို့

www.burmeseclassic.com



အကုန်သေမှာ သေချာပါတယ် .... ဟူရှန်ဖုံမှ မထွက်သေးဘဲကိုး .... သူက ရှင်တို့ အတင့်ရဲလာအောင် စောင့်ကြည့်နေတာရှင် .... ”

ကင်စီးဖွမ်က ....

“အင်း .... ဟူရှန်ဖုံဟာ သိုင်းအဆင့်မြင့်တာတော့ မှန်တယ်၊ ဟူတန်းဂိုဏ်းချုပ်တောင် မနိုင်ခဲ့ဘူး .... ဒီလောက် နှစ်အကြာမှာ သူ့ရဲ့ သိုင်းပညာဟာလည်း ပိုပြီး တိုးတက်လာမှာ သေချာတယ်”

တာမိုက ထောက်ခံ၏။

“ဟုတ်တယ် .... ဒါဟာ သေချာတယ် .... ”

ကင်စီးဖွမ်က ဝါပီရှာအား မေးလိုက်၏။

“မင်းက သူ့ရဲ့သမီးဆိုတော့ သူက ဘာသိုင်းပညာတွေ လေ့ကျင့်နေတာလဲ ...။ အခု ငါတို့ရောက်နေတာကို ဘာလို့ ထွက်မလာသေးတာလဲ .... ”

ဝါပီရှာက ....

“သူက အအေးလက်ဝါးသိုင်းကို လေ့ကျင့်နေတယ် .... ဒီပညာပြီးဖို့က ဆယ့်နှစ်နာရီလောက်ပဲ လိုတော့တယ် .... သူ ထွက်မလာသေးတဲ့အကြောင်းမှာ အဲဒါလည်း တစ်ကြောင်းပါတယ် .... ”

လူထူးလူဆန်းသုံးယောက် ထိုစကားကြားသောခါ သက်ပြင်းကိုယ်စီ ချမိလေသည်။ အအေးလက်ဝါးသိုင်းကို သူတို့က ကြားဖူးခဲ့ပါ၏။

သို့သော် မကြုံဘူးသေးပါ။

အအေးလက်ဝါးမှာ သိုင်းလောက၏ အထွတ်အထိပ် သိုင်းပညာရပ်တစ်ခုဖြစ်ကြောင်းကိုတော့ သူတို့ ကြားဖူးခဲ့ပါသည်။



ထိုပညာကို တတ်မြောက်လျှင် ထိုလူ၏ အတွင်းအားမှာ အေးစိမ့်နေ၏။

လက်ဝါးကို ထိမှန်ခဲ့လျှင် ဒဏ်ရာရသူမှာ အအေးဒဏ်ကြောင့် အသက်ရှင်ရန် မလွယ်ကူပါချေ။ အအေးဓာတ်က တစ်ကိုယ်လုံး ဖုံးလွှမ်းခံရပြီး နောက်ဆုံး နှလုံးခုန်ရပ်ရတော့မည်သာ။

အကယ်၍ ဟူရှန်ဖုံသာ ထိုအအေးလက်ဝါးသိုင်းကို တတ်မြောက်သွားလျှင် မိမိတို့၏ အခြေအနေမှာ တွေးဖွယ်ရာမရှိတော့ဟု တွက်မိကြ၏။

ကျုံဖေသည် ဟန်ချုံဖုပြောခဲ့သည့် စကားများထဲမှ အချက်တစ်ခုကို သတိရလာ၏။

ထို့ကြောင့် သူက ဝါပီရှာအား မေးလိုက်၏။

“ဟူရှန်ဖုံ ရေခဲလောက်အေးတဲ့ ရေထဲမှာ ထိုင်တယ်ဆိုတာ အအေးလက်ဝါးသိုင်းကို ကျင့်နေတာလား .... ”

ဝါပီရှာက ခေါင်းညိတ်သည်။

“ဟုတ်တယ် .... သူက အေးစိမ့်တဲ့ အတွင်းအားပညာရအောင် လုပ်နေတာ .... ရှင်တို့ အချိန်မရှိတော့ဘူး .... သူ ထွက်လာရင် ရှင်တို့ လွယ်မှာ မဟုတ်ဘူး .... ”

ဟန်ဂိုက ဝါပီရှာအား သွေးကြောပြန်ပိတ်လိုက်၏။

တာမိုက အံ့အားသင့်သွားပြီး မေးလိုက်၏။

“မင်း ဘာလုပ်တာလဲ .... မေးစရာတွေ ကျန်သေးတယ်ကွ”

ဟန်ဂိုက ....

www.burmeseclassic.com



"မင်းတို့ မေးစရာတွေရှိလည်း မမေးနဲ့တော့ .... ဟူရှန်ဖုံ ထွက်လာဖို့ ဆယ့်နှစ်နာရီပဲ လိုတော့တယ် .... ငါတို့က ဒီဆယ့်နှစ်နာရီကို ဒီလို ဘာမဟုတ်တဲ့ မေးခွန်းတွေမေးပြီး အချိန်ကုန်ခံကြတော့မလား၊ မင်းတို့အားလုံး သေချင်သေးမှာတော့ မဟုတ်ပါဘူး .... "

တစဉ်(၃)ပြီး၏။

တစဉ်(၄)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC

www.burmeseclassic.com